www.burmeseclassic.com

သစ္စာမွန်စာပေ

# ရွှေဘဝင်

## ကြည်ပြာရောင်မျက်ရည်တို့၏ ကာရဏာ



www.burmeseclassic.com

www.burmeseclassic.com

# အပွင့်

"ငါကျောင်းဆက်ပြီးမတက်ချင်တော့ဘူးဟာ"

ခရမ်းပြာထံမှ ကြားလိုက်ရသောစကားသံလေးမှာ ကြေကွဲသံကလေးရောယှက်နေလေသည်။

"ဘာလဲ ခရမ်းပြာ... နင့်ပထွေးက ဆက်ပြီးမထားနိုင်တော့ဘူးလို့ နင့်ကိုပြောလိုက်လို့လား"

ကရဏာ...ကျောင်းလွယ်အိတ်ကို ဝခုံးထက်သို့တင်လိုက်ပြီး မေးလိုက်သည်။ ကရဏာဘေးမှာ ထိုင်နေသော အိမ်သစ်ကတော့ စိတ်မကောင်းသော မျက်နှာလေးနှင့်သာ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ နှုတ်ကတော့ ကျောင်းမနေနဲ့တော့လို့တော့ တိုက်ရိုက်မပြောသေးပါဘူး… သူ့စကားတွေမှာ အဓိပ္ပာယ်ပါနေတာ မိသားစုတာဝန်ကို သူတစ်ယောက်ထဲ လုပ်တာနဲ့ မနိုင်တော့ဘူးတဲ့၊ ထမင်းစားဖို့တစ်ဖက်၊ ကျောင်းစရိတ်တစ်ဖက်ဆိုရင်တော့ သူမတတ်နိုင်တဲ့သဘောမျိုး ပြောနေတယ်"

"ကျောင်းစရိတ်ဆိုတာ နင်တစ်ယောက်တည်းမှ မဟုတ်တာ၊ သူနဲ့ပါလာတဲ့ ကောင်တွေလည်း ကျောင်းတက်နေတာပဲ၊ (၁၀) တန်းကို (၁၀) နှစ်လောက်ဖြေအောင်တောင် အောင်မယ့်ကောင်မဟုတ်တာကျတော့ ကျူရှင်တွေ၊ ဝိုင်းတွေနဲ့ထားပြီး နင့်ကိုကျတော့ ကျောင်းမနေစေချင်တာ အဓိပ္ပာယ်မရှိလိုက်တာ"

အိမ်သစ်ဆီမှ ပေါက်ကွဲသံလေး ထွက်ပေါ်လာသည်။ ခရမ်းပြာမိခင်ကြီး ပန်းနာရင်ကျပ်ရောဂါကြောင့် ကျောက်ပွဲစားအလုပ်ကို မလုပ်နိုင်သည်မှာ (၆) လပင် မပြည့်သေးခင် ပထွေးဖြစ်သူ ဦးဘမောင်ဆီမှ ညည်းညူသံကို စတင်ပြီးကြားနေရပြီဖြစ်သည်။ လင်ပါသားခန့်မောင် ကျတော့ ခရမ်းပြာထက် အစစအရာရာ မပူမပင် နေထိုင်ခဲ





ခဲ့သည်။

ခန့်မောင်ဆိုသည့်ကောင်က အရက်ကလေး တမြမြ ဖဲလေးကလည်းရိုက်နဲ့ လူမိုက်လိုလို နေထိုင်သူ။

"ဒီသားအဖ မကောင်းကြောင်းကတော့ ပြောမနေနဲ့ ခရမ်းပြာနင်တကယ်ကျောင်းဆက်ပြီးမတတ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီလား"

"ကရုဏာရယ် ငါပညာရေးကို ဘယ်လောက်ခုံမင်တယ်ဆိုတာနင်တို့အသိဆုံးပါ"

"ဒါဆို နင်ဘာမှ တွေဝေမနေနဲ့တော့ ကျောင်းဆက်ပြီး တက်ကိုတက်ရမယ်"

"ဟယ်… ကရုဏာ"

"နင်ဘာမှ ငါ့ကို တွက်ပြမနေနဲ့တော့၊ အိမ်သစ်…မင်းကကောခရမ်းပြာနဲ့ပတ်သက်ပြီး ဘယ်လိုကူညီနိုင်မလဲဆိုတာကိုပြော"

"မင်းဘယ်လိုဖြစ်စေချင်လည်း ပြော… ကရုဏာ… ငါပါ… ကျောင်းထွက်ပြီး မင်းနဲ့အတူ ငွေရှာရမလား"

"ဒီလောက်ထိမလိုဘူး မင်းက ခရမ်းပြာဘေးမှာ ဆက်နေပြီး



www.burmeseclassic.com

ကျောင်းဆက်တက်ရမယ်။ငါက ကျောင်းဆက်ပြီး မတက်တော့ပဲနဲ့ အပြင်မှာ အလုပ်ရှာမယ်။"

"ကရုဏာ နင်ဒီလိုတော့ ငါ့ကြောင့် နင့်ပညာရေး မထိခိုက်စေချင်ဘူး"

"ခရမ်းပြာနင့်ပါးစပ်ကိုပိတ်ပြီးထားတော့ ငါဆိုတဲ့ကောင်ဘဝမှာ နောက်ကျောမှာ ဘာမှမရှိဘူး၊ အဒေါ်ကလည်း မလွဲသာလို့သာ ငါ့ကိုကျောင်းထားပေးတာပဲရှိတယ်၊ ငါ့ညဘက် ဆိုက်ကားနင်းလို့ရတဲ့ ငွေက သူ့ဖဲကစားဖို့တောင်ပေးနေရသေး ဦးလေးလုပ်တဲ့သူကလည်း တစ်ခါတစ်ခါ သူ့အရက်ဖိုးပါ ဆက်သနေရသေးတယ်။ သူတို့နဲ့ ပတ်သက်တဲ့ခံစားချက် ငါ့မှာလေဟာနယ်ပဲ ဘာမှမရှိဘူး"

သူတို့သုံးယောက်မှာ အိမ်သစ်က မိစုံဖစုံရှိပေမဲ့ အိမ်သစ်မိဘတွေ ခက်ထန်မာကြောမှုတွေနဲ့ ရပ်ကွက်ထဲမှာ တက္ကစီကားလေး ပိုင်ဆိုင်ပြီး တစ်ထပ်တိုက်လေးနှင့် နေနိုင်သည်ကို တကယ့်မီးလျှံနှာကြီးသဖွယ် ထင်မှတ်နေသူများဖြစ်ပြီး… ကရုဏာကတော့ အိမ်သစ်ကိုသာ ပေါင်းသင်းပြီး အိမ်သစ်၏မိဘတွေကို အခေါ်အပြောတောင်မရှိခဲ့သူ…





"ဒီနေ့ကစပြီး ခရမ်းပြာ..နင့်ကျောင်းစရိတ်၊ သုံးစရိတ်ကို ငါ့ဆီက ယူရမယ်၊ အိမ်သစ်…မင်း မိဘတွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ခရမ်းပြာကို မပေးနဲ့နော်၊ မင်းဘွားတော်ဆီက စကားသံတွေကို ငါမကြားချင်ဘူး"

"ဟူး…အေးပါကွာ၊ ငါ့မုန့်ဖိုးထဲကတော့ ပေးပါရစေ"

"မင်းစေတနာကို စော်ကားတာတော့ မဟုတ်ဘူး.. အိမ်သစ်.. ခရမ်းပြာဟာ မင်းကို ချူပြီးစားတဲ့ သတင်းတွေကို ငါနောက်တစ်ခါ ထပ်ပြီးမကြားချင်ဘူး၊ ဒီတစ်ခါထပ်ကြားခဲ့ရင် မင်းနဲ့ငါတို့ကြားမှာ သံယောဇဉ်တွေ အရောင်ပြောင်းသွားမယ်"

"စိတ်ချပါကွာ"

"ခရမ်းပြာ..ရော့.."

"ဟယ်…"

ကရုဏာ သူ့လွယ်အိတ်ထဲကငွေတွေကိုထုတ်ပေးလိုက်သည်။

"ဒီငွေတွေက ငါဆိုက္ကားနင်းပြီး စုထားတာ၊ နင် ဒီငွေနဲ့လိုအပ်တာတွေကို သုံးပေါ့ဟာ"

www.burmeseclassic.com



“ကရုဏာ…နင် ကျောင်းမတက်တော့ဘူးပေါ့”

“ကျောင်းတော်ကြီးကို ခုကစပြီး ကျောနိုင်းလိုက်ပြီ”

“ကရုဏာရယ်…”

“ပညာရေးထဲမှာ ငါဖီလင်မရှိတော့ဘူး၊ ငါ့အတွက် ငွေတွေကိုပဲ အာရုံဖမ်းစားနေတာ..ကဲ… ကျောင်းတက်ချိန်နီးပြီ..သွားကြတော့…

ငါလည်းလစ်မယ်”

“နင်ဘယ်ကိုလစ်မှာလဲ ကရုဏာ”

“ငွေရနိုင်တဲ့နေရာမှန်သမျှ ငါ သွားမှာ”

“ဟို…ဟို…ဟာတွေနဲ့တော့ ငွေမရှာပါနဲ့ ကရုဏာရယ်…”

“နင့်ကိုစကားတစ်ခွန်းတော့ပြောခဲ့မယ်..ခရမ်းပြာ… သူများမျက်ရည်ကြီးပေါက်ကျပြီးမှ ရတဲ့ငွေမျိုးကို ငါဘယ်တော့မှမရှာဘူး၊ ဒါပေမယ့်….”

ကရုဏာသည် ခရမ်းပြာနှင့် အိမ်သစ် ပခုံးလေးကို ပုတ်ပြီး ကျောနိုင်းထွက်ခဲ့တော့သည်။





မူလတန်း၊ အလယ်တန်း၊ အထက်တန်းထိ တွဲခဲ့ကြသော သူငယ်ချင်း(၃)ယောက်၏ သံယောဇဉ်နှောင်ကြိုးလေးမှာ ခိုင်ခန့်စွာ ရှိနေဆဲ…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

"မင်းပြောတာ သေချာတယ်နော်… အိမ်သစ်"

"ငါ့ကို ခရမ်းပြာကိုယ်တိုင်ပြောပြတာကွ၊ မင်းပြန်လာရင်တော့ မပြောပြနဲ့တဲ့၊ မင်းသိသွားရင် ဟိုကောင် ခန့်မောင်တို့နဲ့ ပြဿနာဖြစ်မှာ စိုးလို့တဲ့"

"တောက်… ဒါ သက်သက်လူပါးဝတာ"

ကရုဏာ…ပဲခူးဘက်တွင် ဗလဆိုတဲ့သူနှင့်ဆိုင်ကယ် အရောင်း အဝယ်နဲ့ သွားလုပ်ကိုင်ခဲ့တာ (၂၀)ရက် လောက်ကြာခဲ့ပြီ၊ ပြန်ရောက်





ချိန်တွင် ခရမ်းပြာကို ကရုဏာပေးခဲ့သော ငွေတွေကို သူမပတွေးဘက်မှ ပါလာသော ခန့်မောင်က ခရမ်းပြာသေတ္တာကို ရိုက်ချိုးပြီး ငွေများကို ယူကာ ဖဲရိုက်ပစ်လိုက်ခြင်းပင် ဖြစ်သည်။

"အိမ်သစ် ဒီကောင်ဘယ်မှာရှိလဲ"

"ကရုဏာ မင်းဘာလုပ်မလို့လည်း"

"ဘာလုပ်ရမလဲကွ ရှင်းရမှာပေါ့၊ ဒီလိုလုပ်ရပ်ကို ခွင့်လွှတ်လိုက်ရင် ခရမ်းပြာအတွက် အန္တရာယ်ကောင်ကို တို့မွေးဖွားပေးတာနဲ့ အတူတူပဲဖြစ်သွားမယ်"

"ကရုဏာ တော်ကြာ ခြေလွန်လက်လွန် ဖြစ်သွားမယ်ကွာ"

"အိမ်သစ် မင်းခုလို သွေးကြောင်တဲ့ စိတ်ဓာတ်နဲ့ ခရမ်းပြာကို လုံခြုံမှု ဘယ်လိုလုပ်ပြီးပေးမလဲ၊ မင်းလိုက်စရာ မလိုဘူး နေရာကိုသာ ပြောကွာ"

"ဒီကောင်တွေ တရုတ်သင်္ချိုင်းမှာ ဝိုင်းကောင်းနေတယ်"

"ဒါဆိုရပြီ"

"ငါပါလိုက်ခဲ့မယ် ဒီကောင်တွေက အုပ်စုကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် ဒါတွေမလိုဘူး။မင်းမလိုက်နဲ့ စာမေးပွဲက ကပ်နေပြီ.. စာကိုပဲခေါင်းထဲထည့်ထား"

"ကရုဏာ"

အိမ်သစ်လှမ်းခေါ်သည်ကို လှည့်မကြည့်တော့ဘဲ တရုတ်သင်္ချိုင်းဘက်သို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့သည်။ ခန့်မောင်နှင့် ကရုဏာ ရာဇဝင်က ခုမှ တွေ့ဆုံခဲ့ကြတာမဟုတ်၊ အလယ်တန်းကျောင်းသားဘဝထဲက ဆိုရမယ်၊ ခရမ်းပြာမိခင်ကြီး နောက်အိမ်ထောင်ပြုပြီး ခန့်မောင်...ခရမ်းပြာတို့ အိမ်ပေါ်သို့ စရောက်သည့်နေ့ကတည်းက ရန်သူတွေလို ဖြစ်ခဲ့ကြသူ (၂)ဦး...ခန့်မောင်ဆိုတဲ့ကောင်ကပင်ကိုယ်သတ္တိရှိသောသူမဟုတ် အပေါင်းအသင်းအားကိုးနှင့် လူတွင်ကျယ်လုပ်နေသည်။

ကရုဏာကတော့ အပေါင်းအသင်းမလို ရှင်းစရာရှိလျှင် နေရာမရွေး ပြဿနာတက်တိုင်း အိမ်သစ်ကို ဘယ်တော့မှ ခေါ်သွားခြင်းမရှိခဲ့ဘာကိစ္စမဆို သူကိုယ်တိုင်ပဲ ရှင်းတတ်သည်။

တရုတ်သင်္ချိုင်း၏ မည်သည့်နေရာတွင် ခန့်မောင်ရှိသည်ကိုတွေ





တွေ ထူးထူးရှာစရာမလို ခန့်မောင်နှင့်တွဲနေသော မဲကျော် တစ်ယောက်... အုတ်ဂူပေါ်တွင် ထိုင်နေသည်ကိုတွေ့ကတည်းက ဖဲဝိုင်းသည် အနီးဆုံးနေရာရှိ ရမည်ကို သဘောပေါက်လိုက်သည်။

"ကရုဏာ ဘယ်ကိုလဲ... ဝိုင်းမှာ လူပြည့်နေပြီ နောက်ထပ်လူလက်မခံတော့ဘူး"

မဲကျော် အရက်သောက်ရင်းနှင့်ခပ်မာမာပြောလိုက်တယ်။

"ဖဲဝိုင်းကို စိတ်မဝင်စားဘူး ငါစိတ်ဝင်စားတာ မင်းပတွေးခန့်မောင်"

"ဘာ... မင်းဘာစကားပြောတယ်"

"မြန်မာစကားပြောတာ ပါဠိတောင် မပါသေးဘူး"

"ဟေ့ကောင် မင်းသက်သက် လာပြီးကျောတာ"

မဲကျော် ဂူကြီးပေါ်မှ အောက်ကိုခုန်ဆင်းလိုက်သည်။

"ဖြောင်း...ဖြောင်း...အီး...အား..."

ကရုဏာ လက်သီးထိုးချက်ကတော့ ဆက်တိုက်ကိုရောက် သွားပြီးအသံဖြုံချိန်တောင် မရလိုက်ဘဲ မြေပြင်တွင်ခွေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" မဲကျော် မင်းလက်ရည်နဲ့ ငါ့ကိုသွေးထိုးစမ်းတယ်လို့ကွာ ဘယ်မှာလဲ မင်းပထွေးခန့်မောင်"

"ချောက်....."

ကရဏာ သူ့ခါးကြားမှ ခလုတ်ခါး အနက်ကလေးကိုထုတ်ပြီး မဲကျော် ပါးထက်ပေါ်မှာ တင်လိုက်သည်။

"ကရဏာ မင်းလက်လွန်မယ်ကွာ... ဟို..ဟို..ဥသျှစ်ပင် အောက်မှာရှိကြတယ်"

"သေချာတယ်နော်"

"သေ...သေချာပါတယ် ငါ့ကိုဘာမှ ဆက်ပြီးမလုပ်ပါနဲ့ကွာ"

"မင်း ဆက်ပြီး မပါရင်တော့ ဟုတ်မယ်လေ"

"ငါလည်းလစ်မှာပါ"

မဲကျော်မှာ ကရဏာ နားကနေ နောက်တောင်လှည့်မကြည့်တော့ပဲ လှည့်ထွက်သွားတော့သည်။ ကရဏာ...ဥသျှစ် ပင်ကြီးနားဆီသို့ ခြေသံလုံစွာနှင့်သွားလိုက်ပြီးချိန်တွင် ခန့်မောင်..ကရဏာကို တွေ့ သွားပြီ...





"မင်း ဘာဇယားဝင်ပြီး ရှုပ်တာလဲ ကရဏာ... ဟိုကောင် မဲကျော် ဘာလို့ လမ်းကြောင်းပြရတာလဲ"

"ခန့်မောင်... မင်းတို့ ဝိုင်းကို ငါမဖျက်ချင်ဘူး၊ မင်းနဲ့ စာရင်း ရှင်းချင်တယ်"

"မင်းနဲ့ငါ့ကြားမှာ ဘာမှ ရှုပ်ရှုပ်ယှက်ယှက်မရှိဘူး၊ လာပြီးမနှယ် နဲ့ကွာ"

"ငါက နှယ်တာမဟုတ်ဘူး၊ မင်းက အရှက်မရှိဘဲ သူခိုးအလုပ် ကိုလုပ်လို့"

"မင်း...မင်း...စော်ကားလှချည်လား"

"ကရဏာ...မင်းအနှောင့်အယှက်မပေးနဲ့ကွာ..."

ဝိုင်းထဲတွင် ရိုက်နေကြသည့် စိုးမြင့်ကဝင်ပြီးပြောသဖြင့်...

"မင်းတို့ဝိုင်း မပျက်ချင်ရင် ဒီကောင့်နေရာကို ဖဲလွှတ်လိုက်၊ မလွှတ်နိုင်ဘူးဆိုရင်တော့ မင်းတို့သဘောအတိုင်းပဲ၊ ငါကတော့ ဒီကောင်နဲ့ ဇယားလေးပြတ်အောင် ရှင်းရမှာပဲ"

"မင်း ဘာတွေလာပြီးပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ခရမ်းပြာသေတ္တာထဲက ယူသွားတဲ့ငွေတွေကို ပြန်လိုချင်တယ်…"

"မင်းနဲ့ မပတ်သက်တဲ့ကိစ္စကို မင်းလူစွာလာပြီးလုပ်မနေနဲ့ ခရမ်းပြာငွေကို ငါဘာလုပ်လုပ်ကွာ.."

"မင်းကို ငါပြောထားဘူးတဲ့စကားလေးကို မင်းမှတ်ဉာဏ်ကောင်းရင်တော့ မှတ်မိမှာပါ၊ ခရမ်းပြာနဲ့ပတ်သက်လာရင် ငါဘယ်သူ့ကိုမှ သည်းမခံဘူးဆိုတဲ့ စကားကို မင်းမမေ့သေးဘူးဆိုရင် ဘယ်မှာလည်း ငွေ…"

"မရှိဘူးကွာ၊ ဖဲရှုံးသွားပြီ"

"စိုးရီနဲ့နားပင်း…"

ခန့်မောင် သူ့နောက်မှ သူ့လူ(၂)ယောက်ကို အသံပြုလိုက်သည်နှင့်..

"ဒုတ်…ခွပ်…အီး…အင့်.."

ကရဏာ ခြေထောက်ကန်ချက်တွေက စိုးရီ နှင့် နားပင်း ထချိန်တောင်မရပဲ နောက်လှန်ကျသွားသည်။





"ဒီတစ်ခါ မင်းအလှည့်ပဲ ခန့်မောင်"

"ရော့ကွာ…ဗိုး…"

ခန့်မောင် သူ့ဘေးမှ တုတ်နှင့် ရိုက်ချလိုက်တာကို ပွတ်ကာသီကာလေး ရှောင်လိုက်ပြီး အရိုက်တည့်တည့်ကို ညာဝိုက်လက်သီးထိုးသွင်းလိုက်သည်။

"အင့်…အီး.."

"ခွမ်း…."

ကရဏာ ဂူပေါ်မှ အရက်ပုလင်းကို ရိုက်ခွဲလိုက်ပြီး…

"ကဲ… ကျန်တဲ့ကောင်တွေအတွက် ပုလင်းကွဲစလေးတွေကဓိတ်ဖွဲ့ချင်တယ်တဲ့"

"ကရဏာ··မင်းတို့ကိစ္စထဲ ငါတို့မပါဘူးနော်.."

ကရဏာ လက်သံနှင့် လက်ရည်ကို တစ်ရပ်ကွက်တည်းနေကြသူချင်းမို့ သဘောပေါက်ကြသည်။

"ကဲ…နားပင်းနဲ့ စိုးရီ… နောက်တစ်ကျော့ဝင်ခဲ့ဦးလေ"

"မ…မဝင်တော့ဘူးကွာ.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံး ဘေးကိုထွက်တော့.."

"အေး...အေးပါကွာ.."

ကရုဏာသည် ခန့်မောင်၏ရင်ဘတ်အင်္ကျီစကို ဆွဲလိုက်ပြီး...

"ခရမ်းပြာဆီက ငွေတွေဘယ်မှာလဲ"

"မ...မရှိတော့ဘူး.."

"ကဲ..ကွာ...မရှိဦး.."

"အား..."

ကရုဏာ သူ့လက်ထဲမှ ပုလင်းကွဲနှင့် ခန့်မောင် ပခုံးကို ထိုးချလိုက်သည်။

"ဟာ...ပြေး..ကြတော့..."

ခန့်မောင်အင်္ကျီပေါ်မှ သွေးတွေကို မြင်လိုက်ရသည်နှင့် အားလုံး သုတ်ခြေတင်ပြီး ပြေးကြတော့သည်။

"ဒါ..မင်းကို အသက်ညှာဆုံး သတိပေးလိုက်တာ... ခရမ်းပြာကို အနိုင်ကျင့်မယ်ဆိုရင် ရင်ကခွဲပြီး အသည်းကို အစိမ်းစားမယ် မှတ် ထား.."





"အီး..အီး.... ကျွတ်..ကျွတ်..."

"မင်းကိစ္စကို မင်းအဖေ ဦးဘမောင် မကျေနပ်ရင် ကြိုက်သလို ရှင်းလို့ပြောလိုက်.. ငါရဲစခန်းကနေ စောင့်နေမယ်..."

ကရုဏာ ရန်ဖြစ်တိုင်း သူ့ဘက်က လုပ်ကိုင်မိတိုင်း စခန်းကို သွားပြီး အဖမ်းခံနေကျ...

ကရုဏာ စိတ်ဓာတ်ကို စခန်းမှူး ဦးမောင်မောင် တစ်ယောက် ကောင်းကောင်းသိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အတွက် မျက်ရည်မကျစမ်းပါနဲ့..ခရမ်းပြာ..."

သံတိုင်လေး တစ်ဖက်တွင် မျက်ရည်စတွေနှင့် ခရမ်းပြာ လက်ကလေးကို ကရုဏာ ဆုပ်ကိုင်ရင်းပြောလိုက်သည်။

"နင်...ခုလိုဖြစ်ရတာ ငါ့ကြောင့်ပါ.."

"ခရမ်းပြာ.. နင်ဒီစကားတွေကို နောက်ငါ့ရှေ့မှာ ဘယ်တော့မှ မပြောနဲ့...နင့်အတွက် ငါဘယ်လိုအခြေအနေမျိုးကိုရောက်သွားသွား ငါကျေနပ်တယ်... ယောက်ျားတန်မဲ့ အနိုင်ကျင့်တဲ့ကောင်ကိုဒီထက် မကတောင် ဆုံးမချင်တာ... အိမ်သစ် ပါမလာဘူးလား"





"သူ..နောက်ကနေလိုက်ခဲ့မယ်လို့ပြောတယ်"

"ငါ့ဆီကို လာမတွေ့လို့ မေးတာမဟုတ်ဘူး၊ နင် အပြစ်မှာ တစ်ယောက်တည်းဖြစ်မှာစိုးလို့..."

"ကရုဏာ... နင်ဟာ ငါ့အတွက် လူ့လောကကြီးကို ရောက်လာတဲ့ လူတစ်ယောက်လိုဖြစ်နေပါပြီ"

"ဖြစ်နေတာမဟုတ်ဘူး... ဖြစ်ကိုဖြစ်ရမှာ၊ ငါအသက်ရှင်နေတာ ခရမ်းပြာဆိုတဲ့ နင့်ကြောင့်ပဲဆိုတာတော့ နင့်ခေါင်းထဲမှာ စွဲနေအောင်မှတ်ထား"

"ငါ့ခေါင်းထဲက မှတ်ထားမှာမဟုတ်ဘူး၊ ငါ့ရင်ထဲမှာ သံမှိုနဲ့ရွှဲထားသလို ရှိနေမှာပါ"

ခရမ်းပြာ စကားလေးသည် ကရုဏာအတွက် အင်အားပြည့်စေသော စကားလေးပင်ဖြစ်သည်။

"ဟိုမှာ...အိမ်သစ်လာနေပြီ"

အိမ်သစ်မှာ ကရုဏာအတွက် ထမင်းထုပ်နှင့် သူကြိုက်သော လက်ဖက်ရည်လေးကို ပါဆယ်ဆွဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျသွားတယ်ကွာ… ကရုဏာ"

"အိမ်သစ်..နောက်ကျတာတွေ စောတာတွေက အကြောင်းမရှိပါဘူး၊ အရေးကြီးတာ မင်းငါ့ဆီကို ရောက်လာဖို့ပဲ"

"ရော့…အထုပ်တွေယူထားဦး..ခန့်မှောင်အဖေကတော့ မင်းကို ထောင်ကျအောင်ချမယ်လို့ ကြိမ်းဝါးနေတာပဲ…ဒဏ်ရာလေးက ဘာမှ မဟုတ်လောက်ဘဲနဲ့ ပုံကြီးချဲ့နေတယ်…"

"ချနိုင်ရင် ချပေါ့ကွာ… လွှမ်းစရာမရှိပါဘူး…အိမ်သစ်… မင်းကို ငါတစ်ခါတည်း မှာထားမယ်…ငါတကယ်လို့ထောင်ကျသွားရင်.. ခရမ်းပြာကို မင်းသေသေချာချာစောင့်ရှောက်ပါကွာ.."

"ငါ့စိတ်ဓာတ်တွေကို ငါခုချိန်ကစပြီး ပြင်တော့မယ်ကရုဏာ၊ အမှန်ဆိုရင် ခုကိစ္စမှာ မင်းဆီက ဒီသတင်း ငါပြန်ပြီး ပြောစရာမလိုဘူး၊ ငါကိုယ်တိုင်ရှင်းမှာမဲ့ ဓာတ်လမ်းပါ.. ဒီအတွက် ငါ နောင်တရမိတယ် သူငယ်ချင်း…"

"အိမ်သစ် မင်းတို့က ကျောင်းသား၊ ကျောင်းသူတွေ ပညာရေးကိုပဲ ဂရုစိုက်စမ်းပါကွာ အပြင်ရန်တွေကို ငါရင်ဆိုင်မယ်။ ခရမ်းပြာ





လမ်းထိပ်က ကိုသောင်းဆီမှာ ငါငွေတွေအပ်ထားတယ်လေ ကိုသောင်းဆီကနင်လိုသလောက် ကိုယူပြီးသုံး"

"နင်ငွေတွေကို ငါမသုံးရက်တော့ဘူးဟာ"

" ခရမ်းပြာ…"

ကရုဏာ အသံလေး မာသွားသလို ဖြစ်သွားလေသည်။

"နင့်စေတနာနဲ့ ကျေးဇူးတရားတွေကို ငါပြန်ပြီး မဆပ်နိုင်မှာကို စိုးရိမ်တယ် ကရုဏာရယ်"

"နင့်ဆီက ငါဘာမှပြန်မလိုချင်ဘူး၊ အေး… ငါလိုချင်တာ တစ်ခုပဲရှိတယ်…အဲဒါက နင့်ရဲ့အောင်မြင်မှုနဲ့ ဘဝတိုးတက်မှုပဲ၊ ဒါတွေကလွဲပြီး ငါဘာမှမလိုချင်ဘူး"

"နင်ဖြစ်ချင်တဲ့ဘဝကို ငါရောက်အောင်သွားပေးပါ့မယ် ကရုဏာရယ်"

"ဒါဆိုပြည့်စုံသွားပြီ… မင်းတို့အံပြန်နောက်ကျနေမယ် သွားကြတော့…အိမ်သစ် ငါစိတ်ချမယ်နော်"

"စိတ်ချပါ သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာလည်း သံတိုင်လေးကိုကိုင်လျက် ကျန်ရစ်နေတော့သည်။

စခန်းမှူးရုံးခန်းမှာတော့…

"ခင်ဗျား ထောင်ကျစေချင်တိုင်း ကျုပ်တို့က ချပေးလို့မရဘူး၊ ဥပဒေအတိုင်းဆောင်ရွက်ရမှာပါ ကိုဘမောင်… ကရုဏာကို ဥပဒေအရ အရေးယူမယ်ဆိုရင် ခင်ဗျားသားကိုလည်း အရေးယူရမှာပဲ"

"ကျုပ်သားကို ဘာအမှုနဲ့အရေးယူမှာလဲ စခန်းမှူး"

"ခင်ဗျားတကယ်မသိသေးတာလား၊ မသိချင်ယောင်ဆောင်နေတာလားဆိုတာတော့ ခင်ဗျားကိုယ်ခင်ဗျားပဲသိမှာပါ၊ ခင်ဗျားသားကို လောင်းကစားဥပဒေနဲ့အရေးယူရမှာ‥"

"ဗျာ…"

စခန်းမှူးစကားကြောင့် ဦးဘမောင်ကိုယ်လေးတွန့်သွားသည်။

"လူငယ်တွေ အပျော်ကစားကြတာပါဗျာ၊ ဒီကောင်ဝင်ပြီးရမ်းကားလို့ ရန်ပွဲဖြစ်သွားရတာ"

"လောင်းကစားဥပဒေမှာ အပျော်စကားတာကို အရေးမယူရဘူးလို့ မထုတ်ပြန်ထားဘူး ဦးဘမောင်၊ ခုလို ကရုဏာ‥ခင်ဗျားသားနဲ့ဖြစ်ရ





တဲ့အကြောင်းရင်းကိုရော သိပြီးပြီလား"

"သိပြီးပါပြီ"

"ပြောပါဦး ဦးဘမောင်"

"ဒီကောင် ဖဲဝိုင်းထဲကငွေတွေကိုဝင်ပြီးလုလို့ ဖြစ်ခဲ့ကြတာပါ"

"ဆရာမျိုးအောင်… စိုးရီနဲ့နားပင်းကိုခေါ်ထုတ်ခဲ့ပါဗျာ"

"ဟုတ်ကဲ့ဆရာ"

စခန်းမှူးရုံးခန်းသို့ စိုးရီနှင့်နားပင်း ရောက်လာသည်နှင့်…

"စိုးရီ"

"ဗျာ…ဆ…ဆရာ"

"ကရုဏာဘာကြောင့် ခန့်မောင်နဲ့ရန်ဖြစ်ရတယ်ဆိုတာကို ပြောပြစမ်း"

"ဒီ…ဒီလိုပါဆရာ‥ ကရုဏာ… ခရမ်းပြာဆီမှာအပ်ထားတဲ့ငွေတွေကို သေတ္တာရိုက်ဖွင့်ပြီး ဖဲရိုက်ပစ်တာကို ပြန်တောင်းရင်းနဲ့ ဖြစ်ခဲ့ကြတာပါ"

"ဟာ…"



www.burmeseclassic.com

“ဦးဘမောင်… အဖြေကတော့ အရှင်းကြီးနော်… ခင်ဗျားသားက တစ်မှုကနေ (၂)မှုတောင်ထပ်တိုးရမလိုဖြစ်နေပြီ၊ ခင်ဗျား စဉ်းစားပေါ့ဗျာ၊ ကျုပ်တို့ကတော့ ဥပဒေအတိုင်း လုပ်စရာရှိတာကို ဆက်ပြီးလုပ်ရမှာပဲ”

“ဆ…ဆရာ..ရယ်… ဟို…ဟို…”



## အခန်း၊ ၂၊

သင်္ကြန်ရက်ကလေးဆီသို့ရောက်ခဲ့ကြလေပြီ။

ခရမ်းပြာတို့ လမ်းထိပ်တွင် အုန်းလက်တွေနှင့် ရေကစား မဏ္ဍပ်လေးများ ဆောက်ပြီး ရေကစားကြသည်မှာ နှစ်စဉ်လိုလိုပင်…

ဒီနှစ်လည်း လမ်းထိပ်တွင် လူငယ်များ စုပြီးရေကစားမဏ္ဍပ်လေး ဆောက်ကာ နီးစပ်ရာအိမ်များမှ ရေတိုင်ကီများ ငှားရမ်းပြီး ရေဖြည့်သူက ဖြည့်နေကြသည်။

“အိမ်သစ်…ကရုဏာ ခုထိပြန်မလာသေးဘူးနော်”

“ငါ့ကိုပြောသွားတာတော့ သူသင်္ကြန်အမီကို ရောက်အောင်ပြန်ခဲ့

သစ္စာမွန်စာပေ

www.burmeseclassic.com



မယ်တဲ့၊ ဘာလို့ ရောက်မလာသေးတာလဲ မသိပါဘူးဟာ·· သူမလာဖြစ်ဘူးဆိုရင်တော့ ဖုန်းဆက်မှာပါ''

''ငါ့ သူ့အတွက် စိတ်ထဲမှာ မွန်းကြပ်နေသလို ဖြစ်နေတယ် တစ်ခုခုများဖြစ်နေမလား''

''ခရမ်းပြာရယ် အတွေးလွန်ပြီး နင်စိတ်ကို ပင်ပန်းအောင် မလုပ်ပါနဲ့. ကရုဏာ ရောက်လာမှာပါ၊ ရေသွားပြီးကစားကြရအောင် မဏ္ဍပ်မှာ လူစုံနေပြီ''

''ငါရေမကစားချင်ဘူး ဒီမှာပဲ ထိုင်ပြီးကြည့်နေတော့မယ်''

သင်္ကြန်အကြိုနေ့ ညနေပိုင်းလေးကို လမ်းထိပ်တွင် စည်ကားနေလေပြီ၊ ခရမ်းပြာတို့ လမ်းထိပ်လေးမှာ လိုင်းကားပြေးသည့်လမ်းမ ဖြစ်သဖြင့် ရေပိုက်များနှင့် ပက်ကစားကြသည့် မဏ္ဍပ်တွေကလည်း ပေါများသည်၊ ထိုထဲတွင် ခရမ်းပြာတို့ ရေကစားမဏ္ဍပ် လေးမှာ ရေကစားသူက များပြားသည်။

စည်ကားရခြင်း အဓိက အကြောင်းရင်းမှာ ခရမ်းပြာတို့လမ်းမှ မိန်းမချောလေးများ ကြောင့်ဆိုလျှင် မမှားပေ၊ ရပ်ကွက်တွင်းမှယောကျ်ား





လေးတွေ နှုတ်ဖျားတွင် ခရမ်းပြာတို့ လမ်းကို နတ်သမီးလမ်းလို့ ခေါ်ဝေါ်သတ်မှတ်ထားသည်။

ထိုမိန်းမချောများထဲတွင် ခရမ်းပြာသည် အလှသရဖူ ပိုင်ရှင် တစ်ဦး··· သူများတွေလို ခေတ်ဆန်ဆန် ဝတ်စားခြင်းမရှိသော ခရမ်းပြာလို ရိုးရိုးစင်းစင်းအလှသည် ယောကျ်ားလေးများအတွက် စွဲမက်ဖွယ်ကောင်းသော အလှပိုင်ရှင်လေးတစ်ဦးဖြစ်သည်။

''ခန့်မောင်···မင်းဒီလိုပဲ ထိုင်ကြည့်တာနဲ့ အချိန်ကုန်နေတော့ မှာလား···''

ခရမ်းပြာထိုင်နေသော ဝိတောက်ပင်အောက်လေးနှင့် မျက်နှာချင်း ဆိုင် ကားလမ်းတစ်ဖက်ဆီမှ အရက်ဆိုင်တွင် ခန့်မောင်၊ ဘလှ၊ ကျော်စိုးနှင့် ဝေသူတို့ အရက်သောက်နေကြသည်။ ဘလှစကားကြောင့် လက်ကျန် အရက်ကိုမော့သောက်ပြီး···

''ထိုင်ကြည့်နေတာ မဟုတ်ဘူး အလှတရားတွေကို ရှုစားနေတာ ကွ''

''ခန့်မောင် မင်းခံစားနေလဲ ခရမ်းပြာရဲ့ အလှတရားတွေ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ရမယ်လို့ ထင်ထားလား၊ ဟိုကောင် ကရုဏာက အသုံးတော်ခံ သွားမှာနော်...''

''ကျော်စိုး...မင်းပါးစပ်ပိတ်ထားစမ်း၊ ဒီခွေးမသားနာမည်ကို ထည့်မပြောနဲ့''

''ငါက တမင်ထည့်ပြီးပြောနေတာမဟုတ်ဘူး၊ မင်းကို သတိပေး နေတာ ခန့်မောင်''

''ကျော်စိုးပြောတဲ့စကားက အမှန်ပဲခန့်မောင်... မင်းနဲ့ခရမ်းပြာ တစ်အိမ်တည်းနေပြီး မင်းဘာမှ ခုထိဖြစ်မလာတာ မင်းဘက်က သိပ်ကို ညံ့နေပြီ...''

အပေါင်းအဖော်များ၏ စကားလုံးတွေမှာ ခန့်မောင်၏ စိတ်ကို နှိုးဆွပေးနေသလို...

ခန့်မောင်...ခရမ်းပြာကိုကြံစည်နေသည်မှာကြာပြီဖြစ်ပေမယ့် ခရမ်းပြာဘက်မှ သူ့ပေါ်မှာ ခပ်တန်းတန်းဆက်ဆံပြီး အခွင့်အရေး မပေးသဖြင့် ခန့်မောင် အနားပင် သီခွင့်မရခဲ့....

အိမ်တွင် အမေမရှိလျှင် ခရမ်းပြာဘောအိမ်မှ ဒေါ်မြိုင်နှင့်သွား





နေပြီး အမေပြန်ရောက်လာမှ အိမ်ပေါ်သို့တက်သည်။ ခန့်မောင်အတွက် အိမ်ပေါ်တွင် အခွင့်ကောင်းမရနိုင်သလို အပြင်တွင်လည်း ကရုဏာနှင့် အိမ်သစ်တို့ရှိနေသောကြောင့် အနားသို့ကပ်ခွင့်မရ။

''ခန့်မောင် မင်းလုပ်ရဲမယ်ဆို ခရမ်းပြာကို မ,လို့ရမယ့် အကြံ ငါပေးမယ်''

''မင်းအကြံက ဘာလဲ ဝေသူ''

''ခရမ်းပြာကို ကားတင်ပြေးကွာ''

''ဟာ...''

''မလုပ်ရဲဘူးမဟုတ်လား ခန့်မောင် မင်းခရမ်းပြာဆီက ချစ်ခွင့်ကို စောင့်စားပြီးမှ ပိုင်ဆိုင်ဖို့ ကြိုးစားနေမယ်ဆိုရင်တော့ (၁၀) ဘဝတောင် မင်းမရဘူးမှတ်''

''ငါမလုပ်ရဲလို့ မဟုတ်ပါဘူး ခရမ်းပြာကို ဘယ်လိုခေါ်ထုတ်မလဲ ဟိုကောင် အိမ်သစ်က ဘောမှာရှိနေတယ်''

''ဒီအတွက်မင်းမပူပါနဲ့မင်းဘက်ကလုပ်မယ် မလုပ်ဘူးဆိုတာပဲ ပြော''



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ရဲတာ မရှိဘူး"

"ဝေသူ မင်းစံပယ်ကို ခေါ်ထုတ်ပြီး ဟိုကောင်အိမ်သစ်ကို ခေါ်ထုတ်ခိုင်းလိုက်"

"အိမ်သစ်က စံပယ် ခေါ်လို့လိုက်ပါ့မလား"

"ခန့်မောင်ရေ မလိုက်မှာမပူနဲ့ အမြီးလေးရမ်းပြီးတောင်လိုက်သေးတယ်၊ ဒီကောင် စံပယ်ကို အသည်းအသန် ဖြစ်နေတာကွ"

"ခရမ်းပြာကို ခေါ်ထုတ်ဖို့ကရော"

"ဘလှတာဝန်ယူလိုက်မယ်၊ ဘလှအမေနဲ့ ခရမ်းပြာအမေက တရားစခန်း အတူတူဝင်နေတာလေ၊ ခရမ်းပြာအမေ ဆေးရုံကိုရောက်နေပြီဆိုပြီး ခေါ်ထုတ်လိုက်ရင် ခရမ်းပြာမလိုက်ဘဲ မနေပါဘူး"

"နောက်ဆုံးကားကိစ္စကရော"

"မင်းမှာ ငွေရှိဖို့ပဲ လိုပါတယ်"

"ငွေအတွက်မပူပါနဲ့ ငါ့အဘိုးကြီးဆီကနေ မသိအောင်ယူထားတဲ့ ငွေရယ် မိထွေးကြီးသေတ္တာထဲက ဆွဲကြိုးတစ်ကုံးကို ယူထားတယ်၊ ခရမ်းပြာအတွက် မိထွေးကြီးရဲ့ နောက်ဆုံးအမွေလေ ခုတော့ မင်္ဂလာ





အကြိုစရိတ်လေးပေါ့ကွာ"

"ကျော်စိုး ကားကိစ္စမင်းသွားပြီး စီစဉ်လိုက်တော့၊ ပြီးတာနဲ့ အားလုံးကွက်တိစမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘလှ နင်ငါ့ကို ဘယ်ကိုခေါ်လာတာလဲ"

ခရမ်းပြာကို မိခင်ဖြစ်သူ အမေဖောက်ပြီး ဆေးရုံသို့ပို့ထားသည် ဟုအကြောင်းပြကာ ခေါ်လာခြင်းဖြစ်သည်။

"ဆေးရုံကိုလေ"

"ဒါ ဆေးရုံသွားတဲ့ လမ်းမဟုတ်ဘူး ကားကိုခုရပ်"

"ခရမ်းပြာ နင့်ကို ခန့်မောင်က သိပ်ချစ်လို့ ခုလိုကြံစည်ရတာပါဟာ"

"နင် နင်တို့ ခွေးကျင့်ခွေးကြံ မကြံကြနဲ့"

"နင်နဲ့ခန့်မောင်တို့ဘဝလေး သာယာလှပသွားအောင် ငါတို့က





ကြားကနေ ကူညီပေးတဲ့ စေတနာလေးပါ"

"လူယုတ်မာတွေ..ကားကို ခုရပ်.."

"နင် ကားပေါ်ကခုန်ဆင်းလည်း ငါတို့လက်က လွတ်အောင် ပြေးနိုင်ပါဘူး ခရမ်းပြာ"

ဘလှတို့ မောင်းလာသော ကားမှာ မင်္ဂလာဒုံဘက်သို့ရောက်ခဲ့ပြီး မြေနီလမ်းတစ်ခုထဲသို့ မောင်းဝင်နေလေပြီ။

"အဆင်ပြေမယ့်ကိစ္စလေးကိုပဲ နင့်ခေါင်းထဲမှာ စဉ်းစားထားပါ ခရမ်းပြာ"

"ငါ့အသက်နဲ့လဲသွားမယ်၊ ဘယ်တော့မှ ဒီလိုကောင်းမျိုးကို ယူဘူး"

"ခုနေတော့ ဒီစကားပေါ့ဟာ၊ နောက်တော့လည်း စကားလုံးတွေ ပြောင်းသွားမှာပေါ့၊ ခင်မောင်..ရှေ့ကခြံထဲကို မောင်းဝင်လိုက်"

ခရမ်းပြာကို ခေါ်ဆောင်လာသော နေရာမှာ လူသူကင်းဝေးပြီး ခြိုက်ခင်းတွေနှင့် တဲအိမ်လေးတစ်လုံးသာတွေ့ရသည်။ လူအရိပ်အယောင်ကို လုံးလုံးမတွေ့ရ၊ တဲရှေ့တွင် ကားရပ်သည်နှင့် ခန့်မောင်



www.burmeseclassic.com

www.burmeseclassic.com



တို့(၂)ယောက် တဲအပြင်သို့ထွက်လာကြသည်။

"အားလုံး ကွက်တိပဲဟေ့.. ခန့်မောင်..ကျန်တဲ့အပိုင်းကတော့ မင်းအပိုင်းပဲ"

"ငါ့...ငါ့လက်ကိုလွှတ်...ခွေး..."

"ခရမ်းပြာ... နင်ဘယ်လောက်ခေါင်းမာမယ်ဆိုတာကို စောင့်ကြည့်ရတာပေါ့..."

ခန့်မောင်သည် ခရမ်းပြာကို အတင်းဆွဲခေါ်ထုတ်သည်။

"ခန့်မောင်...သူ့ကို ဒီအတိုင်းထားလို့မရဘူးနော်.."

"ဒီအတိုင်းမထားလို့ ဘယ်လိုထားရမလဲ"

"ကြိုးတုတ်ထားမှဖြစ်မယ်...တော်ကြာထွက်ပြေးရင် မလွယ်ဘူး.."

"ဟုတ်တယ်ကွ... ကားလမ်းဘက်ကိုရောက်သွားရင် စစ်တပ်နယ်မြေ၊ အားလုံးကိစ္စချောသွားမယ်..."

ဘလှ ကြိုးတစ်ချောင်းယူလာပြီး ခရမ်းပြာကို တုတ်နှောင်ပြီး တဲပေါ်မှာ တင်ထားလိုက်သည်။





"ခင်မောင်...မင်းကားကိုတစ်ညလောက်ထားလို့ရမလား"

"ပိုက်ဆံရရင် တစ်ညမဟုတ်ဘူး တစ်လလည်းထားလို့ရတယ်.. တစ်ခုတော့ ပြောထားမယ်နော်.. မင်းတို့ဇာတ်လမ်းကို ဗိုင်အောင်က ချိုကို မနွယ်စေနဲ့"

"ခင်မောင်...စကားအပိုတွေပြောမနေနဲ့..ရော့... မင်းအတွက်..ငါးစပ်ပိတ်ပြီးအရက်သောက်..."

ခင်မောင်ကို ငွေစက္ကူတစ်ထပ် ချပေးလိုက်ပြီး အရက်တစ်လုံးပါ ချပေးလိုက်၏။

"ဝေသူ...ဆွဲကြိုးသွားပြီးရောင်းခိုင်းတာ မလာသေးပါလားကွ... ဒီနေရာရော သိရဲ့လား"

"ဒီနေရာကို ဒီကောင် ရှာပေးတာ၊ မသိဘဲ နေပါ့မလား၊ ဈေးပေါယ်ခိုင်းထားလို့ နောက်ကျနေတာပါ၊ ကဲ... ရှိတာလေးနဲ့ ဝိုင်းဖွဲ့ကြရအောင်.. ဒီည မင်းရဲ့စွန့်စားခန်းကြီးကို ကြည့်ရဦးမှာပေါ့... ဟား..ဟား..ဟား..."

ခန့်မောင်တို့ဝိုင်းစပြီး သိပ်မကြာ တက္ကစီတစ်စီး မောင်းဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်··

"ဝေသူပါကွာ··"

ခြံဝတွင် ကားထိုးရပ်လိုက်သည်နှင့်···

"ဝှန်း···"

"ဟာ···"

ကားပေါ်မှ ဝေသူရှေ့သို့ စိုက်ကျသွားပြီးနောက်မှ ဆင်းလာသူက ကရုဏာ····

"ဟေ့ကောင် ခန့်မောင်··· ခရမ်းပြာတယ်မှာလဲ ခုထုတ်ပေးစမ်း"

"မင်း··မင်း···"

ကရုဏာလက်ထဲတွင် ဝါးဆစ်ပိုင်းကို ဆုပ်ကိုင်ထားပြီး ကားပေါ်မှ ဆင်းလာခဲ့သည်။

"ကရုဏာ···"

"ခရမ်းပြာ···"

တဲထဲမှ ခရမ်းပြာအသံကို ကြားလိုက်သည်။

"မင်းဆိုတဲ့ကောင်က ငါ့ဘဝကို ဒုက္ခအကြီးအကျယ်ပေးတဲ့





ကောင်ပဲ၊ ဒီတစ်ခါတော့ မင်းကိုပါ အပြတ်ရှင်းမှဖြစ်မယ်···"

ဘလှ···ခန့်မောင်နှင့်ကျော်စိုးတို့ တုတ်ကိုယ်စီကို ကောက်ယူလိုက်ကြသည်။ ခင်မောင်ကတော့ ခပ်လှမ်းလှမ်းတွင် သွားပြီးရပ်နေလိုက်သည်။

"ကရုဏာဆိုတဲ့ကောင်က ဒါမျိုးသတ္တိတွေကိုကြိုက်တာ၊ မင်းအရင်ရိုက်မလား··ငါအရင်ရိုက်ရမလား··"

"ရိုက်ကွာ···"

"ဒိုး···ဖြောင်း··· ဒုတ်···"

ကရုဏာဆီသို့ (၃)ယောက်သားပြိုင်တူပြေးဝင်ပြီး ရိုက်ကြပေမဲ့ သာမန်လူတွေရိုက်ချက်လောက်သာဖြစ်၍ ကရုဏာအတွက် သာသာလေးပင် တိမ်းရှောင်ပြီး တစ်ယောက်ချင်းကို ရိုက်ချလိုက်တော့သည်။ အရင်ဆုံး ဘလှမှောက်သွားပြီး ကျော်စိုးဒုတိယမြောက်မှောက်သွားပြန်သည်။

"ဖြောင်း···အင့်···ကျိုးပါပြီ···"

ခန့်မောင်လက်ထဲမှ တုတ်လွင့်စင်သွားပြီး တဲနားကို ကပ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"က…ရု…ဏာ…ငါ…ငါ့ကို…ခွင့်…ခွင့်လွှတ်ပါ…."

"မင်းလိုကောင်မျိုးကို ခွင့်လွှတ်ရမယ်ဟုတ်လား… ဟား… ဟား… ဟား… တော်တော်ရယ်စရာပြောတတ်တဲ့ကောင်… မင်းကို နောက်တစ်ခါ ခရမ်းပြာကို တစ်သက်လုံးဒုက္ခမပေးနိုင်အောင် သေမင်းပြည်ကို ပို့ရမယ်…"

"ညီလေး… မလုပ်နဲ့…. သူတို့ကို ဥပဒေအတိုင်း ဆုံးမပါစေကွာ.."

ကရုဏာ ငှားစီးလာသော ကားဒရိုင်ဘာမှ ကရုဏာလက်ကိုဆွဲပြီး တားလိုက်သည်။

"အစ်ကိုက ရဲဝန်ထမ်းတစ်ဦးပါ…သကြီးန်အတွက် အရပ်ဝတ်နဲ့ ကားမောင်းနေတာ..မကြာခင် သက်ဆိုင်ရာတာဝန်ရှိသူတွေ လာကြပါလိမ့်မယ်…ကောင်မလေးကို သွားပြီးခေါ်လိုက်ဦး.."

ကရုဏာ လက်ထဲမှ ဝါးဆစ်ပိုင်းကို ပစ်ချပြီး တဲပေါ်သို့တက်သွားသည်။

"ခရမ်းပြာ…"





"ကရုဏာ..အီး..အီး..အီး…"

ခရမ်းပြာကို တုတ်နှောင်ထားသော ကြိုးတွေကို ဖြေပေးရင်း ခရမ်းပြာ ငိုချလိုက်တော့သည်။

"ငိုမနေနဲ့တော့ဟာ…"

ကရုဏာ တဲပေါ်မှ အောက်သို့ရောက်သည်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတွေ ရောက်လာနေပြီဖြစ်၏။

"ဒီက သမီးနဲ့တူတော်မောင်က စခန်းကိုလိုက်ပြီး အမှုဖွင့်ဦးကွယ်၊ ဟိုကောင်တွေအားလုံးကို ခေါ်ခဲ့ကြဟေ့…"

"ဆရာ…ဒီထဲမှာ ကျွန်…ကျွန်တော်မပါဘူး… ကျွန်တော့်ကို သူတို့က ကားငှားလို့ပါလာတာပါ…"

"စခန်းရောက်မှ ရှင်းကွာ…"



www.burmeseclassic.com

www.burmeseclassic.com

"မင်းငါ့ကို စိတ်ဆိုနေလား ကရုဏာ..."

အိမ်သစ် မျက်နှာငယ်လေးဖြင့် ကရုဏာကိုမေးလိုက်သဖြင့်...

"မင်းကိုငါ စိတ်မဆိုးပါဘူး အိမ်သစ်.. ငါသဘောပေါက်လိုက်တာပဲရှိတယ်... ခရမ်းပြာအတွက် မင်းဟာ ကာကွယ်ပေးနိုင်ခြင်းမရှိဘူးဆိုတာပဲ..."

"မင်း ငါ့ကိုကျေနပ်အောင် တစ်ခုခုလုပ်လိုက်ပါကွာ.. ဒီစကားတော့ မပြောပါနဲ့.. ငါဘယ်လိုမှ မထင်ထားလို့ပါ... စံပယ်တို့ဆင်တဲ့အတွက်ထဲကို ငါရောက်သွားတာ"





"ကရုဏာရယ်... အိမ်သစ်အပြစ်တစ်ခုတည်းမဟုတ်ပါဘူး၊ ငါ့အမှားလည်း, ပါတယ်၊ တကယ်ဆို ငါ အိမ်သစ်ကို လိုက်သွားမယ်ဆိုတာကိုပြောပြီးမှ သွားသင့်တယ်.."

"ကရုဏာ..မင်းကို ငါနောက်ဆုံးကတိပေးပါတယ်..နောက်တစ်ခါ ခုလိုကိစ္စမျိုးကို ငါ့ဘက်က လစ်ဟင်းခဲ့ရင် ငါ့ကို သူငယ်ချင်းအဖြစ်ကနေ စွန့်ပစ်လိုက်ပါ၊ ဒီတစ်ခါတော့ နောက်ဆုံးခွင့်လွှတ်ပေးကွာ.."

"အိမ်သစ်..."

"မင်းပြောချင်တဲ့စကားကိုပြောပါ"

"ငါ့ဘက်က ခရမ်းပြာနဲ့ ပတ်သက်ပြီး သိပ်အထွန့်ကြီးသလိုဖြစ်နေတယ်ကွာ...မင်းလည်း လွှတ်လပ်စွာခံစားချက်ရှိတာပဲ..."

"ငါ့ခံစားချက်ကို ရုပ်သိမ်းလိုက်ပြီ.."

"စံပယ်လည်း ကြံရာပါမို့လား.."

"ကြံရာပါတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့ကြောင့်ဖြစ်သွားခဲ့ရတာကို နာကျင်သွားတာပါ၊ ဒါနဲ့မင်းက ဘယ်လိုလုပ်ပြီး သိ



www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ"

"ငါ မင်းတို့ဆီမရောက်ခင် လမ်းမှာ တုတ်လေးနဲ့တွေ့တယ်"

"ဆိုက္ကားသမား တုတ်လေးလား..."

"ဟုတ်တယ် ခန့်မောင် သူ့ကောင်တွေနဲ့ အရက်ဆိုင်မှာ ပြောနေတာတွေကို တုတ်လေးက ကြားပြီး ငါ့ကိုပြောပြလို့ကွ၊ ခရမ်းပြာကို ဘယ်နေရာခေါ်သွားသလဲတော့မသိဘူး၊ ဖြစ်ချင်တော့ ဝေသူဆိုတဲ့ကောင်က ရွှေဆိုင်ထဲကထွက်လာတာကို တွေ့ပြီး နှစ်ချက်လောက်ထိုးပြီးမေးတော့မှ နေရာကိုပြောတာနဲ့ ကားငှားပြီးလိုက်သွားတာပါ"

"ဟူး...တော်သေးပါရဲ့ကွာ၊ အချိန်မီလေး..."

"ကရုဏာ..နင်ဘာလို့ကြာနေတာလဲ..."

"လမ်းမှာ ကားပျက်နေတာနဲ့ကြာသွားတာပါ...မနက်ထဲက ရောက်ရင်တော့ ခုလိုဖြစ်မှာမဟုတ်ဘူး..."

"ခန့်မောင် အဖေ ဘမောင်ကတော့ သူ့သာအားတွက် ဗျာများနေပြီ..."

"ခရမ်းပြာ..နင်...ည ဘယ်မှာအိပ်လဲ..."





"ဒေါ်လေးမြိုင်နဲ့ အတူအိပ်တယ်၊ အမေတာရားစခန်းဝင်ကတည်းက ငါလည်းအဝတ်အစားတွေယူပြီး ဒေါ်လေးမြိုင်အိမ်မှာ သွားနေတာ"

"ဒေါ်မြိုင်မှာက အဖော်လိုနေတော့ အဆင်ပြေတာပေါ့ဟာ၊ ဟိုမှာ ဦးဘမောင်ကြီး လာနေတယ်"

ကရုဏာတို့ (၃) ယောက်ရှိနေသောနေရာသို့ ဦးဘမောင်ရောက်လာပြီး...

"သမီးလေး ခရမ်းပြာနဲ့ ဦးလေးစကားပြောချင်လို့"

"ပြောပါဦးလေး"

"နှစ်ယောက်တည်းပြောချင်တာကွဲ့ တခြားလူတွေ မသိစေချင်ဘူး"

"ဦးလေးပြောတဲ့စကားတွေကို ကျွန်မကတော့ ကရုဏာတို့ကိုပြန်ပြီး ပြောပြမှာပဲ၊ သူတို့မသိဘဲ ဘာကိုမှ ကျွန်မဘက်က ဆုံးဖြတ်မှာမဟုတ်ဘူး"

"ခုကိစ္စက မိသားစုကိစ္စပါ ခရမ်းပြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး…ခန့်မောင်ပေါ်ကို ကျေအေးပေးဖို့ ပြောမှာမဟုတ်လား၊ ဒီအတွက်ဆို စိတ်မကောင်းပါဘူး ဦးလေး၊ ဥပဒေအတိုင်းပဲ ရင်ဆိုင်လိုက်ပါ"

"ခရမ်းပြာ မင်းက ဘယ်သူ့အားကိုးနဲ့ ဒီစကားတွေကို ပြောနေတာလဲ၊ မင်းကို ငါကလုပ်ကျွေးနေတာကွ"

"ဦးလေးဆီက ထမင်းတစ်လုတ် ကျွန်မစားခဲ့တာကို ကျေးဇူးတင်ပါတယ်၊ ဒါကလည်း အပြည့်အဝ မဟုတ်ပါဘူး ကျွန်မမိခင်ကြီးရဲ့ ကျန်းမာရေးကြောင့် အခိုက်အတန့်လေးပါ"

"မင်းငါ့သားကို ကျေအေးပေးမလား၊ မင်းတို့သားအမိ အိမ်ပေါ်က နေဆင်းမလား ကြိုက်တာရွေး"

"ဒီအိမ်က ဦးလေးတစ်ယောက်တည်း ပိုင်တဲ့အိမ်လို့ ဆိုလိုတာလား၊ စဉ်းစားပါဦး ကျွန်မဖခင်ကြီး ကျန်ခဲ့တဲ့ငွေက တစ်ဝက်ကျော်လောက်ပါဝင်နေတယ်၊ ဦးလေးငွေက သွပ်ဖိုးလောက်ပဲ ပါတာပါ"

"တယ်… မင်း…"

"ဦးဘမောင် ခင်ဗျားလူကြီးပီပီစကားပြောရင် လက်တော့မပါနဲ့





နော်"

"မင်းက နေရာတကာ ပါနေတာလား"

"ခရမ်းပြာနဲ့ပတ်သက်ရင် နေရာတကာ မဟုတ်ဘူး၊ နေရာတိုင်း ပါနေမှာ"

"တောက်…တွေ့ကြဦးမှာပေါ့ကွာ"

"ကရုဏာက စိန်ခေါ်တဲ့ သူတွေကို စာရင်းကောက်ပြီးသားပါ"

"ခရမ်းပြာ နင်တို့သားအမိနဲ့ စာရင်းရှင်းမယ်မှတ်"

"ဦးလေး မရှင်းရင်တောင် ကျွန်မက မေမေ တရားစခန်းက ထွက်လာတာနဲ့ စာရင်းရှင်းမှာပါ"

ဦးဘမောင် မကျေနပ်သော မျက်နှာနှင့် ပြန်ပြီးထွက်သွားသည်။

"ရုပ်တွေကိုက အဖေမြေခွေး သားမြေခွေးရုပ်တွေ ရွံစရာကောင်းတယ်"

"ကရုဏာ ငါတို့ခုလို သင်္ကြန်ရက်မှာ ထိုင်နေမယ့်အစား တစ်ခုခု လုပ်ကြရအောင်"

"ငါ့ ခေါင်းထဲမှာ တွေးထားတာ တစ်ခုရှိတယ်"

www.burmeseclassic.com



"ဘာလဲ…ကရုဏာ"

"ငါတို့(၃)ယောက် ပဲခူးဘက်ကို သွားကြရင် မကောင်းဘူးလား"

"အေး ကောင်းတယ် ဘုရားတွေ ဖူးကြတာပေါ့…အိမ်သစ် နင်ရောလိုက်မလား"

"လိုက်ရမှာပေါ့ကွာ ရန်ကုန်သင်္ကြန်ကို မပျော်ချင်တော့ဘူး၊ သွားကြမယ်ဟေ့…"

တန်ခူးလေပြေလေးတွေက တိုက်ခတ်လျက်…

▲



ပဲခူးဘက်ကို သူငယ်ချင်း(၃)ယောက် သွားကြဖို့ စီစဉ်ထားခဲ့ပေမယ့် တကယ်တမ်းသွားဖြစ်တော့ ကရုဏာနှင့် ခရမ်းပြာနှစ်ယောက်လည်း… အိမ်သစ် မိခင်ကြီးအရေးပေါ် မိုက်အောင့်ပြီး ဆေးရုံသို့ တင်လိုက်ခြင်းကြောင့် အိမ်သစ်မလိုက်ဖြစ်ပေ။

ရန်ကုန်-ပဲခူး ကားလိုင်းတွေ သင်္ကြန်ရက်အတွင်း ပြေးဆွဲခြင်း မရှိခြင်းကြောင့် အောက်ဆိုက်ကားနှင့်ကရုဏာတို့ လိုက်ခဲ့ကြရသည်။

"အိမ်သစ်တော့ လွမ်းပြီးကျန်ရစ်ခဲ့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ဒီကောင်က သူ့အမေကို ဆေးရုံမှာ သူ့ညီမတွေနဲ့ ထားခဲ့ပြီး လိုက်ဖို့လုပ်နေလို့ ငါတားခဲ့ရတာ…"

"နင် ညက အိမ်သစ်နဲ့ ဆေးရုံပါသွားတယ်ပေါ့"

"အင်း…နင့်ကိုဒေါ်လေးမြိုင်ဆီကိုပို့ပြီးအပြန်မှာ သူ့အမေ သတင်းကြားတာနဲ့ ဆေးရုံကိုတစ်ခါတည်းလိုက်ခဲ့ကြတာ၊ မနက်မိုးလင်းမှ ပြန်ခဲ့တာ…"

"ကရုဏာ…နင်တရေးမှ မအိပ်ရသေးဘူးပေါ့…"

"အိပ်ဖို့မပြောနဲ့ မေးတောင် မမေးရသေးဘူး…၊ အဝတ်အစားလဲပြီးတာနဲ့ နင့်ကိုဝင်ခေါ်ပြီးထွက်ခဲ့ကြတာ.."

ပဲခူးသို့သွားသည့်အောက်ဆိုက်ကားကလေးဂိတ်မှ စတင်ပြီးထွက်ခွာနေပြီဖြစ်သည်။ ကရုဏာ မျက်လုံးတွေ ဟန်ပင်မဆောင်နိုင်တော့ဘဲ မှေးစင်းလာသောကြောင့် နောက်မှီဆိုဖာလေးကို မှီလျက် လိုက်ပါလာခဲ့လေသည်။

ခရမ်းပြာ… ကရုဏာမျက်နှာလေးကိုကြည့်ပြီး ရင်ထဲတွင် ကြေကွဲဝမ်းနည်းသလို ခံစားခဲ့ရသည်။ ခရမ်းပြာဘဝမှာ အခက်ခဲဆုံးအခင်တွယ်ရဆုံး





ရလူတစ်ယောက်…

ခရမ်းပြာဘဝအတွက် ကရုဏာသည် မရှိမဖြစ်အလိုအပ်ဆုံးဆိုလျှင် မမှား… ခရမ်းပြာ ဖခင်ကြီးကျန်းမာရေးချို့ယွင်းပြီး မိသားစုအခြေအနေစတင်ပြီး ယိမ်းယိုင်ချိန်တွင် ကရုဏာသည် သူ့အရွယ်နှင့်လိုက်ဖက်သည့်အလုပ်တွေကို ဝင်လုပ်ပြီး ခရမ်းပြာတို့မိသားစုလေးကို အတတ်နိုင်ဆုံးဝင်ပြီး ရပ်ပေးခဲ့သူ… ထိုစဉ်က အိမ်သစ်နှင့်ပတ်သက်ပြီး ဖြစ်ခဲ့သည့် ပြဿနာလေးကို ခရမ်းပြာပြန်ပြီး မြင်ယောင်မိလိုက်သည်။

"ခရမ်းပြာ…ရော့…"

"ဟင်…ငွေတွေ…"

အိမ်သစ်လက်ထဲတွင် ငွေတစ်ထောင်တန်တွေကို တွေ့လိုက်ရခြင်းကြောင့်…

"အိမ်သစ်..မင်း ဒီငွေတွေကို ဘယ်ကရလာသလဲ.."

"ငါ့မုန့်ဖိုးထဲက စုထားတဲ့ငွေတွေပါ"

"မင်းမိဘတွေ သိလား.."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး‥ သူတို့မသိအောင်စုထားတာ‥ ခရမ်းပြာအဖေ အခြေအနေက ခွဲစိတ်ရမယ်ကြားလို့ ငါ့မှာရှိတဲ့ပိုက်ဆံတွေကို လာပြီး ပေးတာ‥ ခွဲခန်းဝင်ပြီဆိုရင် ငွေကကုန်မှာ…"

"ငွေကုန်တာတော့ မှန်တယ်… ခရမ်းပြာအတွက် ငွေလိုနေတာလဲ မှန်တယ်၊ ဒါပေမယ့် မင်းဆီက ငွေကို လက်ခံရတာ စိတ်ထဲမှာ ထင့်နေတယ်"

"ယူမှာသာ ယူပါကွာ၊ အိမ်ကမသိကြပါဘူး"

"ကရုဏာ…"

ခရမ်းပြာမှ ကရုဏာဘက်ကို လှည့်ကြည့်ပြီး ခွင့်ပြုချက် တောင်းလိုက်သဖြင့်…

"ခွဲခန်းက ညနေဝင်မှာ ဆိုတော့ ငွေကအရေးပေါ် လိုနေတယ်၊ အိမ်သစ်ဆီက ငွေနဲ့ ငါတို့မှာရှိတဲ့ ငွေပေါင်းလိုက်ရင်တော့ မဆိုးဘူး… လက်ခံလိုက်ဟာ ဒီကောင် စေတနာတော့ အလဟဿ မဖြစ်ဘူး ပေါ့…. တစ်ခုတော့ပြောလိုက်ချင်တယ် အိမ်သစ်"

"မင်းပြောမှာကို ငါသဘောပေါက်တယ်၊ ငါ့မိဘတွေနဲ့ ပတ်သက်ပြီး မင်းပြောချင်တာ မဟုတ်လား"

"ဟုတ်တယ် မင်းမိဘ ပါးစပ်တွေကို ကြောက်တာ အိမ်သစ်ရေ"

"ခေါင်းထဲမှာ ထည့်မထားနဲ့ ဇာတ်လမ်းက ရှင်းပါတယ်"

"ဒါဆိုလည်း ပြီးရောဟေ့…ခရမ်းပြာ ဆေးရုံသွားကြရအောင် ဒါလေးတစ်ယောက်တည်း ဘာမှလုပ်တတ်မှာ မဟုတ်ဘူး"

"ငါမလိုက်တော့ဘူးကွာ မနက်ကျမှပဲ ဆေးရုံကို လာခဲ့တော့မယ်၊ မင်းတို့ ကျောင်းတက်မှာလား"

"ဒီရက်ပိုင်းတော့ ငါရော ခရမ်းပြာပါ တက်ဖြစ်မှာ မဟုတ်ဘူး"

"ကျောင်းစာတွေအတွက် ငါ့တာဝန်ထား၊ ခွင့်လည်းတိုင်ထားလိုက်မယ်"

"ကျေးဇူးပဲ သူငယ်ချင်း"

"မလိုအပ်တဲ့စကားလုံးတွေမသုံးနဲ့ကွာ"

"အိမ်သစ်ရာ…ငါက နောက်တာပါ၊ မင်းနဲ့ငါတို့ကြားမှာ ဒါတွေ မလိုအပ်ပါဘူး…"

အိမ်သစ်ကို ထားခဲ့ပြီး ကရုဏာနှင့်ခရမ်းပြာတို့ ဆေးရုံဆီသို့ထွက်




သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြတော့သည်။

ထိုနေ့သည် ခရမ်းပြာ ဖခင်ကြီးအတွက်နောက်ဆုံးနေ့ပင်မဟုတ်လား။



ခရမ်းပြာမိသားစုအတွက်မှီခိုရိပ်လေးတစ်ခုတော့ ပြိုလဲကျသွားခဲ့လေပြီ။

ခရမ်းပြာ၏မျက်ရည်တို့နှင့် ရှိုက်သံလေးတို့သည် လူးလွန့်စွာ ဆောင်းကင်ထက်သို့ တက်နေသော မီးခိုးတွေနှင့်အတူ…

"ခရမ်းပြာ ပြန်ကြရအောင်"

"ကရဏာရယ် ငါလေ ဖေဖေရဲ့ မီးခိုးလုံးကြီးတွေ ပျောက်ကွယ်တဲ့အထိ ကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာ၏ နောက်ဆုံးဆန္ဒကို မတားမြစ်ချင်ပေမယ့် အိမ်ရောက်ရင် လုပ်ကိုင်စရာများရှိသေးသောကြောင့်…

"ခရမ်းပြာ နင့်ဖခင်ရဲ့နောက်ဆုံးခရီးက မပြီးဆုံးသေးဘူးနော်သူ့အတွက် ငါတို့လုပ်ကိုင်စရာတွေကျန်သေးတယ်၊ အိမ်မှာ နင်နဲ့ငါပဲ လုပ်စရာရှိတာတွေ ဆက်ပြီးလုပ်ကြရမှာ"

အိမ်သစ်ကတော့ သူ့မိဘများ၏ တားမြစ်ပိတ်ပင်မှုများအောက်တွင် မရုန်းနိုင်သည့်လူတစ်ယောက်မို့ ခရမ်းပြာ ဖခင်ကြီး ဈာပနတွင် ဖိဖိစီးစီး ဝင်ပြီးမလုပ်နိုင်ချေ…သူ့ဘက်ကလုပ်ပေးနိုင်သလောက်တော့ လုပ်ကိုင်ပေးသည်။

ခရမ်းပြာစကားကို ကရုဏာငြင်းဆန်ခြင်းမရှိတော့ဘဲ ရပ်ထားတဲ့ အငှားကားလေးဆီသို့ ပြန်လာခဲ့ကြသည်၊ ကားပေါ်တွင် အိမ်သစ်မှာ ကားဆရာနှင့်အတူ စောင့်နေလေသည်။

ကရုဏာ နှင့် ခရမ်းပြာ ကားပေါ်သို့တက်မည်အပြု…

"ခဏနေကြဦး နင်တို့နဲ့စကားပြောချင်လို့ တမင်စောင့်နေတာ"

"ဟင် မေမေ… ဘာပြောမလို့လဲ"





အိမ်သစ် မိခင်ကြီးဒေါ်ခင်ပိုကို တွေ့လိုက်ရသည်။

"အိမ်သစ် နင့်ပါးစပ်ပိတ်ပြီးနေစမ်း"

"ဒေါ်ခင်ပို ဘာပြောချင်သလဲ ပြောပါ၊ တစ်ခုတော့သတိပေးထားမယ် ခုချိန်ဟာ လူတစ်ယောက်ရဲ့ ပူဆွေးသောကရောက်နေချိန် ဆိုတာတော့ ခင်ဗျား သတိပြုစေချင်တယ်"

"မင်းတို့ သာရေး နာရေးကို ငါဂရုမစိုက်ဘူး ငါ့သားဆီက ယူထားတဲ့ ငွေ (၅) သောင်းကို ပြန်လိုချင်တယ်"

"မေမေ"

"ဘာ"

ကရုဏာ သဘောပေါက်လိုက်သည်။ ခရမ်းပြာ ဖခင်အရေးပေါ်ခွဲစိတ်သည့်နေ့က အိမ်သစ်ပေးခဲ့သော ပိုက်ဆံပင်ဖြစ်သည်။

"အိမ်သစ် မင်းအမေကို မင်းပဲရှင်းပြလိုက်ကွာ၊ မင်းငွေတွေကို ငါတို့ကတောင်းတာလား မင်းသဘောနဲ့မင်း လာပြီးပေးတာလားဆိုတာ"

"ငါ့သဘောနဲ့ငါ လာပေးတာပါကွာ၊ မေမေ ဒီပိုက်ဆံက သား



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားဆီကရတဲ့ မုန့်ဖိုးကို စုထားတဲ့ ပိုက်ဆံတွေပါ”

“အိမ်သစ် မင်းဘယ်လိုပဲရရ၊ မင်းပိုက်ဆံဆိုရင် ငါတို့မိဘတွေ လည်းဆိုင်တယ်၊ အလကားပေးချင်တိုင်း ပေးလို့ရမလား”

“ကဲ…ဒေါ်ခင်ပို ခင်ဗျားစကားတွေ သိပ်ပေရှည်မနေနဲ့တော့၊ ခင်ဗျားပိုက်ဆံကို ဒီညနေလာပေးမယ်၊ အိမ်သစ် မင်းနဲ့ငါတို့အတွက် အပေါင်းအသင်းကဏ္ဍ မရှိတော့ဘူး”

“အံမာ…ကြီးကျယ်လို့ နင်ကပဲပြောရတယ်ရှိသေး၊ သေစ်ခုလာ စမ်း”

“တောက်…”

“ကရုဏာ…”

“လူဖြစ်ပြီး လူ့စိတ်မရှိတဲ့လူ့တိရစ္ဆာန်တွေ၊ အရက်ပုန်းရောင်း ချစ်တီးလို ကုပ်သွေးစုပ်ပြီး သူဌေးလိုလို ဘဝင်မြင့်နေတဲ့ဟာတွေ၊ စီးပွားပျက်ချင်ရင် ထပ်ပြီး အရစ်ရှည်ကြည့်လိုက်”

ဒေါ်ခင်ပို သူတို့လုပ်ကိုင်စားသောက်နေသော စီးပွားရေးကို သဘောပေါက်သလို ကရုဏာ၏ တစ်ဖွတ်ထိုးတဆောက်ကန်း စိတ်





ဓာတ်ကိုပါ သိထားသဖြင့် ဘာစကားကိုမှ ဆက်ပြီးမပြောတော့ဘဲ အိမ်သစ်ကို လက်ဆွဲခေါ်ကာ ထွက်သွားလေတော့သည်။

အိမ်သစ်တစ်ယောက်မှာ မိဘနှင့်သူငယ်ချင်းကြားတွင် သိုးငယ် လေးတစ်ကောင်လို မျက်နှာငယ်လေးဖြင့် ပါသွားလေတော့သည်။

“ခရမ်းပြာ စိတ်မကောင်းမဖြစ်နဲ့၊ အိမ်သစ်ဆီက ယူထားတဲ့ ငွေအတွက် ခေါင်းထဲမှာ မထားနဲ့၊ ငါရအောင်ရှာပေးလိုက်မယ်”

“နင်က ဘယ်ကသွားပြီး ရှာမှာလဲ”

“ရှာလို့ရတဲ့နေရာကပေါ့ဟာ”

“ကရုဏာ…”

“ခရမ်းပြာ..နင့်အတွေးတွေကို လိုအပ်တာထက်ပိုပြီးမတွေးနဲ့၊ ကရုဏာဆိုတဲ့ကောင်အတွက် ငွေဘယ်လိုရှာရင် ရတယ်ဆိုတာကို သိ ထားတယ်၊ စိတ်အေးအေးထားပြီးနေ… ညနေကျရင်တော့ ဟိုဟာမ မျက်နှာကို ငွေနဲ့ပေါက်ပြီး ပေးခဲ့မှာပါ…



www.burmeseclassic.com

www.burmeseclassic.com

ခရမ်းပြာကို အိမ်ပြန်ပို့ခဲ့ပြီး ကရဏာ အပြင်ကိုဆက်ပြီးထွက်ခဲ့လေသည်။ လမ်းထိပ်ရှိ ရာဂျူး ကွမ်းယာဆိုင်သို့ရောက်သောအခါ

"ရာဂျူး…ဗလတစ်ယောက်ကို ဘယ်မှာတွေ့နိုင်မလဲ"

"ကရဏာ ခုချိန် ဗလကို တွေ့ချင်ရင် ဈေးထိပ်က စားသောက်ဆိုင်ကိုလိုက်သွားပေတော့‥ဒီကောင် (ဘလက်)တစ်စီး အရောင်းအဝယ်တည့်သွားတယ်"

"ဒီကောင် တစ်ယောက်တည်းလား"

"ခင်မောင်သန်းတို့နဲ့ကွ၊ ခုဝေစုခွဲကြတော့မှာ၊ တစ်ယောက်ကို





(၅)ပုံးလောက် နိုင်မှာ"

"အတော်ပဲ ငါငွေလိုနေတာနဲ့၊ အချိန်မီ လိုက်သွားဦးမယ်"

"ဩော်…ကရဏာ‥ဒီသတင်းကို ငါပြောတယ်လို့ မသိစေနဲ့ဦး၊ ဒီကောင်တွေကြိတ်ပြီးရိုက်ထားတာ"

"ရာဂျူး…ဒီကောင်တွေ စာအုပ်ဘယ်ကနေရိုက်ထုတ်လည်းဆိုတါအမှာဆီကပဲမဟုတ်လား"

"သေချာတာပေါ့…"

လိုင်စင်မဲ့ကားကို ဘက်ပေါင်းစုံမှအတုလုပ်ပြီးခွင်ကျကျ လုပ်စားနေကြသော လောကသားတွေရဲ့ စားကွက်တစ်ခုကို ကရဏာကောင်းကောင်းကြီးနောကျေနေပြီဖြစ်သည်။

စားသောက်ဆိုင်ထဲသို့ လှမ်းပြီးဝင်လိုက်သည်နှင့် ဗလ၊ ခင်မောင်သန်းနှင့်မိမိမာတို့ ထောင့်စွန်းဝိုင်းတွင် ထိုင်လျက်အောင်ပွဲခံနေကြသည်။

"အတော်ပဲဟေ့… အလှူ့ဒကာတွေနဲ့ကြုံတုန်းဆုံတုန်းလေး ဝမ်းရေးဖြည့်ရဦးမယ်"

"လာ…ကရဏာ…ထိုင်ကွာ… ခရမ်းပြာအဖေ အသုဘကောင်

www.burmeseclassic.com



လိုက်မပို့လိုက်ရဘူး၊ ဒီမှာ တခြားကိစ္စလေးပေါ်နေလို့…"

"လူမှုရေးထက် ငွေကြေးပိုင်းကပိုပြီးအရေးကြီးနေတဲ့မင်းတို့ အတွက်တော့ ဘာမှမဖြစ်ပါဘူး"

"ဒီလိုလည်း မဟုတ်ပါဘူး"

"ထားလိုက်ပါ… မင်းတို့ ကိုပေါက်ကြီးဆီက ကားကိုထုတ် လိုက်ပြီဆို…"

"ဟာ…"

"ဟင်…"

ဗလတို့ ထုတ်လိုက်သောကားမှာ ကိုပေါက်ကားဆိုသည်ကို ကရုဏာမှန်းပြီးပြောလိုက်ခြင်းဖြစ်သည်။

"မင်းဘယ်လိုလုပ်ပြီးသိတာလဲ"

"ခင်မောင်သန်း…မင်းတို့လည်း ဒီလောကမှာပဲ ဖျံကျနေကြတဲ့ သူတွေပဲ၊ ငါလည်း ခပ်ညံ့ညံ့လူတော့မဟုတ်ဘူး၊ ဒီကားကို ငါနဲ့ ကိုပေါက် ရိုက်ထားတာကို··ဗလ··မင်းသိရက်နဲ့ ဘာသဘောလဲ"

"ဟာ…မဟုတ်ရပါဘူးကွာ… ဝယ်လက်ကပေါ်လာပြီး ရိုက်လို့





ရမယ့်သူဖြစ်တာနဲ့ ကိုပေါက်ကိုပြောပြီးမှ ထုတ်လိုက်တာပါ"

"ငါ့ဝယ်လက် မနက်ဖြန်ရောက်မယ်ဆိုတာရော မင်းကိုငါ ပြော ထားတယ်လေကွာ…"

"ဒါတော့ ကရုဏာ··မင်း··ကိုပေါက်နဲ့စကားပြော၊ ငါတို့နဲ့ မဆိုင်ဘူး··"

"ခင်မောင်သန်း… မင်းဒီလိုအချိုးမျိုးချိုးလို့ရလား·· မင်း ဒီလို စည်းကမ်းမဲ့ရင် ငါ့ဘက်ကလည်း စည်းကမ်းမဲ့လိုက်ရုံပဲနော်"

"ဟယ်·· ကရုဏာ·· နင်ဒီလိုတော့ မလုပ်ပါနဲ့"

မိမိမာနှင့်ခင်မောင်သန်းတို့ သူတို့လုပ်ကိုင်စားသောက်ရသည့် လမ်းကြောင်းကို သဘောပေါက်သည်။ စည်းတစ်ချက်ဖောက်သည် နှင့်အားလုံး သံတိုင်ကြားသို့ရောက်သွားကြမည်မဟုတ်လား။

"နင်ဘယ်လိုဖြစ်ချင်လဲ…ပြောပါ…"

"ငါ မိုက်ကြေးခွဲတာမျိုးမလုပ်ချင်ဘူး·· တစ်ယောက်နဲ့ တစ် ယောက် နားလည်သဘောပေါက်ပေးရင် ရပါတယ်…"

"ဒီလိုလုပ်ကွာ·· ငါတို့ ကိစ္စဝိစ္စတွေ နုတ်လိုက်ရင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို (၅)သိန်းလောက် စီတော့ကျန်မယ်၊ ငါတို့ဆီက တစ်ယောက်ကို ဘယ်လောက်ခွဲပေးရမလဲ"

"ငါ့ဘက်က လောဘမကြီးပါဘူး၊ တစ်ယောက်ငါးသောင်းလောက် ပေးနိုင်မလား"

"ဒီလောက်ကတော့ ကရုဏာရယ်…ပြောရမယ့်ကိစ္စတောင် မဟုတ်ပါဘူး…"

"ကျေးဇူးတင်တယ်ကွာ‥ ငါ့အတွက် ငွေသိပ်ပြီး အရေးကြီးနေလို့ မင်းတို့ပေးတဲ့ငွေဟာ ငါ့ကို ကူညီတယ်လို့သဘောထားလိုက်ပါ"

"ကရုဏာ…နင်ဒီငွေဘာအတွက်လိုအပ်သလဲဆိုတာ ငါတို့သိပါတယ်၊ ခရမ်းပြာအဖေ ရှာပနအတွက်မဟုတ်လား"

"မိမိမာ‥သိရင်ထပ်ပြီးမပြောနဲ့တော့၊ ငွေခုတစ်ခါတည်း ယူသွားချင်တယ်"

"ရော့…ငါ့ထဲက အရင်ယူသွား၊ ပြီးမှ သူတို့နဲ့ငါရှင်းမယ်"

ဗလဆီမှ ငွေတစ်သိန်းခွဲကိုယူပြီး သူတို့တိုက်တဲ့အအေးတစ်ခွက်ကိုသောက်ကာ ပြန်ထွက်ခဲ့တော့သည်။





"ဟူး…."

ခရမ်းပြာအတွက် ကံကောင်းသောတိုက်ဆိုင်မှုလေးတစ်ခုပင်ဆိုရသည်။ ကရုဏာ‥အရင်ဆုံးသွားရမည့် နေရာက အိမ်သစ်မီခင် ဒေါ်ခင်ပိုဆီပင်ဖြစ်သည်။ ဒေါ်ခင်ပိုတို့အိမ်ရှေ့သို့ရောက်သည်နှင့် အိမ်သစ်ကို ခြံဝတွင်တွေ့လိုက်ရသည်။

"ကရုဏာ"

"မင်း ငါ့ကို ဒီမျက်နှာမျိုးနဲ့ မခေါ်နဲ့ အိမ်သစ်"

"ငါ…ငါ‥တောင်းပန်ပါတယ်ကွာ"

"မင်းတောင်းပန်ချိန်က နောက်ကျသွားပြီ အိမ်သစ်၊ ငါဘာမှပြီး မစဉ်းစားချင်ဘူး၊ မင်းအမေရှိလား"

"ရှိတယ်… အိမ်ပေါ်မှာ‥"

ကရုဏာ…အိမ်ပေါ်သို့တန်းပြီးတက်သွားသည်။

"မင်း‥ငါ့ကိုငွေလာပြီးပေးတာလား‥"

"သိပ်ဟုတ်တာပေါ့…ငွေပေးရုံတင်မကဘူး‥ခင်ဗျား ပါးစပ်ကိုပြီးပိတ်တာ‥ခင်ဗျား နောက်တစ်ခါ ခရမ်းပြာနဲ့ပတ်သက်ပြီး ပုပ်

www.burmeseclassic.com



ကွက်ထဲမှာ ပေါက်ကရတွေပြောလို့ကတော့ မလွယ်ဘူးမှတ်…”

“ဟော့ကောင်..မင်းက အိမ်ပေါ်တက်ပြီး လူမိုက်စကားလာပြီး ပြောနေတာလား…”

အိမ်သစ်ဖခင် ဦးကျင်မောင် အရက်သောက်နေရင်းမှ ကရဏာကို လှမ်းပြီးပြောလိုက်သဖြင့်….

“လူမိုက်စကားပြောတာမဟုတ်ဘူး၊ ပါးစပ်စည်းကမ်းမရှိတဲ့ ခင်ဗျားတို့ လင်မယားကို သတိလာပြီးပေးတာ၊ ယောက်ျားကြီးတန်မဲ့ လူတကာကို ခရမ်းပြာက ခင်ဗျားသားကိုချူပြီး စားတာတွေ၊ မာယာသုံးတာတွေ ပြောနေလို့ ပါးစပ်လာပိတ်တာ…”

“တယ်… ဒီကောင်”

“ဦးကျင်မောင်…ခင်ဗျားအရက်တိုက်ပြီး တပည့်မွေးထားတဲ့ လူမိုက်အဆင့်လောက်သတ္တိနဲ့တော့ ကရဏာကို ဟန့်ရေးမပြနဲ့”

“ကရဏာ… ငါတောင်းပန်ပါတယ်ကွာ..ပြန်ပါ”

“အိမ်သစ်..မင်းကြောင့်ခုလို ငါစကားလာပြီးပြောနေရတာ၊ အစထဲက မင်းကိစ္စကို မင်းပြတ်ရင် ဘာမှ စကားပြောစရာတောင်





ဘူး၊ ရော့…ခင်ဗျားငွေငါးသောင်း..”

“ဘုတ်…”

ကရဏာ ငွေငါးသောင်းကို ပစ်ချပေးလိုက်သည်

“အိမ်သစ်… မင်းဆီကငွေပြန်ပေးလိုက်ပြီနော်…မင်းမိဘတွေ က်ထပ် ပေါက်ကရစကားသံတွေထွက်ရင် အရက်ဆီလာပြီးပို့တဲ့ မ်းကြောင်းပေါ်မှာ နောက်ဆက်တွဲပါ လိုက်သွားရမယ် မှတ်ထား”

“ဟော…”

“ဟယ်…”

ကရဏာစကားသည် ဒေါ်ခင်ပိုတို့အတွက် ထိတ်လန့်စရာဖြစ် းသည်။

“ကရဏာ မသိတဲ့လမ်းကြောင်းဆိုတာ မရှိဘူးမှတ်ထား၊ အိမ်သစ် တ်သက်ပြီး ခင်ဗျားတို့ စီးပွားရေးကို တုတ်နဲ့မထိုးတာ၊ ဒီတစ်ခါ ာ့ မရတော့ဘူး၊ ပိုက်ဆံရေကြည့်ဦး”

“မရတော့ပါဘူးကွယ်၊ ဦးတို့က မသိလို့ပြောဆိုမိတာပါ”

“ဪ… မောင်ကရဏာ… ခရမ်းပြာအဖေအတွက် ငွေငါး



www.burmeseclassic.com

www.burmeseclassic.com



သောင်းကူလိုက်ပါရစေ"

"ခင်ဗျားတို့ဆီက တစ်ပြားတစ်ချပ်တောင် ကူငွေလက်မခံဘူး"

"ကရုဏာ..."

အိမ်သစ် လှမ်းပြီးခေါ်သည်ကို လှည့်ပင်မကြည့်ဘဲ ပြန်ပြီးထွက်လာခဲ့တော့သည်။

"ဝုန်း..."

"ဟာ..."

ကားကိုရေပုံးဖြင့်လှမ်းပြီးပက်လိုက်သောအသံကြောင့် ရေမစင်ပေမယ့် မေးထားသည့်မျက်လုံးလေးကျယ်သွားသည်။

"ပဲခူးတောင် ဝင်ဖို့နီးလာပြီ"

"ကရုဏာ နင်အိပ်တာလား စဉ်းစားနေတာလား"

"အိပ်နေတာလေ.."

"မဖြစ်နိုင်တာ..နင်တစ်ခုခုကိုတွေးနေတာပါ"

ကရုဏာနှင့်ခရမ်းပြာကြားတွင် လိမ်ညာ၍မရနိုင်သော ကိစ္စများစွာရှိနေသည့်ထဲမှာ ထိုအရာလေးလည်း ပါဝင်လေသည်။





"ငါနဲ့အိမ်သစ်မိဘတွေ ပြဿနာတက်ခဲ့တာလေးကို ပြန်ပြီးစဉ်းစားနေတာပါ"

"ဖေဖေ ဆုံးတုန်းကလား"

"ဟုတ်တယ်.. ဒီတုန်းက အိမ်သစ်ကို တစ်လလောက်စကားမပြောဘဲ ပစ်ထားတာ၊ နင့်ကြောင့်ပြန်ပြီး စကားပြောရတာ"

"ကရုဏာရယ်... ငယ်ပေါင်းတွေဆိုတော့လည်း သံယောဇဉ်က ဘယ်လိုလုပ်ပြီးဖြတ်လို့ရမှာလည်းဟာ... သူ့မိဘတွေကြောင့်သာ သူ့ကို စကားမပြောရတာ"

"အိမ်သစ်ကို ငါအားမရတာ ဒီစိတ်ခာတ်ပဲ၊ မိဘကို ဆန့်ကျင်ဖို့ပြောတာမဟုတ်ပါဘူး၊ အမှားအမှန်ပေါ်မှာတော့ ရင်ဆိုင်ရဲတဲ့သတ္တိတော့ ရှိသင့်တယ်"

"ခုနောက်ပိုင်းတော့ အတော်လေးကို ဟုတ်လာပါပြီဟ၊ အရင်ကလိုမျိုး ခပ်ထုံထုံမဟုတ်တော့ပါဘူး၊ နင် ခရီးသွားတဲ့အချိန်ဆိုရင် ငါ့ဆီမှာနေတဲ့ သူ့ပုံစံက အဟုတ်ပဲ... နင့်ကို မပြောရသေးဘူး... သင်္ကြန်မတိုင်ခင် (၃)ရက်လောက်က ဟိုဘက်ရပ်ကွက်က ကျော်မော်က ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



စကားကြားလိုက်ပြီး ပြောတုန်း အိမ်သစ်နဲ့ ပက်ပင်းတိုးတော့ သူလက်သီးနဲ့ထိုးလို့ ကျော်မော် နှုတ်ခမ်းတောင်ကွဲသွားတယ်"

"ဒီလောက်ဆို ငါကောင့်ကဲ့ ယက်ရည်မဆိုးဘူး"

"ကရုဏာရယ်‥ လူဆိုတာ ပြောင်းလဲခြင်းနဲ့ရွေ့လျားနေကြတာပါဟာ…"

မရွေ့လျား ရပ်တန့်၍ နေသောအရာကတော့ သူတို့နှစ်ဦး၏ အဖြူရောင်သံယောဇဉ်…။



ပဲခူး ကိုးသိန်းကိုးသန်းစေတီလေးဘက်သို့ မြင်းလှည်းကလေးငှားပြီးနှစ်ယောက်သား ထွက်လာခဲ့ကြသည်။ လမ်းတစ်လျှောက်ရေအပက်ခံထားရခြင်းကြောင့် နှစ်ယောက်လုံး ရေတွေရွှဲနစ်နေကြသည်။

"ခရမ်းပြာ… အချမ်းပြေ လက်ဖက်ရည်လေးဝင်သောက်ကြရအောင်…"

"အင်း…"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာမှာ ကရဏာ၏ လက်မောင်းလေးကို တုန့်ယင်နေသော လက်ကလေးဖြင့် ဆုပ်ကိုင်လျက် လိုက်ပါလာသည်။

သကြံ့န်ရက်ကလေးအတွင်း စေတီဝန်းကျင်တွင် ဥပုသ်သည်တွေ လောက်သာ တွေ့ရပြီး ဘုရားဖူးသူမှာ နည်းပါးသည်။

"လူတော်တော်ရှင်းတာပဲနော်"

"သင်္ကြန်ရက်ဆိုတော့ မြို့ပေါ်တက်ပြီး ကစားကြမှာပေါ့"

နှစ်ဦးသား လျှောက်လာကြရင်း လူခြေအရိပ်အယောင် မတွေ့သောနေရာသို့ ရောက်လာကြသည်။

"ခရမ်းပြာ မိုက်ဆာနေပြီလား"

"ဟင့်အင်း...မဆာသေးပါဘူး၊ နေကပြင်းတယ်နော် ဟိုရှေ့နားက အပင်အောင်မှာ ထိုင်ကြတာပေါ့"

"ရှေ့နားကို ဆက်ပြီးမသွားတော့ဘူး ဒီကပဲပြန်လှည့်ကြရင် ကောင်းမယ်"

"ကရဏာသဘောပဲလေ"

ချစ်သူတွေမဟုတ်ကြပေမယ့် တစ်ဦးနှင့်တစ်ဦး ရင်ထဲမှာ စာဖွဲ့





လို့မမှီနိုင်သော သံယောဇဉ်ကြိုးတွေ နှိုင်မာစွာတုပ်နှောင်ထားကြသူ တွေမို့ချစ်သူတွေထက် မြဲစေသော မေတ္တာတရားတွေ ကိုယ်စီနှင့် ကရဏာ ပခုံးလေးကို ခရမ်းပြာ မှီကာနေလေသည်။

"ခရမ်းပြာ တက္ကသိုလ်တက်ဖို့ မြင်ဆင်စရာတွေကို ပြင်ထားဦးလေ"

"(၁၀)တန်းအောင်စာရင်းဖြင့် မထွက်သေးဘူး.. တက္ကသိုလ်တက်ဖို့ ကြိုပြီးပြောနေရတယ်လို့..."

"ခရမ်းပြာအောင်မယ်ဆိုတာကို ငါယုံကြည်တယ်"

"ခရမ်းပြာကြောင့် ကရဏာလည်း တာဝန်ကြီးတစ်ခုလို ဖြစ်နေပြီနော်.."

"တာဝန်တစ်ခုမဟုတ်ဘူး ခရမ်းပြာ၊ ဘဝချင်းထပ်တူထပ်မျှလို့ ခံယူထားတာ"

"ကရဏာ အိမ်ထောင်မပြုတော့ဘူးလား"

"ငါ့ဘေးမှာ နင်ရှိနေသရွေ့ အိမ်ထောင်ပြုဖို့မဆိုထားနဲ့ ရည်းစားတောင်ထားဖို့ဝေးရော.. တစ်ခုတော့ရှိတယ်...ခရမ်းပြာဆိုတဲ့နင် ခွဲခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားရင်တော့ တစ်မျိုးစဉ်းစားရတာပေါ့..''

''ဒါဆိုရင် နင်တစ်မျိုးစဉ်းစားမနေနဲ့တော့''

''ဘာလို့လဲ ခရမ်းပြာ''

''နင့်ကိုငါ ဘယ်တော့မှ ခွဲသွားမှာမဟုတ်ဘူး''

''ဒီလိုပဲ ပြောကြတာပဲ''

''ခု ငါတို့(၂)ယောက် ထိုင်နေတဲ့နေရာက ဘုရားမြေကိုကိုင်ပြီး သစ္စာစကားလိုသဘောထား..ထာဝရ...ထာဝရဆိုတာ တခြားသူတွေဆီမှာ မရှိပေမယ့် ငါတို့နှစ်ယောက်ရင်ထဲမှာတော့ ရှိနေရမယ်...''

''ဒီစကားလေးတွေနဲ့ ဖုန်းမောင်တစ်ယောက် ကျေနပ်ဆုံးကမ္ဘာကြီးတစ်ခုထဲကို ရောက်သွားရပြန်ပြီပေါ့...''

''နင်ကျေနပ်စေမယ့်စကား မဟုတ်ရပါဘူး၊ နင့်ရင်ထဲမှာယုံကြည်စေချင်တဲ့ စကားတွေပါဟယ်''

''ယုံကြည်ခြင်းများစွာနဲ့ ယုံကြည်နေမှာပါ''

ခရမ်းပြာလက်ကလေးကို ကရုဏာဆုပ်ကိုင်လိုက်ပြီး နွေရူးလေတွေကို ရှူရှိုက်မိလိုက်သည်။





''နင်တို့ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ဘူးလား''

''ဟင်...''

''ဟယ်''

ကရုဏာတို့ ကြားလိုက်ရသောအသံသည် သူတို့ထိုင်နေကြသော သစ်ပင်ကြီးနောက်မှ စေတီလေးဆီမှဖြစ်သည်။

''စကားအပိုတွေ ပြောမနေနဲ့ဗျာ အချိန်မရှိဘူး၊ ကျုပ်လက်ထဲကဓားက စကားရှည်တာကို မကြိုက်ဘူး''

''နင်တို့ ဘာယူချင်တာလဲ''

''ခင်ဗျားကိုယ်မှာ ဝတ်ဆင်ထားတဲ့ ပစ္စည်းအားလုံးကိုယူမယ် ပြီးရင်ဒီအးကကောင်မလေးကို ခဏလောက်တော့ ခေါ်သွားချင်တယ်''

''နင်တို့ မိုက်ရိုင်းလှချည်လား လူတွေမှဟုတ်ရဲ့လား ခွေးတိရစ္ဆာန်တွေထက် ယုတ်မာတယ်''

''တယ်... ခင်ဗျားကြီးတော့ ကောင်းကင်ဘုံကို ရောက်ချင်ပြီ''

''မာမီ...မာမီ...''

ကရုဏာ ကြားရသောအသံတွေဆီကို ခေါင်းပြန်ပြီးကြည့်လိုက်ရာ

www.burmeseclassic.com



လူ(၃)ယောက် ဓါးရှည်(၂)လက် ဓါးမြှောင်တစ်လက်ကို ကိုင်လျက် အမျိုးသမီးတစ်ဦးနှင့် ကရဏာတို့နှင့်အသက်ရွယ်တူ မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။

"သကြံနံရက်ကြီး ဘုရားမြေပေါ်မှာ စည်းကမ်းမဲ့တဲ့ လုပ်ရပ်ပဲ..."

"ရိုင်းစိုင်းတဲ့ လူတွေပဲ"

"ခရမ်းပြာ ဒီမှာနေခဲ့ဦး"

ကရဏာ အခြေအနေကို ထရပ်ကြည့်ပြီး ခပ်လှမ်းလှမ်းဆီမှ ဝါးဆစ်ပိုင်းတစ်ချောင်းကို ကောက်ယူကာ စေတီလေးဘေးနားဆီသို့ ကပ်သွားလိုက်သည်။

"ကြာတယ်ကွာ နုနုလှလှစကားလုံးတွေသုံးမနေနဲ့တော့၊ အချိန်မရဘူး ကြမ်းစရာရှိတာ ကြမ်းကွာ၊ အသံထွက်ရင်ရှင်းကွာ"

သုံးယောက်ထဲမှ ဓါးရှည်ကိုင်ထားသောသူက အမျိုးသမီးကြီးဆီသို့ အတင်းဝင်လုံးရန် ကြိုးစားသည်နှင့်...

"ကဲကွာ..."





"ဖြောင်း... အား..."

ကရဏာ အမှတ်မထင် ရိုက်ချလိုက်မှုကြောင့် ဓါးရှည်သမားမြေသို့စိုက်ကျသွားသည်။ ကရဏာ ဆက်တိုက် တိုက်ခိုက်မှုတွေကို ပြုလုပ်ရတော့သည်။

"ဒုတ်...အီး...ခွမ်း...အား..."

ကရဏာလှုပ်ရှားမှုတွေမှာ တစ်ဖက်မှ ပြင်ဆင်ချိန်ကို မရလိုက်ပဲ ကရဏာ ဝါးဆစ်ပိုင်းအောက်တွင်သုံးယောက်လုံး မှောက်သွားကြသည့်ကြားမှ တစ်ယောက်မှ ပြန်ပြီးကုန်းထရန်ပြင်နေခြင်းကြောင့် ကရဏာ စီးပြီးရိုက်ရန် ချိန်ရွယ်လိုက်သည်။

"ငါ့မောင် မရိုက်နဲ့တော့"

ကရဏာလက်ကို အမျိုးသမီးကြီးလှမ်းပြီး ဆွဲထားလိုက်သည်။

"ဖြောင်း...အီး..."

ထို့ကြောင့် ကရဏာ ရှေ့တွင် ကုန်းကုန်းကွကွဖြစ်နေသော ကောင်ကို ဆောင့်ကန်လိုက်သည်။

"ကရဏာ"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းပြာ အပြေးလေးရောက်လာသည်။

"ငါ့မောင် ခုလိုဝင်ကယ်တာကို ကျေးဇူးမမေ့ပါဘူးကွယ်"

"ရပါတယ် အစ်မ"

"မောင်လေးတို့က အထဲကိုပြန်ပြီးဝင်ကြမှာလား"

"ဟင့်အင်း…ဒီဘက်ကို ပြန်ပြီးထွက်ကြမှာပါ"

"ဒါဆို အတူတူသွားကြတာပေါ့"

"ကရုဏာ…ဒီသုံးကောင်ကိုရော ဘယ်လိုလုပ်ခဲ့မှာလဲ"

"သူတို့စရိတ်နဲ့သူတို့ သွားလိမ့်မယ်၊ အချုပ်ထဲကို မရောက်တာကိုပဲ ကံကောင်းတယ်မှတ်"

ကရုဏာတို့ပြန်ထွက်လာကြပြီး အအေးဆိုင်လေးတစ်ခုထဲသို့ အမျိုးသမီးကြီး ဖိတ်ခေါ်သဖြင့် ဝင်ခဲ့ကြသည်။

"မမနာမည်က မျိုးသီရိနိုင်လို့ ခေါ်တယ်၊ သူကတော့ မမသမီးလေး ပြေနိုင်လို့ခေါ်တယ်"

"ဟုတ်ကဲ့ ကျွန်တော်ကတော့ ကရုဏာပါ၊ သူကတော့ခရမ်းပြာပါ"





အပြန်အလှန် မိတ်ဆက်လိုက်ကြပြီး မျိုးသီရိနိုင်မှ လိပ်စာကဒ်လေး ထုတ်ပေးသည်၊ ရန်ကုန်လိပ်စာမဟုတ် မန္တလေး လိပ်စာလေးပင် ဖြစ်သည်။

"မမတို့က မန္တလေးကတောင် ဒီကိုလာပြီး ဘုရားဖူးကြတာပါ"

"အစ်မတို့ဘိုးဘွားမိဘတွေ လက်ထက်ထဲက ကျောင်းဆောက်လှူခဲ့တယ်ခဲ့တဲ့စေတီလေးကို ပြန်လည်မွမ်းမံဖို့လာပြီးကြည့်ရင်းခုလို လူယုတ်မာတွေနဲ့ ကြုံရတာပဲကွယ်၊ စကားမစပ် စပ်စုတာတော့မဟုတ်ဘူးနော်၊ မောင်လေးတို့ (၂) ယောက်က ချစ်သူတွေလား"

"ဟင်…"

"အင်း…ဟုတ်ပါတယ်"

"တခြားသူတွေ မျက်လုံးထဲမှာတော့ မပြောတတ်ဘူး၊ မမ မျက်လုံးထဲ မှာတော့ လိုက်ဖက်တဲ့ စုံတွဲလေးပဲကွယ်၊ တစ်မျိုးမမြင်နဲ့နော်၊ မောင်လေးတို့(၂)ဦးကို မမမင်္ဂလာအမှတ်တရလေး ပေးချင်တယ်၊ မငြင်းစေချင်ဘူး…"



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာတို့ ဘာစကားမှမဆိုဘဲနေလိုက်သည်။ ဒေါ်မျိုးသီရိနိုင် သူ့လက်ထဲမှ ရွှေမောင်းကွင်းလေး (၂)ကွင်းကို ချွတ်ပြီး တစ်ယောက် တစ်ကွင်းစီ စွပ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် မမ…"

"မောင်လေးတို့(၂)ယောက် ဘဝကလေး ထာဝရခိုင်မြဲနိုင်ကြပါ စေကွယ်…"

နှစ်ဦးသားပြိုင်တူခေါင်းလေးညိတ်လိုက်ပြီး နှုတ်ဆက်ကာ လမ်း သွားကြသည်။ မျိုးသီရိနိုင်တို့ကတော့ ကားပေါ်သို့တက်ပြီးထွက်သွား လေတော့သည်။

"ခရမ်းပြာ… နှင် ငါ့ကိုစိတ်ဆိုးနေလား…"

"နှင့်စကားကဘာလဲဟဲ့… ငါက ဘာကိုစိတ်ဆိုးရမှာလဲ…"

"စောစောက နှင်နဲ့ငါ့ကို ချစ်သူတွေလို့ပြောလိုက်လို့ပါ"

"ဒါများ ကရုဏာရယ်…နှင်နဲ့ငါ့ဘဝက ချစ်သူတွေထက်မကတဲ့ သံယောဇဉ်တွေနဲ့ပေါင်းစည်းနေခဲ့ကြသူတွေပါ…"

"ချစ်သူမကတဲ့ သူတွေပေါ့…"





"ချစ်သူမကဆိုတာ ရင်ထဲက သံယောဇဉ်တွေနော်… တခြား အာတွေ မတွေးနဲ့"

"ခရမ်းပြာရယ်… မတွေးဝံ့ပါဘူး"

မျိုးသီရိနိုင် ဝတ်ဆင်ပေးခဲ့သော လက်စွပ်လေးကို ပြိုင်တူကြည့် ပြီး ပြုံးလိုက်မိကြတော့သည်။

ထိုအပြုံးပွင့်လေးတွေ၏ ကောင်းကင်ထက်မှာတော့ ပန်းလေးတွေ ဝေဆာနေလျက်….



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၃ ၊

ကရုဏာ...သူ့အပြင်မှာရှာဖွေ၍ ရသည့်ငွေလေးနှင့် တက္ကစီ
ကားလေးကို စပေါ်တင်ပြီးမောင်းနေသည်။

ဦးဘမောင်နှင့်ခရမ်းပြာတို့ စာရင်းရှင်းလိုက်ပြီး အိမ်ကြီး
ရောင်းချကာ ခွဲဝေယူလိုက်သည်။ ခရမ်းပြာမေမေက သူ့ကျန်းမာ
အခြေအနေကောင်းသောကြောင့် သာသနာ့ဘောင်ထဲသို့တစ်သက်





သွားပြီး သမီးဖြစ်သူကို ကရုဏာနှင့် စိတ်ချယုံကြည်စွာအပ်နှံခဲ့သည်။

သူတို့(၂)ယောက်ကို လူကြီးတွေရှေ့တွင် အတိအလင်း စေ့စပ်ပေးခဲ့
ခြင်းဖြစ်၏။ ကရုဏာကတော့ ခရမ်းပြာကို အပျိုစင်ဘဝနှင့်တက္ကသိုလ်
ဆင်းသူဖြစ်စေချင်သောကြောင့် ဖြူစင်စွာပင် နေထိုင်ခဲ့သည်။

ကရုဏာတို့လက်ထဲမှာရှိသည့်ငွေလေးနှင့် အိမ်ကလေးတစ်လုံးကို
ငှားရမ်းပြီး ဒေါ်လေးမြိုင်ကို ခေါ်ထားခဲ့သည်။ သူတို့(၂)ဦးဘဝလေး
သုညကနေစပြီး တည်ဆောက်ရလေသည်။ တခြားနေ့တွေက
ကားကို ည(၈:၀၀)နာရီလောက်မှ သိမ်းပေမယ့် ဒီနေ့စိတ်ထဲတွင် လေး
နေသောကြောင့် ခပ်စောစောလေးသိမ်းခဲ့သည်။

ကားပိုင်ရှင်သည် ကရုဏာကို စိတ်ချယုံကြည်စွာနှင့်ကားကို အပ်နှံ
ထားလေသည်။ ကရုဏာ တက္ကစီအငှားကားလေးကို အိမ်မှာပင်ထား
သည်။ လမ်းထဲသို့ ကားလေးဝင်မည်အပြု ခရမ်းပြာကိုတွေ့ရသဖြင့်
ားတွင် ကားထိုးရပ်လိုက်ပြီး...

"ခရမ်းပြာ..ဘာဖြစ်လို့လဲ..."

"ကရုဏာ...ဟို..ဟို...အိမ်သစ်ဆေးရုံတင်ထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… အိမ်သစ်ဘာဖြစ်လို့ ဆေးရုံတင်ရတာလဲ"

"ကျိုင်း…"

ခရမ်းပြာ ကားတံခါးကိုဖွင့်ပြီး ကားထဲသို့ဝင်လိုက်ပြီး…

"အိမ်သစ်ကို ဝိုင်းရိုက်ပြီး ဓားနဲ့ထိုးသွားလို့"

"ဟင်… ဘယ်သူတွေလဲ"

"ခုထိတော့ သေသေချာချာ မသိရသေးဘူး…"

ကရုဏာ ဆေးရုံသို့ ကားလေးကို အမြန်ဆုံးမောင်းလာခဲ့တော့သည်။

"ညနေပိုင်းလောက်က ငါတို့(၂)ယောက်စားဖို့ဆိုပြီး ခေါက်ဆွဲကြော်လာပို့ပြီး ဘာမှ မကြာလိုက်ဘူး၊ သတင်းကြားရတာပဲ၊ ဖြစ်တဲ့နေရာက လူသူကင်းတော့ ဘယ်သူမှ မတွေ့လိုက်ကြဘူး"

အိမ်သစ် ခုရက်ပိုင်းအတွင်း မျက်နှာမကောင်းတာကိုတော့ သတိပြုမိပေမယ့် မေးတော့လည်း မပြောသဖြင့် ကရုဏာထပ်မမေးခဲ့၊ အိမ်သစ် ပြဿနာတစ်ခုခုနှင့်ကြုံနေရပြီလို့တော့ ထင်မိသည်။

အိမ်သစ် ဖခင်ကြီး အစာအိမ်ရောဂါကြောင့် အိမ်ရာထဲလဲနေ





ည်မှာကြာခဲ့ပြီ… အိမ်သစ် မိသားစုရဲ့စီးပွားရေးကို အိမ်သစ်မိခင် ခင်ပိုက ဦးဆောင်ပြီးလုပ်ကိုင်နေခဲ့သည်ကိုတော့ သိပြီး အတွင်း ကိစ္စတွေကိုတော့ မသိခဲ့ပေ…။

"မနက်က ငါ့ကို အိမ်သစ်ပြောတဲ့စကားက စိတ်ထဲမှာတစ်မျိုး ဘာ…"

"အိမ်သစ်ဘာစကားပြောလို့လဲ"

"သူ့အိမ်မှာနေချင်စိတ်မရှိဘူးတဲ့၊ ဆက်နေရင် လူသတ်မိမယ်လို့ တော့ပြောတယ်၊ ဘယ်သူဘယ်ဝါနဲ့ဆိုတာကို မေးတော့မပြောဘူး"

"ဒီကောင် အိမ်တွင်းရေးပြဿနာတစ်ခုခုရှိနေပြီ၊ ခက်တာ ကောင်က ပွင့်ပွင့်လင်းလင်းမပြောတော့ ငါတို့ဘက်က ဘယ်လို လည်ပေးရမှန်းတောင်မသိဘူး…"

"နင်က အလုပ်နဲ့ အပြင်ကိုထွက်နေရတဲ့သူဆိုတော့ ရပ်ကွက်ထဲ ဖြစ်ပျက်နေတာတွေကို သိမှာမဟုတ်ဘူး"

"ရပ်ကွက်ထဲမှာ ဘာတွေဖြစ်နေလို့လဲ ခရမ်းပြာ"

"ခြားသူတွေအကြောင်းကိုတော့ မပြောချင်ပါဘူး၊ အိမ်သစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့ သူ့မိခင် ဒေါ်ခင်ပိုအကြောင်းပဲပြောမယ်.. အိမ်သစ် ဖခင်ကြီး ဂီလာနဖြစ်ပြီးကတည်းက ဒေါ်ခင်ပို အနေအထိုင် သိပ်မဟုတ်ဘူး.. ရပ်ကွက်ထဲက အပျိုလေးတွေထက် ဆိုးနေတယ်..သူ့အရွယ်နဲ့မလိုက်ဖက်တာတွေကို ဝတ်ဝတ်ပြီး အပျိုဖြန်းလေးလုပ်နေတာကို မျက်လုံးထဲမှာ ဘယ်လိုမှ ကြည့်လို့မရဘူး၊ ယောက်ျားပေါ်မှာလည်း သိပ် ဂရုမစိုက်ပါဘူးဟာ...အိမ်သစ် စိတ်ညစ်တာ ဒါတွေလည်း ပါမှာပေါ့..."

"ဒီကောင့် စကားထဲမှာ လူသတ်ချင်လောက်အောင် ဖြစ်နေတဲ့ ခံစားချက်ကတော့ စဉ်းစားစရာပဲ၊ အဖြေတစ်ခုတော့ ထွက်လာမှာပေါ့"

ဆေးရုံဝင်းထဲသို့ ကားလေး မောင်းဝင်လာပြီး အရေးပေါ်ဌာနသို့ ရောက်တော့ အိမ်သစ်နှင့် ညီတစ်ဝမ်းကွဲတော်စပ်သော ဖြိုးဇော်နှင့် စည်သူဝင်းကိုတွေ့လိုက်ရသည်။

"ကိုကရုဏာ...လာဗျာ.."

"ဖြိုးဇော်...အိမ်သစ်အခြေအနေဘယ်လိုလဲ"

"ဟူး... ဆရာဝန်ကြီးကတော့ နောက်ဆုံးကြိုးစားနေတာပဲ





ကိုကရုဏာ... ရထားတဲ့ဒဏ်ရာတွေက ပြင်းတော့ အခြေအနေ မကောင်းဘူး.."

"ဟာ..."

အိမ်သစ်အတွက် မျှော်လင့်ချက်နည်းပါးသောစကားကို ကြားလိုက်ရသည်။

"ဘယ်ကောင့်လက်ချက်ဆိုတာရော သိပြီလား"

"မသိသေးဘူး ကိုကရုဏာ... ဖြစ်နိုင်ခြေရှိတာတော့ ရဲသာတို့ ဖြစ်ဖို့များတယ်၊ ကိုယ့်ဘက်က ခိုင်ခိုင်လုံလုံ မသိရသေးတော့ အပိုင်ပြောလို့မရဘူး၊ ရဲသာနဲ့ သူ့ကောင်(၂)ကောင် ဖြစ်တဲ့နေ့က ရာဂျူးကွမ်းယာဆိုင်မှာ ကွမ်းယာဝယ်ရင်းပြောတဲ့စကားတွေကို ရာဂျူးက သံသယဖြစ်ပြီး ပြန်ပြီးပြောပြသလောက်ပဲ သိရတာ.."

"အမှန်တရားဆိုတာ ပေါ်လာမှာပေါ့ကွာ.. ဒါနဲ့ အိမ်သစ် အမေရော..."

"မပြောတတ်ပါဘူးဗျာ..ညနေကတည်းက ထွက်သွားတာ၊ ခုထိကို ရောက်မလာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သစ်ဖြစ်တာရော သိပြီးပြီလား.."

"မသိသေးဘူးထင်တာပဲ..."

"ငါ့စိတ်ထဲမှာ ဒီမိန်းမကြီးကိုတောင် မသင်္ကာဘူးဖြိုးဇော်.."

"ဟာ...စည်သူဝင်း...မဟုတ်တာတော့ မတွေးပါနဲ့ဟာ၊ ကိုယ့်သားသမီးကို အန္တရာယ်ပြုမှာမှ မဟုတ်တာပါ။ ပြုပြီးပြုပြု့မလား..."

"မမ ခရမ်းပြာတို့က ငယ်ငယ်ကတည်းက အိမ်သစ်ကိုပေါင်းနေပြီး ဒေါ်ခင်ပိုနဲ့ အိမ်သစ် ဘာမှမတော်စပ်ဘူးဆိုတာကို မသိဘူးလား.."

"ဘာ...ဟယ်..."

"အိမ်သစ်က ဖအေဘက်က ပါတဲ့သား၊ ဒေါ်ခင်ပိုက အိမ်သစ်ရဲ့မိထွေးလေ၊ အိမ်သစ်တောင် သူနဲ့ဘာမှ မတော်ဘူးဆိုတာကို သိတာမှ တစ်လမပြည့်သေးဘူး၊ သူ့ဖခင်ပြောပြလို့သိရတာ.."

"စည်သူဝင်း..နင်ကရော ဘယ်လိုလုပ်ပြီးသိလဲ"

"အိမ်က မေမေပြောပြလို့သိရတာ၊ သူ့အစ်ကိုကို ဒီမိန်းမနဲ့ မယူဖို့တားနေတဲ့ကြားထဲက အိမ်သစ်အဖေက အတင်းဖွတ်ယူသွားတာ၊





ဒေါ်ခင်ပိုအကျင့်ကို မကြိုက်လို့အဆက်အဆံမပြုကြတာ၊ အိမ်သစ်ကိုတော့ ဆွေမျိုးအားလုံးက ချစ်ကြပါတယ်"

"ငါသတင်းတစ်ခုတော့ကြားထားတယ်၊ ဟုတ်မဟုတ်တော့ မသေချာဘူး"

"ဖြိုးဇော်..မင်းကြားတဲ့သတင်းကို ပြောပြလေ"

"ဒီလို ကိုကရုဏာ...ဒေါ်ခင်ပိုနဲ့ဦးဘမောင် ဇာတ်လမ်းဖြစ်နေကြတယ်တဲ့"

"ဟယ်..."

"ဟုတ်ပြီ..."

ကရုဏာမျက်လုံးထဲတွင် လွန်ခဲ့တဲ့(၁၀)ရက်လောက်က မြင်ကွင်းလေးတစ်ခုကို ပြန်ပြီးမြင်ယောင်လာသည်။

ဒေါ်ခင်ပိုနှင့်ဦးဘမောင်တို့ မြို့ထဲတစ်နေရာတွင် အတူတူတွေ့ခဲ့သမယ့် တစ်ရပ်ကွက်ထဲနေသူအချင်းချင်းလမ်းမှာ ကြုံတာလို့ပဲ ထင်မှတ်ခဲ့သည်။

"အိမ်သစ်ပြောတဲ့စကားအရဆိုရင် သေချာသလောက်တော့



www.burmeseclassic.com

ဖြစ်နေပြီ..''

''ဟိုမှာ ခွဲစိတ်ခန်းတံခါးပွင့်လာပြီ''

ခွဲစိတ်ခန်းထဲမှ တွန်းလှည်းကလေးပေါ်တွင် အိမ်သစ်လိုက်ပါလာသည်။

''ဆရာ…ကျွန်တော့်သူငယ်ချင်းအခြေအနေ…''

''စိတ်မကောင်းပါဘူးကွယ်… ဒဏ်ရာကအရမ်းပြင်းထန်ပြီး ဆေးရုံရောက်တဲ့အချိန်က နောက်ကျတော့ ကယ်တင်ချိန်မရလိုက်တော့ပါဘူး..''

''ဗျာ…ရှင်….''

ကရုဏာ… ပိတ်ဖြူစလေးလွှမ်းထားသော အိမ်သစ်မျက်နှာလေးကို ဖွင့်ကြည့်တော့ ဒဏ်ရာတွေက မျက်နှာပေါ်တွင် မြင်၍မကောင်းလောက်အောင်တွေ့လိုက်ရသည်။

''တောက်… ရက်ရက်စက်စက်လုပ်သွားကြတာပဲ''

''ဟီး…အီး…အီး…''

ခရမ်းပြာ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။





ကရုဏာ ရင်ထဲမှာတော့ နာကြည်းခြင်း မီးတောက်တွေ လောင်ကျွမ်းနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အိမ်သစ်ရှာပန ပြီးဆုံးသွားသည်အထိ လူသတ်တရားခံကို တိတိလင်းလင်းမပေါ်ထွက်သေး…. သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်တွေမှာလည်း လူသတ်သမားများကို ဖော်ထုတ်နိုင်ဖို့ အထူးကြိုးစားနေသည်။

အိမ်သစ်သာ သူများသတ်လို့ သေဆုံးသွားပေမယ့် ဒေါ်ခင်ပို မျက်နှာတွင် မိတ်ကပ်က မပျက်… လူကြား သူကြားမှာတော့ အိမ်သစ်ပေါ်မှာ အရမ်းခံစားရသည့် ပုံပေါ်အောင် သရုပ်ဆောင်ပြနေသည်ကို မြင်နေရသော ကရုဏာတို့ အော်ကလီဆန်လှသည်။ ဒီကြားထဲ ဦးဘမောင်တစ်ယောက် အိမ်သစ်အိမ်ကို သူ့အိမ်လိုသဘောထားပြီး





နေရာတကာ ဝင်ပါနေသည်ကို တွေ့ရခြင်းကြောင့် ကရုဏာတို့ သည်းခံပြီး လုပ်ကိုင်ပေးနေရသည်။

ရက်လည် ဆွမ်းကပ်ပြီးသည်နှင့် သိမ်းဆည်းစရာတွေကို သိမ်းဆည်းပြီးမှ ပြန်ကြတော့သည်။

"ကရုဏာ နင်ဒီနေ့ကားထွက်ဦးမှာလား"

"အင်…ကားမထွက်တာ(၂)ရက် တောင်ရှိပြီဆိုတော့ ညနေကျရင်တော့ ကားထွက်လိုက်ဦးမယ်"

"ကိုကရုဏာ ကိုကရုဏာ"

"စည်သူဝင်း"

စည်သူဝင်း…သူတို့အနားသို့ခပ်သွက်သွက်လေး ရောက်လာပြီးနောက်…

"အိမ်သစ်ကို သတ်တဲ့ တရားခံကို သဲလွန်စရပြီ"

"ဟင်… ဘယ်သူလဲ"

"ဘူတာရုံဝန်းကျင်မှာနေတဲ့ တင်အေးကို သိတယ်မဟုတ်လား"

"အေး…ငါသိတယ် ဒီကောင် သတ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် သတ်တဲ့ထဲမှာ ပါမပါတော့ မသိဘူး၊ ဒီကောင် ပတ်သက်နေတာတော့ သေချာတယ်။ အိမ်သစ်အသတ်ခံရတဲ့ ညပိုင်းက တင်အေး တုတ်တွေကို သယ်လာတာကို တွေ့တဲ့သူက တွေ့ခဲ့တယ်…"

"တင်အေးကို အစထုတ်လိုက်ရင်တော့ နောက်ဆက်တွဲ ပေါ်လာနိုင်မယ်လို့ မင်းဆိုလိုတာလား"

"ဟုတ်တယ် ကိုကရုဏာ"

"တင်အေး ဘယ်မှာရှိနိုင်မလဲ"

"ဒီကောင် ရထားတွဲ အဟောင်းတွေထဲမှာ ရှိနိုင်တယ် ကိုကရုဏာ"

"ဒီလောက်ဆို ရပြီ ခရမ်းပြာ နင်အိမ်ကို ပြန်နှင့်၊ ငါလိုက်သွားမယ်"

"ကရုဏာ နင် တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဘူတာရုံ နယ်မြေမှာ ကရုဏာအတွက် စာဖွဲ့လောက်မယ့် ကောင်မရှိဘူး၊ စည်သူဝင်း မင်းလိုက်ဦးမလား"

"လိုက်ခဲ့မယ်ဗျာ…"





"ဒါဆို လစ်မယ်"

ခရမ်းပြာကို ထားရစ်ခဲ့ပြီး ဘူတာရုံဘက်သို့ ခပ်သွက်သွက်လေး က်လာခဲ့ကြသည်။

"စည်သူဝင်း မင်းဒီကစောင့်နေခဲ့၊ ငါတွဲပေါ်တက်မယ်"

"ကိုကရုဏာ တစ်ယောက်တည်းဖြစ်ပါ့မလား"

"မင်းသာ အခြေအနေကို စောင့်ကြည့်ပြီး သက်ဆိုင်ရာကို ကြောင်းကြားသင့်ကြားထား"

"ဟုတ်ကဲ့"

"တင်အေးကို တစ်ယောက်တည်းခေါ်လာလို့ ရပြီဆိုရင်တော့ ာင်ဆီက ဘယ်သူဘယ်ဝါဆိုတာကို ရအောင်မေးရမယ်"

ကရုဏာ ရထားတွဲဟောင်းဘက်သို့ လျှောက်လာပြီး တွဲပေါ်သို့ က်မည်အပြု… အပေါက်ဝတွင်ကုလားလေးမန်းနီ အပေါက်စောင့်နေ ည်ကို တွေ့ရသဖြင့်…

"မန်းနီ"

"ဗျာ… အာစရိ ပွဲဝင်တိုးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟိုကောင်တင်အေးရှိလား"

"ရှိတာပေါ့ အာစရိ ခုရက်တွေမှာ ဒီကောင်က ဘော့(စ်)ဖြစ်နေတာ"

"ငွေတော်တော် လျှံနေတဲ့သဘောပေါ့"

"သိပ်ဟုတ်တာပေါ့"

ကရုဏာ တဲ့ပေါ်တက်ပြီး တင်အေးတို့ ဝိုင်းဖွဲ့နေသော တစ်ဖက်ဆီသို့အဝင်တွင်…

"ဟာ… ကရုဏာကြီး ထူးထူးခြားခြားရောက်လာပါလားကွာ လာကွာ တစ်အိမ်လိုနေတာနဲ့ အတော်ပဲ"

"ကျော်ကြီး မင်းတို့ဝိုင်းကို ဖျက်တာတော့မဟုတ်ဘူး၊ ငါ တင်အေးနဲ့ စကားပြောချင်လို့ လာခဲ့တာ"

"မင်းတို့ဇာတ်လမ်း မင်းတို့ရှင်းတာပဲ ရှင်းပေါ့ကွာ"

"မင်းနဲ့ငါ ဘာမှရှင်းစရာ မလိုဘူး၊ အိမ်သစ်ကိစ္စမှာ ငါမပါဘူး"

"တင်အေး ငါကမင်းကိုဘာမှမမေးရသေးဘူးလေ၊ ဘာလို့ အိမ်သစ်ကိစ္စကို မင်းပြောတာလဲ"





"ဟာ… အဲ…"

တင်အေး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"တင်အေး မင်းဆီက အိမ်သစ်နဲ့ ပတ်သက်ပြီးသိချင်တယ်"

"ငါ ဘာမှမသိဘူးကွာ"

"မင်းဆက်ပြီး ခေါင်းမာနေမယ်ဆိုရင်တော့ ငါ့ဘက်ကအပြုအမူ ရိုင်းစိုင်းသွားမယ်၊ အိမ်သစ်အတွက်ငါ့ဘာကိုမှ ဂရုမစိုက်ဘူး"

"မင်းတို့ ပြဿနာမှာ ငါတို့မပါဘူး"

ကျော်ကြီးတို့ အုပ်စုက တင်အေးကိုထားခဲ့ပြီး ရထားတွဲပေါ်မှ ဆင်းသွားကြသည်။

"ချောက်…"

"မင်း…မင်း…ဘာလုပ်မလို့လည်း ကရုဏာ"

"အိမ်သစ်အတွက် တန်ရာတန်ကြေး ပြန်ပြီးယူမလို့ကွ"

"က…ရု…ဏာ… ငါအိမ်သစ်ကို သတ်တဲ့ထဲမှာမပါဘူး၊ ငါ ကြည့်ပေးရုံ သက်သက်ပါ"

"ဒါဖြင့် ဘယ်သူသတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရဲသာ၊ ဘသော်နဲ့ စံမတူတို့ သတ်ခဲ့ကြတာ"

"ဘာကြောင့် သတ်ရတာလဲ"

"ဦးဘမောင် ငွေပေးပြီး ရှင်းခိုင်းတာလို့ ရဲသာပြောတာပဲ"

"မင်းပြောတာ သေချာတယ်နော်"

"ငါမညာဝံ့ပါဘူးကွာ"

"ခု ရဲသာ ဘယ်မှာလဲ"

"ဒီကောင်တွေ နယ်စပ်ကို လစ်ဖို့လုပ်နေကြပြီ…ခုချိန်ဆို ကြွက်ဖြူ အရက်ပုန်းပုန်းဆိုင်မှာ ဦးဘမောင်နဲ့ ချိန်းထားတယ် ငါ့ကိုတောင်လာခိုင်းထားတာ၊ ငါကဆက်ပြီး ဒီကောင်တွေနဲ့ မပတ် သက်ချင်လို့ မသွားပဲ ဒီမှာလာပြီးခွေနေတာ"

"မင်းစကား ဟုတ်ရင်ဟုတ်ပေါ့ကွာ၊ မဟုတ်ရင် မင်းကို နောက် တစ်ခါ အခွင့်အရေး မပေးတော့ဘူးမှတ်"

ကရုဏာ ရထားတွဲ ပေါ်က ဆင်းခဲ့ပြီး စည်သူဝင်းနှင့် ကြွက်ဖြူ အရက်ပုန်းဆိုင်သို့လာခဲ့တော့သည်။ ကရုဏာ စိတ်အာရုံထဲတွင် သူငယ်ချင်းဖြစ်သူ အိမ်သစ်၏ ပုံရိပ်တွေ မြင်ယောင်လာပြီး ဒေါသ





တ်များထိန်းမရအောင် ပေါက်ကွဲနေသည်။ အထူးသဖြင့် ဦးဘမောင် ်သတ်သက်ခြင်းသည် ဒေါသစိတ်ကို မီးရှို့ပေးလိုက်သည်နှင့် တူသည်။ ်းလာနေသော ခြေလှမ်းတွေမှာ နာကျင်ခြင်းတွေ အပြည့်နှင့်ကြွက်ဖြူ ရက်ပုန်းဆိုင်နားသို့ ရောက်တော့ စံမတူ ဆိုင် ထဲသို့ဝင်သွားသည်ကို ွေ့လိုက်ရသည်။

"သေချာ သွားပြီ"

ကြွက်ဖြူ အရက်ပုန်းဆိုင်မှာ ရှေ့တွင် ရိုးရိုးအအေးဆိုင် လက်ဖက် ည်ဆိုင်လေးအဖွင့်ပြထားပြီး ဆိုင်နောက်ဘက်တဲလေးတွင် အရက် ောင်းခြင်းဖြစ်သည်။

ကရုဏာ ဆိုင်ထဲကို တန်းဝင်သွားလျှင် တစ်ဖက်မှ ရိပ်မိပြီး ြင်ဆင်ချိန်ရနိုင်သဖြင့် မသိချင်ယောင်ဆောင်ကာ အအေးတစ်ပုလင်း ိုမှာပြီး ခဏမျှ ထိုင်ကာ…

"ဦးကြွက်ဖြူ…"

"ဘာများလဲ ကရုဏာ"

"ဗျာ့ူပ်အရက် သောက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကရုဏာရယ် မင်းတစ်ခါမှ အရက်သောက်တာတို့ မတွေ့ဖူး ပါဘူး”

“စိတ်ထဲမှာ ရှုပ်ထွေးပြီး နေလို့ပါ”

“အအေးနဲ့ ရောပြီး ဒီမှာပဲ ထိုင်ပြီးသောက်မှာလား ကရုဏာ”

“ပေါ်ပေါ်တင်တင်ကြီး မသောက်ချင်ဘူးဗျာ၊ နောက်ဖေးမှာပဲ သောက်မယ်”

“နောက်ဖေးမှာ ဦးဘမောင်တို့က ဘယ်သူ့မှ အဝင်မခံပါနဲ့ဆိုပြီး ငါ့ကို ငွေပေးထားလို့ကွာ”

“သူတို့နဲ့ ခပ်လှမ်းလှမ်းမှာ လုပ်ပေးဗျာ”

“ဒါဆိုဒီလိုလုပ် ငါ့အိမ်နောက်ဖေးချောင်မှာဆိုမင်းအေးအေး ဆေးဆေးသောက်လို့ရတယ်”

“ကောင်းသလိုသာလုပ်ဗျာ”

“နောက်ဖေးကနေ စောင့်နေ ငါအရက်ယူလာပေးမယ်၊ အမြည်း ကရော”

“ပဲခြမ်းကြော်သုပ်ပေးဗျာ”





“အေး…အေး…”

ကရုဏာ နောက်ဖေးပေါက်သို့ရောက်သည်နှင့် ဦးဘမောင်တို့ ဘ်သို့ကြည့်တော့ (၄) ယောက်သားအောင်ပွဲခံပြီး အရက်သောက်နေ ကြလေသည်။ ကရုဏာကို သူတို့မမြင်….

“ကရုဏာ ရပြီ ချတော့”

“အင်း…”

ကရုဏာ အရက်ကိုငှဲ့ပြီး ထည့်ထားပေမယ့် သောက်ချင်စိတ် ရှိဘဲ အခြေအနေကို စောင့်ကြည့်ကာ ဦးဘမောင်တို့ရှိနေသည့် တဲ သို့ ခြေသံလုံစွာနှင့် ချဉ်းကပ်သွားတော့သည်။

“ဦးဘမောင်…ကျုပ်တို့ဘက်က တာဝန်ကျေပြီ၊ ခင်ဗျားဘက် ဘယ်လိုဆက်ပြီး စီစဉ်ပေးမှာလဲ”

“ဖြစ်စေရမယ်..သိပ်ပြီးမလောပါနဲ့ ရဲသာရယ်…ဒီကောင့်ကို းလိုက်ပြီဆိုရင် ဒီကောင်ရမယ့်အမွေတွေ ငါ့ဆီကိုရောက်လာတော့ ..ဒီကောင့်အဖေ ဂီလာနကိုလည်း ခင်ပိုက အပြတ်စည်းရုံးလို့မှ ရင် အပြတ်ရှင်းဖို့ထိ စီစဉ်ထားပြီးပြီ၊ ခု ငါ့မှာရှိတဲ့ငွေနဲ့မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုပေးထားတာပါ"

"ကျုပ်တို့က ဒီမှာအခြေအနေသိပ်ပြီးကောင်းတာတော့မဟုတ်ဘူး သက်ဆိုင်ရာက လူသတ်တရားခံကို မွှေနှောက်ရှာနေပြီ၊ နယ်စပ်ထ ပြေးမှဖြစ်မယ်..ဒီအတွက် ငွေကအရေးကြီးတယ်"

"ခုငွေနဲ့ မလောက်ဘူးလား"

"ခင်ဗျားပေးတဲ့ငွေက ကျုပ်တို့(၃)ယောက်လမ်းစရိတ်လောက် ပဲရှိတာ"

"ဒီလိုလုပ်ကွာ၊ ငါ့ကို (၂)ရက်တော့အချိန်ပေး၊ ခင်ပို့ဆီက ငါ တောင်းပေးမယ်"

"ဦးဘမောင်...(၂)ရက်အတွင်းတော့ဖြစ်အောင်လုပ်နော်"

"စိတ်ချပါကွာ.. မင်းတို့ကို ရဲတပ်ဖွဲ့တင်မကဘူး၊ ဟိုကောင် ကရဏာကလည်း အနံ့ခံနေတယ်.."

"ကျုပ်တို့အတွက် အန္တရာယ်ဖြစ်စေမယ်ဆိုရင်ဒီကောင့်ကိုပါ ရှင်း ခဲ့မယ်.."

"သိပ်ပြီးကောင်းတဲ့အစီအစဉ်ပဲ...ဒီကောင့်ကိုပါရှင်းပေးခဲ့ရင်





မင်းတို့ကို သီးသန့်ဘောက်ဆူးပေးဦးမှာပေါ့"

"ခင်ဗျား တကယ်ပြောတာလား"

"ငါက လူကြီးလေ...လူကြီးစကားပြောနေတာ"

"အိုကေ... မကြာခင် ကရုဏာဆိုတဲ့ကောင်ရဲ့ ဝမ်းနည်းစရာ ကောင်းတဲ့သတင်းလေးကို နားစွင့်နေပေတော့"

"သေချာရဲ့လား...ရဲသာ"

"ဟာ..မင်း...မင်း...ကရုဏာ"

"ငါ့ကိုရှင်းမယ်ဆိုလို့ပါ....ငါကိုယ်တိုင်အရောက်လာပေးတာပဲ"

"စံမတူနဲ့ ဘသော်..."

ရဲသာ သူ့လူနှစ်ယောက်ကို အသံပြုလိုက်ပေမယ့်...

"ဖြောင်း..ခွပ်...အင့်...အား...ဝုန်း...ဘုန်း..."

ထိုင်နေသည့်သူကို မတ်တတ်ရပ်သူက အသာစီးမှ တိုက်ခိုက်ခွင့် ရသလို လျှင်မြန်မှုမှာ လျှပ်တစ်ပြက်ဖြစ်သွားသောကြောင့် စံမတူနှင့် ဘသော် တဲပေါ်မှ ပြုတ်ကျသွားသည်။ ရဲသာ ... သူ့ရဲ့လက်စွဲတော် ဓားမြှောင်လေးကိုထုတ်ပြီး ကရုဏာကို ထိုးလိုက်သည်...။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး…အ…"

ကရုဏာ လက်မောင်းကို ရှုပ်ထိသွားသည်။

"ကဲကွာ…"

ကရုဏာ၏ဒေါသစိတ်သည် အမြင့်မားဆုံးသို့ရောက်သွားပြီး ရဲသာကို ဒူးနှင့်တိုက်ချလိုက်သဖြင့် တဲပေါ်မှ နောက်ပြန်ကျသွားပြီး ခြေနင်းခုံကျောက်ပြားနှင့်ရိုက်မိကာ သွေးများ မြင်မကောင်းအောင်ကျနေတော့သည်။

"ဟင်…."

ဦးဘမောင် အခြေအနေမဟန်တော့သည်ကို သိသည်နှင့် တဲပေါ်မှ ခုန်ချပြီးပြေးစဉ်…

"ဗိုး…ဒုတ်…အား…"

ရဲသာကျန်ခဲ့သော ဓားမြှောင်နှင့်လှမ်းပစ်ပေါက်ချလိုက်သည်။ ဦးဘမောင်ကျောတွင် စိုက်ဝင်နေသော ဓားနှင့်ဆက်ပြီးပြေးစဉ် ရှေ့မှာရှိသော သစ်ငုတ်တိုနှင့်ဝင်တိုက်ပြီး ရှေ့သို့ စိုက်ကျသွားတော့သည်။ တုတ်တုတ်ပင် မလှုပ်တော့ဘဲ ငြိမ်သက်၍သွားလေတော့သည်။





စံမတူနှင့်ဘသော်တို့မှာ ရဲသာနှင့်ဦးဘမောင်တို့၏အဖြစ်ကို ကြည့်ပြီးထွက်ပြေးကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကရဏာလည်း ဆိုင်ထဲမှပြေးထွက်ပြီး အိမ်သို့ထွက်ခဲ့စဉ် အဝေးတွင်သက်ဆိုင်ရာ ရဲကားတစ်စီးမောင်းဝင်လာသဖြင့် ဘေးလမ်းကြားသို့ ပြေးဝင်ပြီး ရှောင်တိမ်းလိုက်ရတော့သည်။

"ငါသွားပြီး အဖမ်းခံရင်ကောင်းမယ်"

ကရဏာ သူအပြစ်တစ်ခုခုကို ကျူးလွန်တိုင်း ရဲစခန်းသို့ ကိုယ်တိုင်သွားပြီးအဖမ်းခံနေသူဖြစ်ပေမယ့် ဒီတစ်ခါတော့ တွေဝေနေသည်

"ငါအဖမ်းခံလို့မဖြစ်သေးဘူး၊ ခရမ်းပြာရဲ့အနာဂတ်က ရှိသေးတယ်…ဟူး…"

ရင်ထဲမှာ ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး အိမ်ကိုတန်းမပြန်ဘဲ တရုတ်သင်္ချိုင်းဘက်သို့ရှောင်တိမ်းပြီးထွက်လာခဲ့တော့သည်။





"မိုးချုပ်တော့မှ အိမ်ကိုသွားရင်ကောင်းမလား…မကောင်းပါဘူး သက်ဆိုင်ရာက ငါ့ကိုစောင့်ကြည့်နေမှာသေချာတယ်‥ ခရမ်းပြာနဲ့ အဆက်အသွယ်လုပ်ပြီးမှ ငါဘာလုပ်ရမယ်ဆိုတာကို ထပ်ပြီးစဉ်းစားမယ်…"

တိတ်ဆိတ်နေသော တရုတ်သင်္ချိုင်းဂူကြီးဘေးရှိ ကျောက်ပြားခင်းပေါ်တွင် လှဲချပြီး စိတ်ကိုလျှော့ချလိုက်သည်။

"ငါက နှစ်ယောက်ကိုတစ်ပြိုင်တည်း သတ်သလိုဆိုတော့ ထောင်ကျရင် အနည်းဆုံး နှစ်(၂၀)လောက်ကျနိုင်တယ်၊ ငါထောင်ကျလို့မဖြစ်သေးဘူး၊ ခရမ်းပြာ ပညာရေးက ငါ့ကိုအမှီပြုပြီး နေနေရတာ၊ ခရမ်းပြာ ပညာရေးပြီးဆုံးသွားရင်တော့ ငါအဖမ်းခံပံ့တယ်… ဟူး…"

ကရဏာအတွေးများစွာကိုတွေးရင်း မျက်လုံးလေးမှေးကာ နေပေမယ့် စိတ်ချစွာအိပ်လို့တော့မရခဲ့။ သူကျူးလွန်ခဲ့သော ပြစ်မှုက အရိပ်လို ကပ်လျက်ပါနေသည် မဟုတ်လား…။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၄ ၊

ခရမ်းပြာ၏ မျက်ရည်တွေနှင့်စကားသံများကို ကရုဏာ နှလုံးသားတွင် ဘယ်သောအခါမှ ပျောက်ပြယ်သွားမည်မဟုတ်။ ဗလ အကူအညီဖြင့် ခရမ်းပြာနှင့်လျှို့ဝှက်တွေ့ဆုံခွင့်ရပြီး ကရုဏာ သူမှာ ချင်သော စကားများကို မှာခဲ့ပြီး ရန်ကုန်မြေကိုကျောခိုင်းခဲ့ခြင်းဖြစ် သည်။

ခု..ကရုဏာရောက်ရှိနေသော နေရာမှာ မန္တလေးမြို့ပင်ဖြစ် သည်။ သူနှင့်ဆိုင်ကယ်လိုင်းပေါ်တွင် လုပ်ကိုင်ခဲ့ဘူးသော လူတစ်





ယောက်ဆီကို သွားတော့... ထိုသူမှာ အဖမ်းခံရပြီးထောင်ကျသွားပြီ ဖြစ်သည်။

မန္တလေးမှာ ထိုလူမှလွဲပြီး ကရုဏာ သိကျွမ်းသူတစ်ဦးမှမရှိ သဖြင့် စိတ်ပျက်စွာဖြင့် ပလက်ဖောင်းပေါ်တွင်ထိုင်ချလိုက်သည်။

သူပါလာသော ငွေမှာ နည်းပါးသောကြောင့် ဒီငွေနှင့်ဆက် ပြီး ရပ်တည်လို့ မဖြစ်နိုင်သလို ငွေရမည့်အလုပ်တစ်ခုကိုအမြန်ဆုံး ရှာဖွေရမည်ဖြစ်သည်။ ခရမ်းပြာအတွက် သူငွေရှာရဦးမည်မဟုတ် လား...။

"ငါစိတ်ဓာတ်ကျလို့မဖြစ်ဘူး...ငါ့ဘဝဟာ ငါတစ်ယောက် တည်း မဟုတ်ဘူး တွေဝေငေးမောပြီး ဒီအတိုင်းထိုင်နေလို့ မရဘူး..."

ဦးထုပ်ကို ခပ်စိုက်စိုက်လေး ပြန်ဆောင်းပြီး ထိုင်နေရာမှ ထလိုက်စဉ်...

"ဟာ..."

ရဲကားတစ်စီး မောင်းလာသောကြောင့် ဘေးဘက်ကို ကျော့နေပေးပြီး ရပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး…ကျွီ…"

"ဟင်…"

ရဲကားမှာ ထိုးရပ်သွားပြီး ကားပေါ်မှရဲအရာရှိတစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ယောက်ဆင်းလာသည်။

ကရုဏာ ခြေလှမ်းပြင်တော့…

"ငါ့ညီ…ရပ်ဦး…"

ကရုဏာကို လှမ်းပြီးရပ်ခိုင်းလိုက်သောကြောင့်သူ့ကိုဖမ်းမည့်သူများဟု စိတ်ထဲမှာ ထင်သွားပြီးရှေ့မှ ရေမြောင်းကြီးကို ခုန်ကျော်ပြီးထွက်ပြေးရတော့သည်။

"ရပ်…ရပ်စမ်း…"

ကရုဏာသည် ဘယ်ဆီကိုရောက်မည်ကိုမသိဘဲ ခြေဦးတည့်ရာကို စွတ်ပြီးပြေးတော့သည်။ ပြေးလွှားရင်း ကားလမ်းမတစ်ခုဆီသို့ရောက်ချိန်တွင် နောက်ကိုကြည့်လိုက်သောအခါ ရဲတပ်ဖွဲ့ဝင်တွေ ပါမလာတော့ပေ။

"ဟူး…ဟာ…"





ကရုဏာ ဓာတ်တိုင်ကိုမှီပြီး အမောဖြေနေစဉ် ကားတစ်စီးမောင်းလာ၍ မိမိဘေးတွင်ရပ်လိုက်ပြီး…

"ဝူး…ကျွီ…"

"ဟိုက်…"

"မင်းကားပေါ်ကိုအမြန်ဆုံးတက်လိုက်.."

ကရုဏာ ဘာမှ မစဉ်းစားတော့ဘဲ ကားပေါ်ကိုတက်လိုက်ပြီး ကားမောင်းသူကို သတိထားပြီးကြည့်မိသည်။

"မမမျိုးသီရိနိုင်မဟုတ်လား"

"ငါ့မောင်က မှတ်ဉာဏ်မဆိုးပါဘူး၊ ခုဘာတွေဖြစ်လာခဲ့တာလဲ… မမကို အမှန်အတိုင်းသာပြော…မောင်ကရုဏာကို မမကာကွယ်ပေးနိုင်ပါတယ်…"

ကရုဏာ…ပထမတော့လိမ်ညာပြီးပြောဖို့စဉ်းစားပြီးမှ… ရိုးရိုးသားသားဝန်ခံခြင်းဖြင့် အကြောင်းစုံကိုပြောပြလိုက်တော့သည်။

"သူတို့ သေတယ်ဆိုတာကို မင်းနိုင်နိုင်လုံလုံသိခဲ့လို့လား မောင်ကရုဏာ…"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်နိုင်လုံလုံတော့မဟုတ်ပါဘူး၊ စိတ်ထဲမှာ သူတို့သေသွား ပြီလို့ထင်တာပါ"

"ခုကိစ္စက ထင်တာတစ်ခုတည်းနဲ့ အဖြေပေးလို့မရဘူး ထားလိုက်ပါလေ… နောက်တော့အဖြေမှန်ပေါ်သွားမှာပေါ့ကွာ… မင်း လောလောဆယ် မမတို့အိမ်မှာ လိုက်ပြီးနေ… ရန်ကုန်က အခြေအနေ ကို တိတိကျကျ သိရပြီဆိုမှ မင်းသွားချင်ရာကိုဆက်ပြီးသွား"

"ကျေးဇူးတင်ပါတယ် မမ"

"လူဆိုတာ သိတတ်မှု၊ တုံ့ပြန်မှု၊ ပေးဆပ်မှုတွေကို နားလည် ဖို့က သိပ်ကိုအရေးကြီးပါတယ်၊ မင်းနဲ့မမကြားမှာလည်း ပြန်လည်သိ တတ်မှုလေးနဲ့ ကူညီပေးတာပါ.."

"ကျွန်တော်က ဥပဒေနဲ့မကင်းတဲ့လူဖြစ်နေတယ်နော်…"

"မင်းကျူးလွန်ခဲ့တဲ့ပြစ်မှုကို မမကတော့ မှန်ကန်တဲ့တုံ့ပြန်မှု တစ်ခုပဲလို့ ယူဆတယ်၊ ငါ့မောင်ကို ကူညီလို့ ဥပဒေနှင့်ငြိမယ်ဆိုလည်း မမဘက်က ရင်ဆိုင်ဖို့အသင့်ပဲ၊ ဒါကို ခေါင်းထဲမှာလည်း မထားနဲ့ မောင်ကရုဏာ…"





မျိုးသီရိနိုင်မောင်းလာသော ကားလေးမှာ ခမ်းနားထည်ဝါလှ သော ခြံကြီးနှင့် အိမ်ကြီးထဲသို့ မောင်းဝင်လာခဲ့တော့သည်။

အိမ်ရှေ့တွင် ကားထိုးရပ်လိုက်သည်နှင့်…

"သမီးလေး…မျိုးသီရိ…"

"ဦးဘဖေ..ဘာဖြစ်နေတာလဲ…"

"ဟို…ဟို… သမီးလေးဖြိုးကို ကျောက်ဘီလူးတို့ဖမ်းသွား ပြီ…ဒီစာကိုပေးခဲ့တယ်…"

"ဘာ…"

"သမီးလေး တင်းနစ်ကွင်းကနေ အပြန်လမ်းမှာ ဖမ်းသွား ကြတာ"

"တောက်…"

မျိုးသီရိနိုင် စာကိုဖတ်ကြည့်လိုက်သည်။

*ဒေါ်မျိုးသီရိနိုင်…*

*ခင်ဗျားသမီးလေးကို ကျုပ်တို့ခေါ်သွားတယ်.. ဘာကြောင့် ခေါ်ရသလဲဆိုတာတော့ ကျုပ်မပြောချင်တော့ဘူး၊ ခင်ဗျားသိက ခင်*



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လေးနဲ့ ခင်ဗျားသမီးကို အပေးအယူလုပ်မယ်ဆိုရင်တော့ ကျုပ်တို့[...]

ကောင်းမွန်စွာ...ခင်ဗျားအိမ်ကို ပို့ပေးမှာပါ..ကျုပ်တို့ပြောတဲ့အတိုင်း မလုပ်ရင်တော့ ဧပြီနိုင်ရဲ့အလောင်းကို သုသာန်မှာတွေ့ရမယ်... အပေး[...] အယူလုပ်မယ့်နေရာကို ဒီည (၁၀)နာရီကျရင် ဖုန်းနဲ့စကားပြောမယ်[...] သက်ဆိုင်ရာကို အသိပေးတာနဲ့ နောက်ဆက်တွဲတွေက ကောင်းမှာ မဟုတ်ဘူးနော်...

ကျောက်ဘီလူး

ဒေါ်မျိုးသီရိနိုင် စာကိုဖတ်ပြီး ဆိုဖာထိုင်ခုံပေါ်သို့ ခြေပစ် လက်ပစ်ထိုင်ချလိုက်တော့သည်။

"သမီးနိုင်...ဘယ်လိုလုပ်ကြမလဲကွယ်... စဉ်းစားပါဦး"

"ကျွန်မအတွက် ရွေးချယ်စရာမရှိတော့ဘူး... သမီးလေး အသက်ထက်အရေးကြီးတာဘာမှမရှိပါဘူး..ဒါပေမဲ့ လူယုတ်မာ လက်ထဲကို ဒီပစ္စည်းလေးရောက်သွားတာတော့ ရင်အနာဆုံးပါပဲ"

"တခြားနည်းလမ်းမရှိတော့ဘူးလားသမီး"

"ကျွန်မအတွက် ဒီလမ်းကလွဲပြီး တခြားနည်းလမ်းမှ မရှိ[...]





[...]တော့တာ"

"မမ.. ကျွန်တော် ဘာကူညီရမလဲ"

"ငါ့မောင်ကူညီလို့မရနိုင်ပါဘူး၊ မမဇာတ်လမ်းကို မမပဲ [...]င်းပါ့မယ်.."

"တီ..တီ..တီ..."

အိမ်တယ်လီဖုန်းဆီမှ ဖုန်းခေါ်သံကြောင့် ဒေါ်မျိုးသီရိနိုင် [...]ဆက်ကာကိုင်လိုက်သည်။

"xxxxxxxxx"

"ဟုတ်တယ်...ကျောက်ဘီလူး ဘယ်နေရာမှာ ငါ့သမီးကို [...]ရွေးရမယ်ဆိုတာကိုပြော..."

"xxxxx xxxxxxx"

"ကောင်းပြီ.. ငါခုလာခဲ့မယ်.."

"xxxxxx xxxxxxxxxx"

"ဘယ်သူမှ မပါဘူး၊ ငါတစ်ယောက်တည်းလာခဲ့မှာ၊ [...]ချ... နင်တို့ဘက်က ကတိမတည်ရင်တော့ မျိုးသီရိနိုင်ဘာ[...]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိစေရမယ်"

"xxxxx xxxxxxx"

"ဒါပဲ မဟုတ်လား"

ဒေါ်မျိုးသီရိနိုင် ဖုန်းချပြီး…

"ကဲ…မောင်လေး အိမ်ကပဲစောင့်နေပါ…မမကိစ္စကို မ

သွားပြီး ရှင်းလိုက်ဦးမယ်"

ကရုဏာ ခေါင်းလေးညိတ်ပြီး ထိုင်နေလိုက်သည်။စိတ်ထဲမှာ တစ်ခုခုကို ကူညီပေးရန် စဉ်းစားနေမိသည်။ဒေါ်မျိုးသီရိနိုင် အခန်းထဲသို့ ဝင်သွားပြီး ရွှေရောင်ယွန်းဘူးလေးကို ယူကာပြန်ထွက်လာခဲ့သည်။

"သမီးမျိုး သတိထားပြီးသွား"

"သူတို့သမီးကို မသတ်ရဲပါဘူး ဦးလေးဘခ"

"ငါ့မောင် လွတ်လွတ်လပ်လပ်နေနော်၊ ဦးလေးဘခ သူ့ကို နေထိုင်ဖို့ စီစဉ်ပေးလိုက်ပါ"

"အေးပါကွယ်"

ကရုဏာသည် အိမ်ပြင်သို့ ထွက်သွားသော ဒေါ်မျိုးသီရိနိုင်





တ်မှ လိုက်ထွက်ပြီး အပေါက်ဝမှ ရပ်ကြည့်နေလိုက်သည်။

"ဝူး……"

ခြံထဲမှ ကားလေးမောင်းထွက်သွားပြီးနောက်…

"ဦးလေးဘခ"

"ဘာများလဲငါ့တူ"

"ဟို စက်ဘီးလေးစီးလို့ ရမလား"

"ရပါတယ် ဘာလုပ်မလို့လည်းကွဲ့"

"မမနောက်ကို လိုက်မလို့"

"ဟာ… ကားနဲ့ စက်ဘီးမီပါ့မလား"

"မီအောင်လိုက်ရမှာပေါ့ မမကို စိတ်မချဘူး"

ကရုဏာ စက်ဘီးလေးပေါ်သို့တက်ပြီး ခြံထဲမှ နင်းပြီးထွက်ခဲ့တော့သည်။မျိုးသီရိနိုင်ကားကို မီးရောင်လေးပဲ တွေ့ရသည်။စက်ဘီး အားစိုက်ပြီး မီးရောင်မပျောက်အောင် နင်းပြီးလိုက်လာခဲ့တော့သည်။

ဒေါ်မျိုးသီရိနိုင်ကားလေးမှာ တစ်ဖက်ဆီသို့ ကွေ့ဝင်သွား မီးရောင်ပျောက်ကွယ်သွားသည်။ကရုဏာသည် ကားဝင်သွားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာကို မှန်းပြီး စက်ဘီးကို တွန်းဝင်လာတော့သည်။

"ဒီနေရာ ဖြစ်မယ်"

အမှောင်ထုထဲတွင် သုသာန်တစ်ခုကို စမ်းတဝါးဝါးတွေ့လိုက်ရသည်။

ကရဏာ စက်ဘီးကို အပေါက်ဝတွင်ထားပြီး သုသာန်ဝန်းထဲကို ကြည့်လိုက်တော့ ဂူတစ်ခုပေါ်တွင် လူ(၂) ယောက်ထိုင်နေသည်ကို သူတို့သောက်နေသော ဆေးလိပ်မီးရောင်အောက်၌ တွေ့လိုက်ရသည်။ ကားကိုတော့ လုံးလုံးမတွေ့ရသေးပေ…

"ဘဲချိုး…ငါအရက်သွားယူဦးမယ်"

"သွားယူရင် မြန်မြန်သွားယူကွာ…ငါတစ်ယောက်တည်း မနေရဲဘူး"

"ဟိုနားက ဂူနားမှာ ဆရာကျောက်ဘီလူး မသိအောင်ထားခဲ့တာ"

နှစ်ယောက်ထဲမှတစ်ယောက်ထွက်သွားပြီးသည်နှင့် ကရဏာ ထိုလူနားကိုခြေသံလုံစွာနှင့်ကပ်ပြီး…





"ဒုတ်…အီး…"

နောက်ဘက်မှ ဇက်ကိုရိုက်ချလိုက်ပြီး ဘေးဘက်သို့ဆွဲချထားလိုက်သည်။ အရက်သွားပြီးယူသည့် သူပြန်လာနေသဖြင့် ကျောပေးပြီး ရပ်နေလိုက်သည်။

"ဘဲချိုး ရေတောင်မရှိဘူး ဒီတိုင်းသာမော့"

"ရပါတယ်ကွာ"

"ဟင်…မင်း…"

"ဖြောင်း…အီး…ခွပ်…အင်း…"

ကရဏာသည် ထိုလူ၏မျက်နှာနှင့် အချက်ဆီသို့ ဆက်တိုက်ထိုးချလိုက်ပြီး…

"ချောက်…"

"မင်း…မင်း…ဘာလုပ်မလို့လည်း"

"ငါမေးတာကို မပြောရင် ငါ့ခြေးက မင်းအတွက်ကံကောင်းမှာ မဟုတ်ဘူး"

"ပြော…ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ဘီလူး ဘယ်မှာလဲ"

"ဟို ဇရပ်နောက်ဘက်မှာပါ"

"ကောင်မလေးကို ဘယ်မှာချုပ်ထားလဲ"

"ဓပြီနိုင်ကို ဟိုမှာမြင်နေရတဲ့ ကုက္ကိုပင်ကြီးအောက်မှာ ချုပ်ထားတယ်"

"ဘယ်နှယောက်လောက် စောင့်နေလဲ"

"တစ်ယောက်တည်းပါ"

"ဒုတ်... အင့်..."

ကရုဏာသည် ဓားမြှောင်အနှောင့်နှင့်ထိုလူ၏ ကုပ်ကို ထုချလိုက်ပြီး သိပ်လိုက်တော့သည်။ ပြီးမှ ကုက္ကိုပင်ကြီးဘက်ကို မှောင်ရိပ်ကြားမှ ချဉ်းကပ်သွားတော့သည်။ အမှောင်ထုထဲတွင် သဏ္ဍာန်ရိပ်နှစ်ခုကို ကွဲကွဲပြားပြားတွေ့နေရသည်။ကုက္ကိုပင်ကြီး၏ တစ်ဖက်သို့ကပ်သွားပြီး စောင့်နေသောသူ၏ အခြေအနေကို ကြည့်လိုက်သည်။ တစ်ဖက်ကိုလှည့်နေသဖြင့် ကရုဏာအတွက် အဆင်သင့် သွားတော့သည်။





"ဖြောင်း...အ"

ကရုဏာ၏ ရိုက်ချက်မှာ ချက်ကောင်းကိုထိသွားသဖြင့် မြေပြင်သို့ စိုက်ကျသွားသည်။

"အု.ဝု.ဝု..."

"ငါမင်းကိုလာပြီး ကယ်တဲ့သူပါ မကြောက်နဲ့"

ကရုဏာ သည်မားစာခံ၏ ပါးစပ်တွင် စည်းပေးထားသော အဝတ်စကို ဖြေပေးလိုက်ပြီး ခြေနှင့်လက်တို့တွင် ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်သည်။

"ဟင်..."

ကရုဏာ တို့ဆီသို့ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့ရသဖြင့်...

"မင်းဆက်ပြီး ထိုင်နေဦး"

"ဟုတ်"

ကရုဏာ ကုက္ကိုပင်ကြီးကို မှီပြီးနေလိုက်သည်။

"ချစ်ကို...ဆရာကျောက်ဘီလူးက ခေါ်ခဲ့တော့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



“အေး…”

ကရုဏာ ကြိုးဖြေပေးချင်ယောင်ဆောင်ပြီး ဖြိုနိုင်ကို လက်မောင်းမှ ဆွဲပြီးခေါ်ကာ ထိုလူများသို့ရောက်သည်နှင့်…

“မင်း…”

“ငါ..မင်းပတွေးလေ…”

“ဖြောင်း..ခွပ်…ဒုတ်…အီး…”

ကရုဏာ၏ ထိုးချက်၊ ကန်ချက်နှင့် ထိုလူဆိုး ဂူနှင့်ခေါင်းရိုက်မိကာ ပြန်ပြီးမထနိုင်တော့… ကရုဏာ ထိုလူဆိုး၏ဦးထုပ်ကို ယူပြီးဆောင်းကာ…

“မင်းလက်ကို နောက်ပစ်ပြီးလိုက်ခဲ့”

“ဟုတ်ကဲ့…”

သူသည် ဇရပ်ပျက်ကြီးနားသို့ရောက်တော့…

“ဒေါ်မျိုးသီရိနိုင်ဘယ်မှာလဲ၊ ကျုပ်ပြောတဲ့ပစ္စည်း…ဟိုမှာခင်ဗျား သမီး”

“ငါ့သမီး ငါ့လက်ထဲကို ရောက်တာနဲ့ နင်လာယူတော့၊





ငါဒီမှာ ချထားမယ်”

“ဒီလိုဘယ်ဖြစ်မလဲ ဘူးထဲမှာဘာမှ မရှိဘူးဆိုရင် ဘယ်လိုလုပ်မလဲ”

“နင့်ဘေးမှာ(၃)ယောက် တောင်ရှိနေတာ ငါကတစ်ယောက်ထဲ…သွေးမပျက်ပါနဲ့ ကျောက်ဘီလူး၊ ငါမှာဘာ လက်နက်မှ မပါပါဘူး”

ကရုဏာနှင့်မှကျောက်ဘီးလူးတွင် လူ(၄)ယောက်သာ ရှိတော့သဖြင့် ကရုဏာ ရင်ဆိုင်မယ်ဆိုရင် သိပ်ပြီးတော့ ခက်ခဲမှာမဟုတ်။

“မင်းအမေဆီကို သွားရင်းနဲ့ ယွန်းဘူးကို တစ်ခါတည်းကောက်သွား၊ ငါဒီကောင်တွေကို ရင်ဆိုင်ထားမယ်”

“ဟုတ်”

“ချစ်ကို ဟိုကောင် ဂံကျော်ရော”

“နောက်မှာ”

“မင်း ပါလိုက်သွားပြီး ယွန်းဘူးကိုယူခဲ့”

“ဟုတ်…”



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ကို..မင်း...မင်း..ချစ်ကိုမဟုတ်ဘူး"

ကျောက်ဘီလူးသည် ကရုဏာ..သူ့လူမဟုတ်မှန်း ရိပ်မိသွားသည်နှင့်...

"မင်းသွားတော့..."

ခပြီနိုင်မှာ သူမ မိခင်ဆီကိုပြေးသွားရင်း ယွန်းဘူးလေးကို ကောက်ယူချိန်တွင် ကရုဏာနှင့် ကျောက်ဘီလူးတို့တိုက်ပွဲကစလေပြီ။

"ကျား...ယိ..."

အမှောင်ထုထဲတွင် မဲမဲသဏ္ဍာန်တွေနှင့်တိုက်ခိုက်ကြပေမယ့် ကရုဏာအတွက်တော့ အခွင့်ကောင်းတစ်ခုကို ရလိုက်သလို တစ်ဖက်မှ တိုက်ခိုက်မှုတွေကို အသာအယာတိမ်းရှောင်ပြီး...

"ရှော့...ဖြောင်း...ကဲကွာ...အီး..."

ကျောက်ဘီလူး တပည့်(၂)ယောက် မှောက်သွားသည်နှင့်

"ခွေးမသား သေပေတော့"

"ဒုတ်...အား..."

ကရုဏာ၏ ဓားမြှောင်ကလေးမှာ ကျောက်ဘီလူး၏ သေနတ်





ကိုင်ထားသောလက်ဆီသို့ ရောက်သွားပြီးသေနတ်လွတ်ကျသွားသည်။

"ခင်ဗျားအလှည့်ပြီးရင် ကျုပ်အလှည့်ပေါ့"

"မင်း....မင်း..မလုပ်ပါနဲ့ကွာ"

ကရုဏာသည် ကျောက်ဘီလူးလွတ်ကျသွားသော သေနတ်ကို ကောက်ယူပြီး ချိန်ထားလိုက်ချိန်တွင်...

"မလုပ်လိုက်ပါနဲ့ကွယ်...သူတို့စရိတ်နဲ့သူတို့သွားပါစေ"

"မမအတွက်နောက်တစ်ခါ အန္တရာယ်ပြုနေဦးမယ်၊ တစ်ခါတည်း ရှင်းလိုက်တာကောင်းပါတယ်..."

"ဟင်...မောင်ကရုဏာ..."

ဒေါ်မျိုးသီရိနိုင်...ကရုဏာကို မှတ်မိသွားပြီး...

"မောင်လေး ထားခဲ့လိုက်ပါ... သူ့အတွက် နောက်တစ်ခါ အခွင့်အရေးမရှိတော့ပါဘူး၊ မမရှင်းပါမယ်၊ သွားကြရအောင်..."

"သွားဦးမယ်...ရော့..ခင်ဗျားသေနတ်၊ ကိုင်ရတာလေးတယ်..."

"ခွပ်...အား..."



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသည် ကျောက်ဘီလူးကို သေနတ်ဒင်နှင့်ခပ်ဆတ်ဆတ်လေးရိုက်ချပြီး သိပ်ထားလိုက်လေသည်။

"ကဲ…ငါ့မောင်သွားကြရအောင်…"

ကရုဏာတို့(၃)ဦး ခပ်လှမ်းလှမ်းတွင်ရပ်ထားသော ကားဆီသို့လာခဲ့ကြတော့သည်။

"မောင်လေး… ကားမောင်းတတ်လား"

"မောင်းတတ်ပါတယ်..လိုင်စင်တော့မရှိဘူး"

"မောင်းတတ်ရင်ဖြစ်ပါတယ်..လိုင်စင်အတွက် မမစီစဥ်ပေးမယ်.. သမီး..မောင်ကရုဏာကိုမှတ်မိလား.."

"မှတ်မိပါတယ်မေမေ…ပဲခူးဘုရားမှာ သမီးတို့ကို ကယ်ခဲ့တာလေ ခုလည်းကယ်ပြန်ပြီနော်"

"တိုက်ဆိုင်သွားတာပါ"

"မောင်လေးဘယ်လို သိပြီးလိုက်လာတာလဲ"

"မမကားနောက်ကို စက်ဘီးနဲ့လိုက်လာခဲ့တာပါ၊ မီအောင်တော့ မလိုက်နိုင်ဘူး ကားမီးရောင်ကိုကြည့်ပြီး လိုက်လာခဲ့တာ"





"မောင်လေးမမတို့သားအမိကို ကယ်ခဲ့တာ (၂) ခါရှိပြီနော်"

"မမလည်း ကျွန်တော့်ကို ကူညီထားတာပါ"

"မမ မင်းကိုကူညီတာ ဘာမှမဟုတ်လောက်ပါဘူး… င်ကရုဏာရယ်"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၊ ၅ ၊

ဒေါ်မျိုးသီရိနိုင် ရန်ကုန်ကို အလုပ်ကိစ္စနှင့် ဆင်းသွားသည်မှာ (၅) ရက်ပြည့်ခဲ့လေပြီ၊ ကရဏာသည် ဒေါ်မျိုးသီရိနိုင် အိမ်ကြီးပေါ်ကို ရောက်ပြီးမှ သူမ၏ချမ်းသာကြွယ်ဝမှုကို သိခဲ့ရသည်၊ မန္တလေးမြို့တွင် သူဌေးစာရင်းဝင်တစ်ဦး… လုပ်ငန်းကြီး (၅)ခုလောက်ကို ကိုယ်စား လှယ်များနှင့် လုပ်ကိုင်ပြီး ချုပ်ကိုင်ထားသူဖြစ်သည့်အပြင် သက်ဆိုင်ရာ အဖွဲ့အစည်းများကို ဝင်ဆံ့သူတစ်ဦးဖြစ်သည်။





ကရုဏာတစ်ယောက်ကတော့ အိမ်ကြီးတွင် စားလိုက်၊အိပ်လိုက် …မ်တွင် ဖြိုးနိုင်တစ်ယောက်မှာ ကွန်ပျူတာတက်၊ အင်္ဂလိပ်စကား …သင်တန်းတက်၊ တင်းနစ်ကွင်းသွားလေ့ကျင့်လိုက်နှင့်သူနှင့်ည …တောင် ဆုံဖြစ်ချင်မှ ဆုံဖြစ်သည်။

ကရုဏာသည် အိမ်ကြီးတွင် အခန့်သားနေရသည်ကို ငြီးငွေ့လာ… ခြံထဲရှိ ပန်းခင်းကလေးကို မနက်အိပ်ရာထသည်နှင့် ပေါင်းသင် … ရေလောင်းခြင်း စသောလုပ်ငန်းများကို လုပ်ကိုင်ပေးလေသည်။

"ကိုကရုဏာ"

"ဗြော်… ဖြိုးနိုင်"

ကရုဏာရေလောင်းနေသော နေရာနားသို့ ဖြိုးနိုင်ရောက်လာ…

"မင်း ဒီနေ့ အပြင်သွားစရာ မရှိဘူးလား"

"ဒီနေ့ (Sunday) လေ၊ ညနေမှ တင်းနစ်ကွင်းကိုသွားရမှာ"

"ကိုကရုဏာကို ကျေးဇူးတင်စကားပြောချင်လို့"

"ဘာ့ကြောင့်မင်းက တင်ချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကဆို ဒီနှင်းဆီခင်းကြီးကို နိုင်က ပေါင်းသင် ရေလောင်း တာတွေလုပ်ခဲ့တာလေ၊ ဒီနှစ်တော့ သင်တန်းတွေနဲ့ တစ်ပတ်တစ်ခါ တောင်လှည့်မကြည့်နိုင်ဘူး… ဦးလေးဘဖကျတော့ တခြားအလုပ် တွေနဲ့ဆိုတော့ အချိန်သီးသန့် မပေးနိုင်ဘူး၊ နှင်းဆီခင်းလေးကို ပစ်ထား ရတာကြာပြီ၊ ခုမှပဲ သူတို့လေးတွေ လှပလာတော့တယ်လေ၊ ဒါ့ကြောင့် ကျေးဇူးတင်ချင်တာပါ"

"ရပါတယ် ဗြိုနိုင်ရယ်"

"နိုင်လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါလား ကိုကရုဏာကိုယ့်အစ်ကိုလို့ပဲ ခေါ်ချင်တယ်၊ဘာကြောင့်လည်းဆိုရင်နိုင့်ဘဝမှာက အစ်ကိုလည်းမရှိဘူး မောင်လေးလည်းမရှိဘူး၊ ဒါ့ကြောင့် အစ်ကိုအဖြစ်နဲ့ ခေါ်ပါရစေ… နော်"

"ခေါ်နိုင်ပါတယ် နိုင်"

"အစ်ကိုနဲ့ နိုင် ဒီနေ့ကစပြီး မောင်နှမတွေ ဖြစ်သွားပြီနော် ဟုတ်"

ကရုဏာ ခေါင်းလေးကို ညိတ်ပြလိုက်သည်၊ ဗြိုနိုင် မျက်နှာ





မှာ အပြစ်ကင်းစင်သော ကလေးငယ်လေး တစ်ဦးပမာ လန်းဆန်း သည်။

"မမေကလည်း ခုတစ်ခေါက်သွားတာ ဖုန်းလေးတောင် မဆက် "

"ဟိုမှာ အလုပ်တွေများနေလို့နေမှာပေါ့ကွာ"

"အစ်ကို့ကို မေးရမယ်၊ စိတ်ထဲမှာဖြေချင်မှဖြေနော်… ညီမ ယောက်ကနေ အစ်ကိုဖြစ်သူကိုမေးတာလို့သဘောထားရမယ်"

"မေးစေဗျာ…"

"ဟို…ဟို…ချစ်သူနဲ့ရောအဆက်အသွယ်ရရဲ့လား"

"ခုထိတော့ ငါ့ဘက်က အဆက်အသွယ်မလုပ်သေးဘူး၊ ကိုယ် လွန်ခဲ့တဲ့ ပြစ်မှုနဲ့ပတ်သက်ပြီး သူ့ကိုနွယ်နေမှာစိုးလို့ပါ"

"မမ…သနားပါတယ်…အစ်ကို့ကိုလွမ်းနေမှာပေါ့"

"လွမ်းတာထက် စိတ်ပူနေမှာနိုင်…ဘယ်ကိုရောက်ပြီးဘာတွေ နေသလဲဆိုတာကို တွေးပြီးနေမှာ…"

"ဟုတ်မယ်နော်…'နိုင်'ဘာကူညီပေးရမလဲ… ရန်ကုန်မှာ "



www.burmeseclassic.com

www.burmeseclassic.com



တို့ တင်းနစ်ပြိုင်ပွဲသွားဖို့ရှိတယ်၊ မမနဲ့ "နိုင်" သွားပြီးတွေ့ပေးရမလား"

"နိုင်သွားဖြစ်ရင်တော့ ကို့အတွက် ဒါလေးတော့ကူညီပေးနော်"

"ကူညီရမှာပေါ့ အစ်ကိုရယ်…"

"တီ…တီ…"

"ဟင်…မေမေ ပြန်လာပြီ"

ခြံဝမှကားဟွန်းသံလေးကြောင့် ဖြိုးနိုင်အပြေးကလေးခြံဝဆီသို့ ထွက်သွား၏ ။ ဒေါ်မျိုးသီရိနိုင် ကားကလေး အိမ်ရှေ့တွင် ရပ်သည်နှင့်

"မောင်လေးရေ ဒီကိုလာဦးဟေ့"

"ဟုတ်ကဲ့"

ကရုဏာ ရေပိုက်ကလေးကို ပိတ်ပြီး ဒေါ်မျိုးသီရိနိုင်ဆီသို့ လာ ခဲ့သည်။

"ညှိခန်းရောက်မှ စကားပြောကြတာပေါ့၊ ဦးလေးဘစံရေ ပစ္စည်းတွေကို အခန်းထဲသာ ပို့လိုက်"

ဖြိုးနိုင်ကတော့ ဒေါ်မျိုးသီရိနိုင် ခရီးဆောင်အိတ်တွေကို ဆွဲပြီး လိုက်ပါလာသည်။





"ဪ မောင် ဇာတ်လမ်းကိုတော့ မမ သိခဲ့ပြီကွဲ့"

"ဗျာ…ကျွန်တော့် ဇာတ်လမ်း"

"မောင်လေးနဲ့ ဦးဘမောင်တို့ဇာတ်လမ်း လေးအရ သူတို့တစ် ယောက်မှ မသေဘူး၊ ဒဏ်ရာ ရရုံလောက်ပါ၊ သူတို့ ကျူးလွန်ခဲ့တဲ့ အမှုနဲ့ သူတို့အားလုံးကို သက်ဆိုင်ရာက အရေးယူထားပါပြီ၊ ဒေါ်ခင်ပို သည်း ဖမ်းတဲ့ထဲမှာပါသွားတယ်၊ မောင်လေးအတွက် ရှေ့နေတွေနဲ့ ဥပဒေလမ်းကြောင်းပေါ်ကနေရှင်းဖို့ စခန်းမှူးကြီး ကတောင် မောင်လေး ဘက်ကကူညီပေးနေတယ်၊ ကိစ္စက ပြီးပြတ်သွားမှာပါ…ရော့"

"ဟင်…ဘာလဲမမ"

"ခရမ်းပြာ စာရေးပြီးပေးလိုက်တယ်တာ မမ ဖုန်းနံပါတ်လည်း ပေးထားတယ်၊ မောင်လေးဆီကို သူဖုန်းဆက်လိမ့်မယ်"

"ကျေးဇူးတင်ပါတယ် မမ"

"ဒီစကားတွေကို မောင်နှမကြားမှာ မပြောရဘူးလေ"

"မေမေ သမီးနဲ့အစ်ကိုက ဒီနေ့မှ မောင်နှမတော်လိုက်တာ… မေမေနဲ့တယ်လိုလုပ်ပြီး မောင်နှမတော်လို့ဖြစ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…မွေးစားသားပေါ့"

"ဟင်…"

"မောင်လေး တခြားလုပ်ငန်းတွေကို မစဉ်းစားနဲ့ မမ လုပ်ငန်းတွေမှာ ဝင်ပြီးလုပ်ပေးပါလား…"

"မမ ကောင်းသလို စီစဉ်ပါ…"

"ရှေ့အပတ်မှာ မောင်လေး ရန်ကုန်ကို အမှုကိစ္စနဲ့ သွားရမယ် မမ ကိုယ်တိုင်လိုက်ခဲ့မှာပါ"

"သမီးတို့ပြိုင်ပွဲနဲ့ တိုက်ဆိုင်ရင် သိပ်ပြီးကောင်းမှာမေမေ… သားအမိတွေ ရန်ကုန်မှာပျော်ပျော်ကြီးလျှောက်လည်ကြတာပေါ့နော်၊ အစ်ကိုက ရန်ကုန်သားဆိုတော့ စုံအောင်လိုက်ပြီးပို့ပေးရမယ်"

"ဟဲ့…ကောင်မလေး…နင့်အစ်ကိုက အမှုကိစ္စနဲ့သွားရမှာ၊ ပြီးတော့ သမီးက ပြိုင်ပွဲနဲ့"

"တစ်ရက်လောက်အားရင်ရတာပဲဟာ…အစ်ကို‥ပို့ပေးမယ် မဟုတ်လား"

"ပို့ပေးမှာပေါ့ဗျာ…"





"ဒါမှ တို့ကိုကိုကွ‥"

ကရုဏာ ရင်ထဲသို့ အိပ်မက်ဆန်လှသော မိသားစုဘဝလေးတစ်ခုရောက်လာသလို ခံစားလိုက်ရသည်။

ကံကြမ္မာ၏ ဆန်းကြယ်မှုပေါ်မှာလည်း အံ့အားသင့်စေခဲ့သည်။ ခုလို ဘဝမျိုးနှင့် ဒေါ်မျိုးသီရိနိုင် ဘဝထဲကို ရောက်ခဲ့ခြင်းသည် ကရုဏာအတွက် ကံကောင်းခြင်းကမ္ဘာငယ်တစ်ခုကိုရောက်ရှိသလိုပင်။

ကရုဏာ၏ အနာဂတ်ဘဝအတွက် အကောင်းဆုံးပံ့ပိုးရှင်သည် ဒေါ်မျိုးသီရိနိုင်ဖြစ်နေမလား…

ကရုဏာဘဝထဲတွင် ခရမ်းပြာတစ်ဦးတည်းနှင့်သံယောဇဉ်ခရီးဆုံးခန်းတိုင်သွားပြီဟု သတ်မှတ်ထားခဲ့ပေမယ့် ခုတော့ ကလေးသဖွယ်ခင်တွယ်စရာကောင်းသော ညီမလေးတစ်ယောက်ကိုပင် ထပ်မံတွေ့လိုက်ရပြန်ပြီဖြစ်သည်။

ခရမ်းပြာပေးလိုက်သော စာလေးကို ကရုဏာဖောက်ပြီးဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာ…

ငါစာရေးလိုက်တယ်..

ငါ့အတွက်ဘာမှစိတ်မပူနဲ့ ကရုဏာ..အန်တီ'နိုင်'က ငါ့အတွက် အားလုံးကို စီစဉ်ပေးခဲ့တယ်.. နင်နဲ့ငါ့အတွက် အဆိုးတွေကြားထဲက ကံကောင်းခြင်းတစ်ခုကို ရလိုက်တာပဲဟာ… နင်နဲ့ပတ်သက်ပြီး ကောင်းသတင်းတွေကို ကြားရတော့ နင့်အတွက် စိတ်ပူပန်ပြီး အိပ်မပျော်နိုင်တဲ့ရက်တွေက လွတ်မြောက်ခဲ့သလိုပဲ..ငါတို့(၂)ယောက် အတွက် အကောင်းဆုံးဘဝလေးတစ်ခုကို တစ်နေ့ရောက်ရမှာပါ.. နင်လည်း ကြိုးစား၊ ငါလည်း ကြိုးစားပြီး ဘွဲ့တစ်ခုကို ရအောင် ယူမယ်.. အန်တီ'နိုင်'ကပြောတယ်၊ နင့်အမှုကိစ္စအတွက် ရန်ကုန်ကို လာစရာရှိသေးတယ်တဲ့၊ နင်လာတော့မှပဲ စကားတွေအများကြီးပြောတော့မယ်..

သတိရခြင်းများစွာနှင့်

ခရမ်းပြာ





ခရမ်းပြာ၏စာလေးကို ပြန်ခေါက်ပြီး အိတ်ထဲသို့ ထည့်လိုက်လေသည်။

"မောင်လေး.."

"မမ,..ဘာပြောချင်လို့လဲ..ပြောပါ"

"မမရဲ့မေတ္တာရိပ်အောက်မှာ မင်းတို့ဘဝလေးတွေ လှပလန်းဆန်းစေရမယ်ဆိုတာတော့ အကြွင်းမဲ့ယုံပါကွယ်.."

"မမဟာ..ကျွန်တော့်ရဲ့အနာဂတ်မိခင်တစ်ဦးရယ်ပါ…"



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေးခဲ့သည်။

ကရုဏာ၏ဘဝမှာ အရင်ဘဝနဲ့လုံးဝခြားနားသောဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ရပြီဖြစ်သည်။ ကရုဏာပေါ်မှာ အစ်မသဖွယ်၊ မိခင်သဖွယ် သံယောဇဉ်တွယ်ခဲ့သော ဒေါ်မျိုးသီရိနိုင်၏ မေတ္တာတရားပေါ်မှာ အကယ်ပင် မယုံကြည်နိုင်အောင်ဖြစ်ခဲ့မိတော့သည်။

ကရုဏာ၏အမှတ်မထင် ကူညီမှုလေးသည် ခုလိုဘဝတစ်ခုကို ပိုင်ဆိုင်ရလိမ့်မယ်လို့ ဘယ်သောအခါမှ အိပ်မက်ပင် မမက်မိခဲ့ပေ။



## အခန်း၊ ၆၊

ကရုဏာ၏အမှုကိစ္စပြီးပြတ်သွားပြီဖြစ်သလို ခရမ်းပြာအတွက်လည်း စိတ်အေးစွာနှင့်ရန်ကုန်တွင်ထားခဲ့နိုင်ပြီဖြစ်သည်။

ခရမ်းပြာ ပညာရေးကို အခက်အခဲကင်းမဲ့စွာနှင့် သင်ကြားနိုင်အောင် ဒေါ်မျိုးသီရိနိုင်က စီစဉ်ပေးခဲ့ပြီဖြစ်သည်။

ခုဆို မန္တလေးတွင် ဒေါ်မျိုးသီရိနိုင်လုပ်ငန်းတွေကို ကိုယ်စားပြုပြီးလုပ်ကိုင်နိုင်အောင် လေ့လာနေရသည်။ ဒေါ်မျိုးသီရိနိုင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ အလုပ်နားရက်ဖြစ်သောကြောင့် မိသားစုတွေ အိမ်မှာ မုန့်ဟင်းခါး ချက်စားကြသည်မှာ တစ်ပတ်တစ်ခါ ပုံမှန်လိုဖြစ်ခဲ့သည်။

ဒေါ်မျိုးသီရိနိုင်နှင့်ဇေပြီနိုင်တို့က ဈေးဝယ်ထွက်သွားသဖြင့် ကရုဏာ အိမ်ရှေ့ နှင်းဆီခင်းလေးကို ရေလောင်းနေစဉ်…

"ချွင်…ချွင်…"

ခြံဝမှ လူခေါ်ခေါင်းလောင်းလှုပ်ခတ်သံကြောင့် လှမ်းပြီးကြည့်လိုက်ရာ ရှမ်းဘောင်းဘီအင်္ကျီနှင့် အဘိုးကြီးတစ်ဦးကိုတွေ့လိုက်ရသည်။ ကရုဏာ…ခြံတံခါးဆီသို့ရောက်သွားပြီး….

"အဘာ…ဘယ်သူနဲ့တွေ့ချင်လို့လဲဟင်…"





"သီရိနိုင်ရှိလား…"

"အပြင်ဈေးဝယ်ထွက်သွားပါတယ် အဘာ"

"ဘဇံရော…"

"ရှိပါတယ်.. နောက်ဖေးမှာပါ…"

"ဦးစိုင်းပု လာတယ်လို့ပြောလိုက်"

"ဟုတ်ကဲ့"

ကရုဏာ..ဦးလေးဘဇံဆီကို ခပ်သုတ်သုတ်လေးလာပြီးပြောလိုက်သည်။

"အေး…ခုငါသွားလိုက်မယ်"

ဦးလေးဘဇံ.. လုပ်လက်စအလုပ်တွေကိုထားပြီး ခြံဝဆီသို့ပြေးသွားသည်ကိုကြည့်ပြီး ထိုလူကြီးသည် အရေးပါသောပုဂ္ဂိုလ်တစ်ဦးဆိုတာတော့ သဘောပေါက်လိုက်သည်။

ထိုလူကြီး အိမ်ထဲတွင်ထိုင်ပြီး သိပ်မကြာ…ဒေါ်မျိုးသီရိနိုင်နှင့် ဇေပြီနိုင် ပြန်ပြီးရောက်လာ၏။ ကရုဏာကတော့ အခန်းထဲတွင် စာရင်းဇယားတွေကို လုပ်ကိုင်နေပေမယ့် အပြင်မှပြောနေသောစကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည်။

"သီရိနိုင်...နင်ခုထိဘာမှ အကောင်အထည်မဖော်သေးဘူး လား.. ရှေ့နှစ်ဆိုရင် အစ်ကိုတော်နှစ်(၁၀၀)ပြည့်ပြီ.. သူ့ဆန္ဒတွေကို နင်ခုထိ မလုပ်ပေးနိုင်သေးဘူးပေါ့.."

"သမီးလည်း အစွမ်းကုန်ကြိုးစားနေပါတယ်အဘရယ်.. ဘယ်လိုမှ သတင်းမရဘူးဖြစ်နေတာရယ်..ရခဲ့တဲ့သတင်းတွေကလည်း လွဲချော်နေတယ်.."

"ခု..နင့်ဆီကိုလာတာ ဒီအတွက်သတင်းလာပြီးပေးတာ.. ရှမ်းပြည်နယ် မြောက်ပိုင်း(××××)ရွာမှာ ဦးပေါ်သျှမ်းဆီကိုသွားပြီးတွေ့လိုက်...သူ့ဘက်က ပစ္စည်းရှိတဲ့နေရာကို လမ်းညွှန်ပေးလိမ့်မယ်.. ကြားမှာ(၃)လပဲ အချိန်ရှိတော့တယ် သီရိနိုင်... ငါကတော့ အစ်ကိုတော် အနှစ်တစ်ရာပြည့်မှာ ဌာပနာ ပိတ်ချင်တယ်..."

"သမီး ကြိုးစားပေးပါ့မယ်"

"ကောင်းပြီ... အစ်ကိုတော်နှစ်တစ်ရာပြည့်မယ့် (၃)ရက်အလိုမှာ ငါရောက်လာပြီး ပစ္စည်းကိုလာပြီးယူမယ်"





"ဟုတ်ကဲ့.."

"ငါသွားမယ်..."

ဦးစိုင်းပု သူ့လွယ်အိတ်ကြီးကို သိုင်းလွယ်ပြီးပြန်ထွက်သွားတော့ သည်။ ဒေါ်မျိုးသီရိနိုင်တို့ ခြံဝထိလိုက်ပို့ပေးပြီး ပြန်လာကြသည်။

"မောင်လေးရေ... စာရင်းတွေထားပြီး ဒီကိုခဏလာဦး"

"ဟုတ်ကဲ့ မမ"

ကရုဏာ...စာရင်းစာအုပ်တွေကိုထားခဲ့ပြီး ဒေါ်မျိုးသီရိနိုင်ဆီသို့ လာခဲ့သည်။

"မောင်လေးနဲ့မမ စကားပြောစရာရှိတယ်"

"ဟုတ်ကဲ့...ပြောပါ"

"ခုပြောမယ့်ကိစ္စဟာ မမတို့ ဘိုးဘွားအစဉ်အဆက်က မိသားစု ကြောင်းရေးကိစ္စတစ်ခုပဲ ဆိုရမှာပေါ့"

"သမီး 'နိုင်' မေမေ့အခန်းထဲက ယွန်းဘူးလေး သွားပြီး ယူခဲ့"

"ဟုတ်..."

မြို့နိုင် သူမအမေ အခန်းထဲမှ ရွှေရောင်ယွန်းဘူးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ယူလာပြီး ဒေါ်မျိုးသီရိနိုင်ကိုပေးလိုက်သည်နှင့် ယွန်းဘူးလေးကို ဖွင့်လိုက်သောအခါ ရွှေဖြင့်လုပ်ထားသော ဆင်ရုပ်လေးကို တွေ့လိုက်ရသည်။

"သာမန်ကြည့်ရင်တော့ ရွှေနဲ့လုပ်ထားတဲ့ဆင်ရုပ်ကလေး တစ်ရုပ်ပါပဲ၊ မောင်လေး ကိုင်ပြီးကြည့်လေ ဘာတွေထူးခြားတာရှိလဲဆိုတာကိုပြော"

ကရုဏာ ဆင်ရုပ်ကလေးကို သေချာကြည့်ပြီး ဒေါ်မျိုးသီရိနိုင်ကိုပြန်ပြီး မေးလိုက်သည်။

"မောင်လေး ထူးခြားတာ ဘာတွေ့လဲ"

"ဆင်ရုပ်လေးရဲ့ ခြေထောက်မှာ အင်းချပ်နံ့ပါတ်လေးတွေကိုရေးထားသလိုပဲ…ပြီးတော့ ဆင်ရုပ်ကလေးရဲ့ မျက်လုံးနှစ်ဖက်ဟာ အခြားဆင်မျက်လုံးနဲ့မတူဘဲ မြွေမျက်လုံးလိုလို တွေ့ရတယ်၊ ဟုတ်လားတော့မသိဘူး"

"မောင်လေး ပြောတာတွေ ဟုတ်ပါတယ်၊ ဒါတွေဟာဆင်ရုပ်လေးရဲ့ လျှို့ဝှက်ချက်ပဲ မောင်လေး… ဒီဆင်ရုပ်လေးကို နဂါးမာန်ဆင်





ခေါ်တယ်၊ ရှေးလူကြီးတွေရဲ့ နက္ခတ်အတတ်ပညာနဲ့ စီရင်ခဲ့တဲ့ဆင်ရုပ်လေးပါ…ဒီရာဇဝင်လေးကို ဘာကြောင့်မမ မောင်ကရုဏာကိုပြောပြရသလဲ ဆိုရင် မမအတွက် သိပ်ကိုအရေးကြီးတဲ့ အခက်အခဲတစ်ခုကို ရင်ဆိုင်ဖြေရှင်းခဲ့တဲ့ထဲမှာ မောင်ကရုဏာလည်း မမနဲ့အတူပါဝင်လာရမယ့်သူ ဖြစ်နေလို့ပါ… မမအနေနဲ့ တခြားသူတွေကိုဘယ်လိုမှပြောပြလို့မရသလို အတူအညီလည်းမယူရဲဘူး… မောင်လေးကို မမယုံကြည်တယ်၊ မမနှလုံးသားထဲမှာ မောင်လေးဟာ မမတို့ရဲ့ သွေးသားရင်းတစ်ဦးလို့သတ်မှတ်ခဲ့သလို ယုံကြည်မှုလည်း ရှိခဲ့တယ်…ဒါကြောင့်ခုလိုဖွင့်ပြောတာပါ"

"မမအတွက် ကျွန်တော်ဘာမဆို ကူညီပေးဖို့အသင့်ရှိပါတယ်…ဒါ ကျွန်တော်ဘာလုပ်ပေးရမလဲ"

"မောင်လေး မမနဲ့အတူ ပစ္စည်းတစ်ခုကို လိုက်ပြီးရှာရမှာကွဲ…ဘယ်လိုပစ္စည်းလဲ ဆိုရင်တော့ ခုမောင်လေးတွေ့တဲ့ ရွှေဆင်ရုပ်လေးနောက်တစ်ကောင်ကို ရှာရမှာ"

"ဒါဆို နှစ်ခုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...မောင်လေး ခုမမလက်ထဲမှာ ရှိနေတာက အစ်ကိုတော်ဆင်ရုပ် ပျောက်ဆုံးနေတာက ညီတော်ဆင်ရုပ် ဒီဆင်ရုပ်လေး(၂) ခုဟာ ဘုရားဌာပနာထဲကို ထည့်သွင်းရမှာလေ"

"ဩော်...ဘယ်လိုကြောင့် ဆင်ရုပ်လေးတစ်ခုက ပျောက်သွားရတာလဲ မမ"

"ဒီရာဇဝင်ကို မမအစကနေ ပြောပြမှ မောင်လေးသဘောပေါက်မှာ...မမတို့ရဲ့ အဘိုးတွေဖြစ်တဲ့ ဦးစိုင်းလှ္ပံု နဲ့ ဦးစိုင်းယံတို့ (၂) ဦးဟာ တောပစ်တာကို အရမ်းကို ဝါသနာကြီးကြတဲ့ သူတွေပေါ့၊ သူတို့မှာ ညီအစ်ကို (၃)ယောက်ရှိကြတယ်။ စောစောက လာသွားတဲ့ သူက ညီအငယ်ဆုံး ဦးစိုင်းပုတဲ့၊ တစ်ယောက်နဲ့တစ်ယောက် (၂)နှစ်ကြီး (၂)နှစ်ငယ်တွေ၊ မမရဲ့အဘိုး ဦးစိုင်းလှ္ပံုက အကြီးဆုံးသားလေ၊ နောက် (၃) လဆိုရင် အသက်တစ်ရာပြည့်ပြီ"

"ဦးစိုင်းပုက အသက် (၉၆)နှစ်ရှိပြီပေါ့"

"ဟုတ်တယ်ကွဲ့"

"ခုထိ သန်မာဖျတ်လတ်နေတုန်းပဲနော်"





"မမဘိုးဘိုးဆုံးတော့ (၉၆) နှစ်...နောက် အဘိုးလေးဆုံးတာ ...ည်း (၉၆)နှစ်ပဲ၊ ခုအဘိုးစိုင်းပုလည်း (၉၆)နှစ်ကိုရောက်နေပြီ.. ...ဖို့နီးပြီလို့တွက်ဆပြီး ညီအစ်ကိုသုံးယောက်တည်ထားခဲ့ကြတဲ့ စေတီ ...ကို သူမသေခင်မှာ အပြီးသတ်ချင်တဲ့ဆန္ဒက ပြင်းပြနေတယ်လေ"

"ကျွန်တော်မသိလို့ တစ်ခုမေးချင်တယ်၊ မမဘိုးဘိုးကလွဲပြီး ...န်တဲ့သူတွေက မျိုးဆက်တွေမရှိဘူးလားမမ"

"မရှိဘူး မောင်လေး..ဘိုးဘိုးက အိမ်ထောင်ကျပြီး မမဖေဖေ ...ကို တစ်ဦးတည်းမွေးခဲ့တယ်...ကျန်တဲ့အဘိုး(၂)ယောက်ကတော့ ...သာရေးဘက်မှာပဲ ဘဝကိုနှစ်မြှုပ်ခဲ့ကြတာ..စော်ဘွားမျိုးနွယ်ဖြစ် ...ကြတော့ အရမ်းကိုချမ်းသာကြပေမယ့် သူတို့ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေ ...ကို ဖေဖေ့ကိုပဲ ပေးခဲ့ကြတာ..ဖေဖေက တစ်ဆင့် မမဆက်ပြီးရခဲ့ ...ပေါ့ကွယ်... မမခင်ပွန်း ဧပြီနိုင်တို့ဖခင်ကတော့ ရွှေဆင်ရုပ် ...လေးကို လိုက်ရှာရင်း တောင်ကြီးဘက်မှာ ကားဘရိတ်ပေါက်ပြီး ...ောက်ထဲကျဆုံးပါးခဲ့တယ်၊ ဒီတုန်းက ဧပြီနိုင် (၈)တန်းကျောင်းသူ ...ယ်...ရွှေဆင်ရုပ်လေးပျောက်သွားခဲ့တာ ခုဆို (၅)နှစ်ထဲကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ… ပျောက်ဆုံးသွားပုံက အရမ်းကို ဆန်းကြယ်တယ်… ပျောက်ဆုံးတာ မပြောခင် ရွှေဆင်ရုပ်လေးတွေ့ရခဲ့တာကို အရင်ဆုံး မမပြောပြမယ်"

▲



"ဒိုင်း…"

"ထိသွားပြီ…ယ်"

စိုင်းလှ၏ ပစ်လိုက်သော သမင်လေးမှာ စမ်းချောင်းလေးဘေးတွင် သေနတ်ကျည်ဆံ ထိမှန်ပြီး လဲကျသွားသဖြင့် ညီအစ်ကို(၂)ယောက် ပြေး ကလေးသွားကြည့်စဉ်…

"ဟာ…"

သူတို့အနားသို့မရောက်ခင် သေနတ်ကျည်သင့်ထားသော သမင်လေးမှာ ရုတ်တရက်ထပြီး ပြေးထွက်သွားသဖြင့် အံ့အားသင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အသုံးပြုသော အမဲပစ်သေနတ်မှာ သမင်မဆိုထားနှင့် သားကောင် ကြီးတွေကိုတောင် ချက်ကောင်းကိုထိသည်နှင့် အသက်ရှင်စရာလမ်းမရှိ သောသေနတ်တွေ ဖြစ်၏။

"ငါတကယ် ချက်ကောင်းကို ပစ်ခဲ့တာ ရှင်စရာမရှိဘူး"

"ဟိုမှာ လဲကျသွားပြီကွ"

သမင်လေးမှာ စမ်းချောင်းလေး တစ်ဖက်ကမ်းပေါ်တွင် လဲကျသွားပြန်သည်။

"သွေးရှူး သွေးတန်းနဲ့ ပြေးတာပါကွာ ဒီတစ်ခါတော့သွားပြီ"

စမ်းချောင်းလေးရေမှာ ဒူးဆစ်တောင် မရှိသဖြင့် အေးအေးဆေးဆေးပင် ကူးလာကြသည်။

"ဝုန်း.."

"ဟာ...ပြေးပြန်ပြီ"

"တောက်...ဒါသက်သက်အရူးလုပ်နေတာ"

သမင်လေးမှာ အနားကို ရောက်လုလုတွင် ထပြီးပြေးပြန်သည်။

"ကဲကွာ...ဒိုင်း...ဒိုင်း..."





စိုင်းလှျံ စိတ်တိုတိုနှင့် သမင်ကိုလှမ်းပြီး ပစ်ပေမယ့် မထိပေ။

"လှျံ...ဒါမဖြစ်နိုင်ဘူးနော်"

"ဘာလဲ မင်းကတောအပကပ်တယ်လို့ ပြောမလို့လား"

"ယံ...ငါဒါတွေ အယုံအကြည်မရှိဘူး ဒီသမင်ကိုရအောင် လိုက်ယ် မင်းမလိုက်ရဲရင်နေခဲ့"

"ဟာ... မင်းသွားမှတော့ လိုက်ရမှာပေါ့ကွ"

ညီအစ်ကို(၂)ယောက် သမင်ကို ဆက်ပြီးလိုက်ကြရင်း တောနက်ထဲသို့ရောက်လာကြတော့သည်။ ညနေလည်းစောင်းလုလုဖြစ်ပြီး တောထဲတွင် အလင်းရောင်လည်း ကွယ်လုလုဖြစ်နေသည်။

"ယံ...ဓာတ်မီးထုတ်ထား"

"အေး..."

စိုင်းယံ ကျောပိုးအိတ်ထဲမှ ဓါတ်မီးကို ထုတ်ပြီးသမင်နောက်ကိုဆက်ပြီး လိုက်ရင်း...

"ဒုက္ခပေးတဲ့ကောင် ဒီတစ်ခါတွေ့ရင် ဗိုက်ပွင့်အောင် ပစ်ပြမယ်"

"လှျံ...ဟိုညောင်ပင်ကြီးအောက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



သမင်လေးမှာ သူတို့ဘက်ကို ရပ်ကြည့်ပြီး ဆက်မပြေးတော့…

"ချောက်"

စိုင်းလှံ့ သေနတ်ကို မောင်းတင်ပြီး ချိန်ရွယ်လိုက်တော့သည်။

"ကဲ…ဒီလောက်တောင် ဒုက္ခပေးတဲ့ကောင် သေပေတော့"

"ဒိုင်း…"

"ဟာ…လှံ့ မင်းမှားပစ်မိပြီ"

"ဟင်…"

သမင်လို့မြင်ပြီး ပစ်လိုက်သောအရာမှာ တရားကျင့်ကြံနေသော သူတော်စင်ကြီး တစ်ပါးဖြစ်နေလေသည်။

"ဒုက္ခပါပဲကွာ…"

သူတော်စင်ကြီးနားသို့ နှစ်ယောက်သား သွားပြီးပွေ့မလိုက်သည်။

"တပည့်တော်တို့ မျက်လုံးမှောက်ပြီး ခုလိုဖြစ်ရတာပါ"

"လူလေးတို့မှာ အပြစ်မရှိပါဘူး၊ အဘရဲ့အတိတ်ကံ ကပါလာတဲ့ ဝဋ်ကြွေးကို ဆပ်ရတာပါ၊ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ အဘ ခွင့်လွှတ်ပါတယ်၊ တစ်ခုတော့ အဘကို ကူညီကြပါ။"





"ဟုတ်ကဲ့ ကျွန်တော်တို့ ဘာကူညီရမလဲ ပြောပါ အဘ"

"အဘမှာ သာသနာ့ တာဝန်တစ်ခုရှိတယ်ကွယ် ဟို…အဝတ်ထုပ်လေးကိုယူလိုက်"

စိုင်းယံ အဝတ်ထုပ်လေးကို ယူပြီးပေးလိုက်သည်။

"ဒီထဲမှာ နက္ခတ်အတတ်ပညာနဲ့ စီရင်ပြီးထုဆစ်ထားတဲ့ ရွှေဆင်ရုပ်ကလေး ညီနောင်ရှိတယ်၊ ဒီဆင်ရုပ်လေးတွေဟာ စေတီတစ်ဆူဆူမှာ ဌာပနာထည့်ဖို့ အတွက်ပဲကွယ်၊ အဘ တောထဲကနေ အမိဌာန်ခန်းထွက်တာနဲ့(၇) ရက်သားသမီးတွေဆီကနေ အလှူခံပြီး စေတီတစ်ဆူတည်ထား ကိုးကွယ်ပြီးဌာပနာ ထည့်နိုင်အောင် ကြိုးစားမယ့် ရည်ရွယ်ချက်ဟာ အဘရဲ့ အတိတ်ဝဋ်ကြွေးကံ တစ်ခုကြောင့် မလုပ်နိုင်တော့ဘူးကွယ်၊ အဘကိုယ်စား လူလေးတို့ ဆက်ပြီး လုပ်ပေးကြပါလို့ အဘ မေတ္တာရပ်ခံပါရစေ…."

"အဘပေးတဲ့တာဝန်ကို ကျွန်တော်တို့ ကျေအောင်လုပ်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"သာဓု…သာဓု…သာဓု…ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကြီးသာရေခေါ်ပြီး စိုင်းယံလက်ပေါ်တွင် သေဆုံးသွားတော့သည်။

"ဟာကွာ"

စိုင်းလှ့ ပြုခဲ့မိသော အမှုအတွက်ရင်ထဲမှာ လွန်စွာမကောင်းဖြစ်သွားခဲ့သည်။

"လှ့ ဒါငါတို့ (၂)ယောက်ကို အကုသိုလ်အလုပ်တွေကို ရပ်တန့်ဖို့ သတိပေးလိုက်တာပဲကွ"

"ဟုတ်တယ် ယံ…ငါ့စိတ်တွေဘယ်လိုဖြစ်သွားတာလဲမသိပါဘူးကွာ၊ ဒီနေ့ဒီရက်ကစပြီး ငါမှုဆိုးအလုပ်ကို စွန့်လွှတ်ပြီး သူတော်စင်ကြီးဖြစ်ချင်တဲ့ ဆန္ဒကိုအောင်မြင်အောင် ငါအကောင်အထည်ဖော်တော့မယ်"

"ငါလည်းမင်းလိုပဲ လှ့"

သူတော်စင်ကြီးကို ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး တစ်ညလုံး မြေပုံလေးဘေးမှာ သူတို့အမှားတွေအတွက် နေပေးပြီး မနက်မိုးလင်းမှ ပြန်ခဲ့ကြတော့တယ်။





အိမ်ကို ပြန်ရောက်တော့ ညီအငယ်ဆုံးကို ဖွင့်ပြောပြီး ညီအစ်ကို(၃)ယောက် စေတီတစ်ဆူတည်ဖို့ကြိုးစားခဲ့ကြတယ်၊ စေတီတင်ပြီးတည်ဖို့နေရာရှာရင်းနဲ့ ဘိုးဘိုးစိုင်းလှ့ဟာ ဘွားဘွားနဲ့ဆုံစည်းပြီး အိမ်ထောင်ကျခဲ့တာကြောင့်ရယ်…ဘိုးဘိုးတို့စေတီတည်မယ့်ဆောင်ကုန်းလေးဟာ သဘာဝရာသီဥတုဒဏ်ကြောင့် ဘယ်လိုမှ စေတီတည်ထားလို့မရခဲ့ဘူး…ဒီလိုနဲ့ (၃)နှစ်လောက်ထပ်ပြီးကြာသွားရတယ်၊ နောက်ထပ်တစ်နေရာတွေ့တော့လည်း စေတီတည်ပြီး ဌာပနာပိတ်ချိန်မှာ လျှင်လျှပ်ခတ်ပြီး စေတီကြီးပြိုခဲ့ပြန်တယ်…အခက်အခဲတွေကို တစ်ခုပြီးတစ်ခု ရင်ဆိုင်ရင်း ဘိုးဘိုးသေဆုံးခဲ့တယ်၊ ပြီးတော့ အဘိုး လေးပါသေဆုံးတဲ့အထိ စေတီကို တည်ထားကိုးကွယ်ခွင့်မရခဲ့ကြဘူး၊ နောက်ဆုံးကျန်ခဲ့တဲ့ အဘစိုင်းပု လက်ထက်ကျတော့ အားလုံးအဆင်ပြေမယ့် ရွှေဆင်ရုပ်လေးဟာ ပျောက်ဆုံးသွားခဲ့တယ်၊ ရွှေဆင်ရုပ်လေး (၂)ခုကို မမတို့ ခုအိမ်ကြီးရဲ့ အံဝှက်ထဲမှာ သိမ်းထားခဲ့တာ…အံဝှက်ဆိုလို့ သာမန်အံဝှက်တော့မဟုတ်ဘူး မောင်လေးလာ မမပြမယ်…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မျိုးသီရိနိုင်နှင့်အတူ အပေါ်ထပ်သို့ လိုက်ခဲ့ပြီး စာကြည့်ခန်းထဲသို့ဝင်ခဲ့ကြသည်။ ဒေါ်မျိုးသီရိနိုင် နံရံမှာ ဘယ်လိုမှ မတွေ့နိုင်သော အပြောက်စက်လေးကို လက်ကလေးနှင့် ဖိလိုက်တော့မှ နံရံထဲမှ အံဝှက်လေးတစ်ခုထွက်လာသည်။

"ဒီအံဝှက်ကို အဘိုးလေးကလွဲလို့ ဘယ်သူမှမသိဘူးလေ၊ မမဖေဖေတောင် ရွှေဆင်ရုပ်ကလေး ဘယ်မှာထားမှန်းမသိဘူး၊သေခါနီးမှ အဘစိုင်းပုက ပြောပြလို့သိသွားတာ"

"အရုပ် (၂)ခုက အတူတူထားတာလား"

"မပျောက်ခင်တုန်းကတော့ အတူတူထားခဲ့တာပဲမောင်လေး၊ ပျောက်မယ့်နေ့ကျတော့ ဆရာတော်ကြီးဆီကိုပြဖို့ အဘစိုင်းပုက တစ်ခုယူသွားတာကို သိခဲ့ရတယ် မောင်လေး"

"ဒီတုန်းက အိမ်မှာ ဘယ်သူတွေနေကြလဲ"

"မမတို့ သားအမိတွေက ခြေိနိုင့်ဖေဖေ အလုပ်တာဝန်ကျတဲ့ ရှမ်းပြည်နယ်ဘက်ကိုရောက်နေတယ်၊ အိမ်မှာ ဖေဖေရယ်၊ ဦးလေးဘစံရယ်၊ အိမ်ဖော်မလေး ခင်လွှန်းတို့ပဲရှိကြတယ်၊ တခြားခြံအလုပ်သမားတွေက အိမ်ကြီးပေါ်ကို မတက်ကြဘူး၊ လူစိမ်းထဲမှာ သံသယဖြစ်စရာဆိုလို့ ဦးလေးဘစံနဲ့ ခင်လွှန်းပဲရှိပေမယ့် ဦးလေးဘစံနဲ့ဖေဖေတို့ (၂)ယောက်က ဆင်ရုပ်ကလေးမပျောက်ခင် (၃)ရက်လောက်က ခရီးအတူတူသွားကြတယ်၊ အိမ်မှာ ခင်လွှန်းတစ်ယောက်ပဲရှိတာဆိုပြီး သူ့ကို သံသယဖြစ်ဖို့က ခက်ပြန်ရော…"

"ဘာဖြစ်လို့လဲ မမ"

"ဖေဖေတို့ခရီးထွက်တဲ့ညမှာ ခင်လွှန်း ခြံအလုပ်သမားလေးနဲ့ ခိုးရာလိုက်ပြီးပြေးတယ်လေ… သူခိုးရာလိုက်ပြီး (၃)ရက်လောက်မှ အဘစိုင်းပု ဆင်ရုပ်လေးကို ပြန်လာပြီးထားတာ"

"ပျောက်ဆုံးပုံကတော့ သဲလွန်စပျောက်စရာတော့ဖြစ်နေပြီ၊ ဒါနဲ့ ကျောက်ဘီလူးဆိုတဲ့လူက ဘယ်လိုလုပ်ပြီးသိသွားတာလဲ"

"ကျောက်ဘီလူးက အဘစိုင်းပုရဲ့ လူယုံတော်လေ၊ တစ်ချိန်ကဆော့ အဘစိုင်းပုပေါ်မှာ တကယ်သစ္စာရှိတဲ့ လူယုံပါ၊ ဒါကြောင့်လည်း အဘဟာ ဆရာတော်ကြီးဆီကိုသွားတဲ့နေ့က သူ့ကိုခေါ်သွားခဲ့မိတယ်၊ ဒီတုန်းက ဆရာတော်ကြီးဟာ ရွှေဆင်ရုပ်ထုလေးကိုကြည့်ပြီး ပြော




သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့စကားကြောင့် ကျောက်ဘီလူးဟာ အလိုရမ္မက်ထပြီး အာဘစိုင်းပု ပေါ်မှာ သစ္စာမဲ့ခဲ့တာပဲ"

"ဆရာတော်ကြီးက ဘာပြောလိုက်လို့လဲ မမ"

"ရွှေဆင်ရုပ်လေးကို နံ့သာပေါင်း(၁၀၀)နဲ့ပူဇော်လိုက်ရင် ရွှေတောင်ကြီးရှိတဲ့နေရာကို လမ်းပြနိုင်တဲ့ ဆင်ရုပ်ကလေးတဲ့"

"ဒါကြောင့် ကျောက်ဘီလူးက လောဘတက်သွားတာကိုး"

"ခုသူလည်း မကောင်းတဲ့ ရမ္မက်စိတ်ကြောင့် ဒုက္ခတွေ့သွားပါပြီ၊ မမတို့နဲ့ ဖြစ်ခဲ့တဲ့နောက်နေ့မှာပဲ သူ့အကုသိုလ်က သူ့ကိုပြန်ပြီး ဒဏ်ခတ်ခဲ့တယ်လေ··· သုသာန်ထဲကနေ ပြန်ပြီးအထွက်မှာ မြွေကိုက်ခံခဲ့ရတယ်၊ အသက်တော့မသေဘူး၊ လူကတော့ ဒုက္ခိတဖြစ်သွားပြီ မောင်လေးရေ···"

"မမ···ကျွန်တော်တို့ခရီးထွက်ရမှာပေါ့"

"အာဘစိုင်းပုပြောတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းကို သွားကြရမယ် မောင်လေး··"

"မေမေ···သမီးလည်းလိုက်မယ်···"





"သမီးလိုက်လို့မရဘူးလေ··သွားရမယ့်ခရီးက ဘာတွေရင်ဆိုင်ရမလဲမှမသိတာ···ပြီးတော့ အိမ်မှာ သမီးရှိမှဖြစ်မှာကွဲ··· ဦးလေးက မေမေ့အလုပ်ကိစ္စတွေကိုဘာမှသိတာမှမဟုတ်တာ"

"မေမေ့ကိုယ်စားလုပ်ယ်တွေရှိနေတာပဲ"

"သမီး···သိပ်ပြီးအရေးကြီးတာက ဆင်ရုပ်ကလေးကို သမီး စောင့်ကြပ်ပေးရမယ်လေ···"

"မမ···ဒီလိုလုပ်ပါလား···အိမ်မှာ 'နိုင်'နဲ့ထားခဲ့ရမှာကို စိတ်မချဘူး၊ ကျွန်တော်တို့နဲ့တစ်ခါတည်း ယူသွားချင်တယ်၊ ဦးလေးဘခလည်း အသက်အရွယ်ကြီးလာလို့ ကာကွယ်ပေးနိုင်မှာမဟုတ်ဘူး"

"အင်းလေ··· ဒါဆိုလည်း ယူသွားကြတာပေါ့··"

"သမီးလည်း လိုက်လို့ရပြီပေါ့"

"ဒီလောက်တောင်လိုက်ချင်မှ လိုက်ခဲ့တော့"

"ဒါမှ တို့မေမေကွ"

"ငါ့ကြောင့်မဟုတ်ဘူး၊ နင့်အစ်ကိုကြောင့်ခေါ်ရတာနော်··"

"အစ်ကို··ကျေးဇူးပဲ··"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ဗျာ…"

ကရုဏာတို့ ရွှေဆင်ရုပ်ရှာပုံတော်ခရီးကို စတင်ရတော့မည်ဖြစ်လေသည်။



## အခန်း၊၇၊

စိမ်းညို့နေသော တောင်တန်းကြီးများ၏ လမ်းကွေ့လေးတွင် အနက်ရောင်ဝီလီဂျစ်ကလေးတစ်စီးမောင်းနှင်နေလျက်…

ထိုဝီလီဂျစ်လေးပေါ်တွင် ကားမောင်းနေသူက ကရုဏာ… နောက်ဘက်ခုံတွင် ဒေါ်မျိုးသီရိနိုင်နှင့်ဧပြီနိုင်တို့ လိုက်ပါလာလျက်… သူတို့ရောက်နေသောနေရာမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်နေရာ…

"မောင်လေးရေ… ရှေ့ကလမ်းချိုးကလေးအတိုင်း မောင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်… မမတို့သွားရမယ့် ရွာအဝင်လမ်းကလေးတစ်ခုပဲ”

ကရုဏာ မြေနီလမ်းကလေးအတိုင်းမောင်းဝင်လိုက်ပြီး မိနစ်ပိုင်းလောက်တွင် လူနေအိမ်စုလေး ကျဲကျဲနှင့် ရွာကလေးတစ်ရွာကိုတွေ့လိုက်သည်။

“ဦးပေါ်သျှမ်း နေတာဒီရွာပဲ”

နေသည့်ရွာကို သိပေမယ့် ဘယ်အိမ်လည်းဆိုတာတော့ မသိရသေး။

ရွာထိပ်တွင် ကားလေးကိုထိုးရပ်ကာ ဦးပေါ်သျှမ်းအိမ်ကိုမေးဖို့ပြင်စဉ်…

“ဟယ်…ခင်လွှန်း..”

“အန့်တီနိုင်…”

အိမ်ကလေးထဲမှ ထွက်လာသော ခင်လွှန်းကိုအမှတ်မထင်တွေ့လိုက်ရသောကြောင့်အံ့အားသင့်သွားသည်။

“မင်း ဒီမှာနေတာလား”

“မ…မဟုတ်ပါဘူး.. အဒေါ်တစ်ယောက်ဆီကို အလည်လာ





တာပါ… အန့်တီနိုင်ကရော…”

“ငါတို့လည်း အပန်းဖြေခရီးတစ်ခုထွက်လာတာ”

“ခင်လွှန်း..သွားမယ်နော်”

“အေးအေး…”

ခင်လွှန်း သူတို့နားမှ မျက်နှာပျက်စွာနှင့်ထွက်သွားတော့သည်။

“ခြေ့သည်တွေ.. ဘယ်ကိစ္စလဲကွဲ့”

အသက် (၆၀)ကျော်လောက်ရှိမည့် ရှမ်းအဘိုးအိုကြီးထွက်ပြီးသေဖြင့်…

“ဒီရွာမှာ ဦးပေါ်သျှမ်းနေသလားအဘ”

“ဪ..အေး…နေ…နေပါတယ်…”

ရှမ်းအဘိုးအိုသည် တစ်ခုခုကို စိုးရိမ်ထိတ်လန့်မှုနှင့်ပြောလိုက်သသည်။

“ဘယ်အိမ်လဲ အဘ…”

“ဟိုမှာ လှမ်းမြင်နေရတဲ့ ပျဉ်ထောင်အိမ်ကလေးက ပေါ်သျှမ်းအိမ်ပဲကွဲ့.. မင်းတို့သူ့ကိုသွားပြီးတွေ့ဖို့ မလွယ်ဘူးထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အဘ.."

"ပေါ်သျှမ်းသားက သူပုန်အဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်နေတော့ ပေါ်သျှမ်းက သူ့ကိုယ်သူ ဘဝင်မြင့်နေတာကြာပြီ… သူ့ခြံဝင်းထဲကို ဘယ်သူမှ ဝင်လို့မရဘူး"

"ဒီနယ်မြေက အမဲရောင်နယ်မြေတော့ မဟုတ်ဘူးထင်တယ်"

"တစ်ချိန်ကတော့ အမဲရောင်နယ်မြေတစ်ခုဖြစ်ပေမယ့် ခုတော့ အဖြူရောင်နယ်မြေဖြစ်နေပါပြီ… ပေါ်သျှမ်းသား ခွန်ပေါ်သျှမ်းကြောင့် ဒီရွာမှာ ဒုက္ခတွေ့နေရတာ ငြိမ်းချမ်းရေးတပ်တွေရှိပေမယ့် သူတို့ဘက်က ခုလို နေရာထိအုပ်ချုပ်ရေးကို တင်းတင်းကျပ်ကျပ် ကိုင်လို့မရသေးဘူး"

"ဆက်ကြေးပေးရသလား"

"ပေးနေရတုန်းပေါ့ကွယ်… အစိုးရတပ်တွေကို အကြောင်းကြားတာနဲ့ သိပ်မကြာဘူး..အသတ်ခံရတာပဲ…ဒါကြောင့်ဘယ်သူမှ မတိုင်ရဲကြတော့ဘူး…အစိုးရတပ်တွေ…ငြိမ်းချမ်းရေးတပ်ဖွဲ့တွေ ရွာမှာ အခြေမချနိုင်သေးသရွေ့ကတော့ ခွန်ပေါ်သျှမ်းတို့ရဲ့ အနိုင်ကျင့်မှုကို





ကြရမှာပါပဲ… မင်းတို့က ပေါ်သျှမ်းနဲ့ ရင်းနှီးသလား"

"ဟင့်အင်း…လူကိုတောင်မတွေ့ဖူးဘူး…သူ့ဆီက အရုပ်ကလေးခုကို လာဝယ်တာပါ"

"ဘယ်လို အရုပ်လဲ"

ဒေါ်မျိုးသီရိနိုင် တစ်ချက်စဉ်းစားပြီးမှ…

"ရှေးဟောင်း ဆင်ရုပ်ကလေးတစ်ခုပါ"

"ရှေးဟောင်း ဆင်ဟုတ်မဟုတ်တော့မသိဘူး"

"ခွန်ပေါ်ဆီမှာ မနက်ကတော့ ရွှေနဲ့လုပ်ထားတဲ့ ဆင်ရုပ်ကလေးခုတော့ တွေ့လိုက်ရတယ်"

"ဟင်…."

ရွှေဆင်ရုပ်ကလေး၏ သဲလွန်စကို ရလိုက်ကြပြီဖြစ်သည်။

"ဒိုင်း…ဒိုင်း…"

"ဟာ…"

ရွာထဲသို့ သေနတ်သမား(၅) ဦးသေနတ်ပစ်ပြီး ဝင်လာကာ အဘတို့ကားကို သေချာစွာ ကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



“ဦးရှမ်း…”

“ဘာလဲ ခွန်ပေါသျှမ်း”

“ဒီကားက ဘယ်သူ့ကားလဲ၊ ဒီကိုဘာလာလုပ်တာလဲ”

“ရန်ကုန်က ငါ့တူမကားပါ၊ ဒီကိုအလည်သက်သက်လာကြ တာပါ”

“ဦးရှမ်း ခင်ဗျား ရှုပ်ရှုပ် ယှက်ယှက် မလုပ်နဲ့နော်၊ ဘယ်မှာလဲ ဧည့်သည်တွေ”

“အိမ်ထဲမှာပါ”

“အပြင်ကိုခေါ်လိုက်”

ကရုဏာတို့ အိမ်ထဲမှကြားနေရသော စကားများကြောင့် ခံပြင်း စရာကောင်းနေသည်။ ဦးရှမ်းသည် ကရုဏာတို့(၃)ယောက်ကိုခေါ် ထုတ်လာသည်။

“မင်းတို့က ဒီကိုအလည်သက်သက်တစ်ခုတည်းပဲလား”

“ခင်ဗျားကို ဖြေရအောင် ခင်ဗျားက ဒီနယ်မြေရဲ့တရားဝင်အစိုး မို့လား”





“တောက်…မင်းတော်တော် လျှာရှည်တဲ့ကောင်ပဲ၊ မင်း ငါ့နာမည် ကိုကြားဖူးလား”

“ခုမှ ရွာကိုရောက်လာတဲ့လူတွေကိုခင်ဗျားနာမည်ဘယ်လိုလုပ်ပြီး သိမှာလဲ၊ သိစရာလည်းမလိုဘူး”

“စကားသံက မာလှချည်လား၊ သတိတော့ပေးလိုက်မယ်၊ ဒီတော ထဲမှာ ဆွမ်းသွပ်ချိန်မရလိုက်တဲ့အလောင်းတွေအများကြီးနော်၊ မင်းတို့ပါ အဖော်လိုက်သွားချင်လို့လား ဟေ့ကောင်…”

“လူဆိုတာ သူ့သေနေ့စေ့ရင် သေကြရတာပဲ၊ ဘာမှ တုန်လှုပ် စရာမရှိဘူး”

“ချောက်…”

“ခွန်ပေါသျှမ်း… မလုပ်ပါနဲ့ကွယ်..ငါ့တူလေးက စကား မတတ် တာပါ”

“ဒီတစ်ခါ ခင်ဗျားမျက်နှာနဲ့ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ် ဆိုရင်တော့ စိတ်မကောင်းစရာဖြစ်သွားမယ်နော်”

“ဒုန်း…ဒုန်း…”



www.burmeseclassic.com

www.burmeseclassic.com



ခွန်ပေါသျှမ်း နောက်လိုက်(၃)ကောင်က ကားကို ခြေဖြင့်ကန်ပြီးထွက်သွားကြသည်။

“ဦးလေးရှမ်း…ခုလိုကူညီပေးတာကို ကျေးဇူးတင်ပါတယ်”

“ခွေးမသားတွေ..သေနတ်ခါးထိုးပြီး မိုက်ရိုင်းနေကြတာကြာပြီ..ဒီတစ်ခါ အစိုးရတပ်တွေကို ငါကိုယ်တိုင်သတင်းပေးပြီး ဒင်းကိုဖမ်းမြမယ်…”

“ငါ့တူတို့ ဘာဆက်ပြီလုပ်မလဲ၊ ပေါသျှမ်းနဲ့သွားပြီးတွေ့ရင် သူ့သားနဲ့ပက်ပင်းတိုးမှာပဲ”

“မမ…ကျွန်တော်တို့ ဦးပေါသျှမ်းဆီတိုက်ရိုက်သွားပြီးတွေ့ရင် အခြေအနေ ထူးခြားမှာမဟုတ်ဘူး”

“အဲဒီတော့ ငါ့မောင် ဘယ်လိုလုပ်ချင်လဲ”

“တစ်ရက် နှစ်ရက်လောက်စောင့်ကြည့်ပြီးမှ သူ့ဆီကိုဝင်တွေ့ရင်မကောင်းဘူးလား”

“တစ်ရက် နှစ်ရက်ဆိုတာတော့ ထားပါတော့၊ မမတို့ ဘယ်အိမ်မှာ တည်းမလဲ”





“မင်းတို့အတွက် တည်းခိုဖို့ ငါ့အိမ်ကြီးတစ်လုံးရှိပါတယ်၊ ဘယ်သူမှ မနေဘူး၊ ငါလည်း ဇနီးဆုံးပြီးကတည်းကအဲဒီ အိမ်ကြီးမှာနေချင်စိတ်မရှိတော့လို့ ဒီမှာလာပြီးနေတာ”

“ဦးရှမ်းမှာ သားသမီးမရှိဘူးလား”

“သားတစ်ယောက်တော့ရှိတယ်၊ ခုတော့ သူလည်း ဘယ်လိုဘဝကို ရောက်သွားပြီလည်းမသိတော့ပါဘူး၊ ဘုရားသခင်အလိုတော်အတိုင်းပါပဲ…”

“သူမရှိတော့ဘူးလား”

“မူးယစ်ဆေးဝါးရဲ့သားကောင်ဘဝကို ရောက်ပြီး နောက်ဆုံးမူးယစ်ဆေးဝါးကြောင့်ပဲ သေဆုံးခဲ့ရတာပဲကွာ၊ အိမ်ကိုသွားကြရအောင်၊ ကားပေါ်ယူခဲ့ကြ၊ သိပ်တော့မဝေးပါဘူး”

ကားပေါ်သို့ အားလုံးတက်ခဲ့ပြီး ဦးရှမ်းပြသော အိမ်လေးဆီသို့ လာခဲ့ကြသည်။

ဦးရှမ်း အိမ်ကြီးမှာ ပျဉ်ထောင် (၂)ထပ်အိမ်ကြီးတစ်လုံး…

“ကက်နက်…ရေ…”



www.burmeseclassic.com

www.burmeseclassic.com



"ဖျာ..အဘ...လာပြီ...လာပြီ"

ရှမ်းလူငယ်တစ်ဦး အိမ်နောက်ဘက်မှပြေးထွက်လာသည်ကိုတွေ့လိုက်ရသည်။

"မင်းဘာလုပ်နေတာလဲ"

"နောက်ဘက်က သစ်ခြောက်တွေကိုခုတ်ပြီး ထင်းလုပ်နေတာအဘ"

"မင်းအလုပ်ကို ခဏထား.. ဧည့်သည်တွေကို နေရာချဖို့လုပ်စမ်း"

"ဟုတ်...ဟုတ်ကဲ့..."

အိမ်ကြီးတွင် ပြင်ဆင်ထားသော ပစ္စည်းတွေမှာ ရှေးဟောင်းလက်ရာတွေနှင့် နေချင့်စဖွယ်ကောင်းသော အိမ်ကလေးတစ်လုံးပင်ဖြစ်သည်။



"ကျွန်တော့်စိတ်အထင်တော့ ပေါ်သျှမ်းဆီက ရွှေဆင်ရုပ်ထုလေး ရဖို့မလွယ်လှဘူး"

"မမလည်း ဒါကိုတွေးမိတယ်၊ မောင်လေးဘယ်လိုစဉ်းစားမိလဲ"

"ဦးပေါ်သျှမ်းကို အရင်ဆုံးဝင်တွေ့ပြီးမှ နောက်ကိစ္စကို စဉ်းစားရတာပေါ့"

"မနက်ဖြန်လောက်သွားပြီးတွေ့ရင်ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်သွားပြီး မတွေ့နဲ့ဦးမမ၊ ကျွန်တော် ရွာထဲမှာခိုင်လုံတဲ့ သတင်းလေးနဲ့ ဦးပေါသျှမ်းအခြေအနေကို အကဲခတ်ချင်တယ်"

"မောင်လေး သဘောပဲလေ"

"ဟော့…ပျင်းနေကြပြီလား"

"လာ…ဦးလေးရှမ်း"

အိမ်ရှေ့ကွပ်ပျစ်လေးပေါ်တွင် ကရုဏာနှင့်ခေါ်မျိုးသိရှိနိုင်တို့ ထိုင်စကားပြောနေကြပေမယ့် ဧပြီနိုင်ကတော့ သူ့အမေ ပေါင်ကိုခေါင်းလေး ပြုပြီး အိပ်နေလေသည်။

"ငါ့တူမတို့ ခုလာကြတာ ပေါ်သျှမ်းဆီက ဆင်ရုပ်ကလေးကို ရဖို့မဟုတ်လား"

"အယ်… ဟုတ်…ဟုတ်ပါတယ်ဦးလေးရှမ်း"

"ငါလည်း ဒီပစ္စည်းကို ပြန်ရဖို့ချောင်းနေတာကြာပြီ"

"ဗျာ…ဦးလေးရှမ်းက ဘာလုပ်မလို့လဲ"

"ငါ့အတွက်မဟုတ်ပါဘူး…ငါ့သူငယ်ချင်းစိုင်းပုအတွက်ပါ"

"သမီးက…အဘစိုင်းပုရဲ့မြေးတွေပါ"





"အဘသိပါတယ်ကွာ… စိုင်းပုနဲ့ငါ သမီးလေးငယ်ငယ်တုန်းက အိမ်ကိုလာဘူးတယ်… ငယ်ရုပ်နဲ့တွဲကြည့်တော့မှပြန်ပြီး မှတ်မိတာ…တူမလေး… ပေါ်သျှမ်းဆီက ပစ္စည်းလေးကို အလွယ်တကူတော့ ပြန်ပြီး ရဖို့မလွယ်လှဘူး"

"ကျွန်တော်က အရင်ဆုံး သူနဲ့တွေ့ပြီး ရောင်းဖို့ပြောကြည့်မလားလို့… မရတော့ဘူးဆိုရင်တော့ နောက်တစ်မျိုးကို ကြံကြတာပေါ့"

"လူလေးတို့သဘောပဲလေ… ဒီပစ္စည်းအပြင်ကိုထွက်တော့မှာလို့ သတင်းကြားတယ်၊ သူ့သား ခွန်ပေါ်သျှမ်းအတွက် လက်နက်ဝယ်ဖို့ ငွေလိုနေတယ်လို့ သတင်းကြားထားတယ်… မြန်မာငွေနဲ့တော့ သူရောင်းမှာမဟုတ်ဘူး

"သူ့ဆီကို ဘယ်လိုလုပ်ပြီးရောက်လာသလဲ မသိဘူးနော်"

"အဘလည်း စဉ်းစားလို့မရနိုင်အောင်ပဲကွယ်"

"အဘရှမ်း…ရေ…"

"ဟော…သဲစု…လာလေ"

မှတ်မီးထွန်းပြီး အမျိုးသမီးလေးတစ်ဦး ချိုင့်ကြီးတစ်လုံးကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝင်လာသည်။

"နင်တစ်ယောက်တည်းလား"

"မေမေပါတယ်.. အပြန်ကျမှ ဝင်ပြီးခေါ်မှာ"

"သဲစု..နင်လာတာနဲ့အတော်ပဲ၊ သူတို့က ရွှေဆင်ရုပ်ကလေးရဲ့ ပိုင်ရှင်တွေ.. သူတို့ပစ္စည်းကို ဘယ်သူခိုးလာပြီး ပေါ်သျှမ်းလက်ထဲ ကို ထည့်လိုက်တဲ့သူကို ပြောပြလိုက်ပါ"

"ဒီပစ္စည်းကို ခိုးလာခဲ့တာ ခင်လွှမ်းနဲ့ သူ့ယောက်ျား စိုင်းလင်းလင်းပဲ"

"ဟယ်..."

ခင်လွှမ်းနှင့်စိုင်းလင်းလင်းတို့သည် ဒေါ်မျိုးသီရိနိုင်၏ အိမ်တွင် အလုပ်လုပ်ခဲ့ကြသူများဖြစ်သည်။

"သူတို့ မမတို့ ပစ္စည်းထားတဲ့နေရာကို သိသွားလို့ပဲဖြစ်မယ်"

"ခင်လွှမ်းပြောပုံအရဆိုရင် ရှမ်းအဘိုးကြီးတစ်ဦး တစ်နေ့ မမတို့ အိမ်ကိုလာပြီး အခန်းထဲကိုဝင်ချိန်မှာ ခင်လွှမ်းကို ဘုရားခန်းထဲမှာ ဘယ်သူမှမတွေ့ခဲ့ကြဘူး၊ ခင်လွှမ်း အခန်းပေါက်ဝကနေ ချောင်းကြည့်တော့ ရွှေဆင်ရုပ်(၂)ခုကိုတွေ့ခဲ့ရတာ၊ ပြီးတော့ သူတွေ့ခဲ့တဲ့ အကြောင်း





ို သူ့ရည်းစား စိုင်းလင်းလင်းကို ပြန်ပြီးပြောတော့မှ စိုင်းလင်းလင်း တွက်ချပြီး ခင်လွှမ်း မပတ်သက်စေအောင် အရင်ဆုံး ခင်လွှမ်းကို ခဲ့ပြီး နောက်မှ ရွှေဆင်ရုပ်ကို ဖောက်ထွင်းဝိဇ္ဇာတစ်ဦးနဲ့ စိုင်းလင်းလင်း င်ပြီး ခိုးခဲ့တယ်"

"ခုမှပဲ အဖြေပေါ်တော့တယ်၊ ဆက်ပြီးပြောပါဦး"

"စိုင်းလင်းလင်းရဲ့ ချက်မြုပ်ဒေသက ငါတို့ရွာအနောက် ရွာစု သားမှာ နေတာလေ၊ ဒီကို သူတို့(၂)ယောက် ရွှေဆင်ရုပ်ရောက်လာ တာကို ဦးပေါ်သျှမ်းက သတင်းရပြီး သူ့သားခွန်ပေါ်သျှမ်း အားကိုးနဲ့ ိုင်းလင်းလင်းဆီက ရွှေဆင်ရုပ်လေးကို သိမ်းယူလိုက်တယ်၊ စိုင်းလင်းလင်း တို့ နှစ်ယောက်လည်း ဘာမှမတတ်သာပဲ ဒီအတိုင်းနေခဲ့ကြရတယ်"

သဲစုဆီမှ အကြောင်းစုံသိလိုက်ရခြင်းကြောင့် ခိုးသွားသော တရားခံ ကို သိလိုက်ရပြီ ဖြစ်သည်။

"ညီမလေးသဲစု အခုလိုပြောပြတာကို ကျေးဇူးတင်ပါတယ် ယ်"

"ရပါတယ် မမ ခင်လွှမ်းဆီက ကျွန်မသိခဲ့ရသလောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒါပါပဲ"

"စကားပြောကောင်းနေတာနဲ့ အန်တီတို့စားဖို့ ယူလာတဲ့တောင်ပေါ်လက်ရာလေးကို သုံးဆောင်ကြပါဦး"

"အေး…"

သဲစုကျွေးမွေးသော မုန့်ကလေးကို စားရင်းနှင့် ညည့်နက်လေးထဲကို ရောက်လာပြီဖြစ်သောကြောင့် ကိုယ်စီအိမ်ပေါ်သို့တက်ခဲ့ကြပြီး အတွေးများစွာနှင့်အိပ်ကြတော့သည်။

ဦးပေါ်သျှမ်းနှင့်သူတို့ကြားတွင် ကြီးမားသောပဋိပက္ခကြီးတစ်ခုကို ရင်ဆိုင်ရတော့မှာကေန်မလွဲပေ…။



# အခန်း၊ ၈၊

ဦးလေးရှမ်း၏ ခြံအလုပ်သမားလေး ကက်နက်နှင့် ရွာထဲသို့ [illegible]မ်းလျှောက်ထွက်လာခဲ့သည်။

"ကိုကက်နက် ရှေ့ကလူတွေအုံနေတာ ဘာလုပ်တာလဲကွ"

"ခြောက်ကောင်ဝိုင်းလုပ်နေကြတာ သွားကြည့်ချင်ရင်သွားမယ်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

လူအုပ်ကြီးနားသို့ ရောက်တော့ ကရုဏာတို့နှင့် ဆုံခဲ့တော့ ခွန်ပေါ်သျှမ်းတပည့်(၃)ယောက်ကို တွေ့လိုက်ရပြီး…

"အားလုံးလက်ရှောင် ကြိုးလွှတ်လိုက်ပြီ"

"ဂျောင်း…"

"ဟာ… သွားပြီ"

ပေါ်လာသော တုံးပေါ်တွင် ထိုးသားများ၏ ပေါက်ကောင်မပေါ်ဘဲ ဒိုင်အတွက် ကျားလေးတွေ ပေါ်လာသဖြင့် ထိုးသားများပိုက်ဆံကုန်သလောက်ပင်ဖြစ်သည်။

ကရုဏာ သူ့လက်ထဲတွင် ငွေစက္ကူတစ်ဆယ်ကို ဆင်အကွက်တွင် ချလိုက်သဖြင့် ခွန်ပေါ်သျှမ်းတပည့်များ စူးရှလှသော မျက်လုံးများနှင့် ကြည့်နေကြသည်။

"ကျုပ် ကြိုးဆွဲမယ်"

"ရတယ်လေ အကောင်တော့ စီးပိုင်ခွင့်မရှိဘူး"

"ကြိုးဆွဲရရင် တော်ပါပြီ"





ကရုဏာ (၁၀)တန်းတက်ချိန်မှာ သူငယ်ချင်းတစ်ယောက်ကို ဆတိရလိုက်သည်၊ ဖိုးကျော်(၆)ကောင်ဂျင် သာမက ဖဲလောက၊ အန်စာတုံးလောကမှာပါတော်သည့် လူတစ်ယောက်၊ သူနှင့်ကရုဏာ ပွဲပေါင်းများစွာကို လိုက်ခဲ့ရသည်၊ (၆)ကောင်ဂျင်ကြိုးဆွဲသော ပညာတစ်ခုကို ရလိုက်သည်။

"နောက်ဆုံး(၃)ကြိမ်ပဲနော် ထိုးစရာရှိတာကို ခုကတည်းကထိုးထားကြ"

အရှုံးပေါ်လာသော ထိုးသားများ ပါသမျှတွေကို ထုတ်ပြီးထိုးကြသောသည်။

"ခင်ဗျားတို့ ဆင်တစ်ပေါက်တည်းထိုးပါလား"

"မင်းဆင်က သေချာလို့လား"

"ပြောလို့ဘယ်ရမလဲဗျာ…ယုံကြည်ရင်ထိုး၊ မယုံကြည်ရင်မထိုးနဲ့ပေါ့"

"ထိုးမယ်ဟေ့"

ထိုးသားတွေက ကရုဏာ့ အကွက်ကို ပိုင်းပြီးထိုးကြလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒိုင်လုပ်သည့်သူက သူတို့စားကွက်အတွက် အကောင်တွေကို ပြင်ဆင်တော့သည်။ သူတို့နည်းဟာ ကရဏာ ကြုံတွေ့ဖူးသည့်ထဲမှာ အရိုးဆုံးလုပ်ကွက်လေးတစ်ခုပင်ဖြစ်သည်။

"ဆွဲပြီ"

ကရဏာသည် ဂျင်ကြိုးကို စိတ်တိုင်းကျ တိုင်တွယ်ပြီး ဆွဲချလိုက်တော့သည်။

"ဂျောင်း"

"ဟာ…ဆင်ဟော့"

ကရဏာ(၃)ကြိမ်မြောက်ကို ဒိုင်ဆီမှလျော်ကြေးရသလို ရှုံးသူတို့လည်း ပြန်၍ရကြသည်။

"ဒေါက်…"

"ဟာ…"

သူပုန် တစ်ယောက်က သူ့ရဲ့ကျည်ကပ်ကို အောက်သို့ပစ်ချလိုက်သည်။

"ငွေနဲ့ကျည်ဆံ ကြိုက်တာရွေးလိုက်"





"ဘာလဲ မင်းတို့က ပိုက်ဆံတွေပြန်ယူချင်တဲ့ သဘောလား"

"မင်းမဆိုးဘူး ဉာဏ်ကောင်းတယ်၊ မင်းဆီပါသွားတဲ့ ငွေကို တစ်ပြားမကျန် ပြန်ပြီးယူချင်တယ်"

"သေနတ်နဲ့ အနိုင်ကျင့်ချင်တဲ့ မင်းတို့ ဗိုလ်ကျမှုကို ခေါင်းငုံ့ခံမှာ မဟုတ်ဘူးနော်"

"ဂျောက်"

ဘေးမှတစ်ယောက်က သေနတ်ကိုမောင်းတင်လိုက်သည်နှင့်….

"ဖြောင်း…အီး…"

"မင်း…မင်း…"

"မင်းလက်ထဲမှာ သေနတ်ရှိသလို ငါ့လက်ထဲမှာလည်း သေနတ် ရှိနေပြီနော်"

ကရဏာသည် သူတို့လူ၏ လက်ကိုလိမ်ချိုးထားပြီး သူ့ရှေ့တွင် ကပ်ထားလိုက်သည်။

"ဒိုင်း…"

"ဟာ..ဆရာ ခွန်ပေါ"



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားမှ ခြောက်လုံးပြူးကိုထုတ်၍ မိုးပေါ်သို့ထောင်ဖောက်လိုက်ပြီး ကရုဏာရှေ့တည့်တည့်တွင်ရပ်လိုက်သည်။

"မင်းတော်တော်ကို သဏ္ဍာန်ကောင်းနေပါလားကွ"

"ငါက သဏ္ဍာန်ကောင်းတာမဟုတ်ဘူး၊ မတရားလုပ်တာကို ခေါင်းငုံ့မခံတတ်တာ"

"မင်း ဘယ်ပုံစံဖြစ်ချင်လဲ ပြော"

"ငါဘာမှ မဖြစ်ချင်ဘူး၊ ငါ့ကိုရန်မမူရင် ငါက ဘယ်သူ့ကိုမှ ရန်မူစရာမရှိဘူး"

"မင်း…ငါ့လူကိုလွှတ်ပေးလိုက်ပါ၊ ငါမင်းကို သတ်ချင်ရင် မင်းရှေ့ကကောင်ကိုလည်း သတ်ပစ်ဖို့ဝန်မလေးဘူးဆိုတာ သဘောပေါက်"

"ကဲ…သွားတော့"

ကရုဏာ…သူ့လက်ထဲမှ ကောင်ကိုလွှတ်ပေးလိုက်ပြီး သေနတ်ကို ကျစ်ကျစ်ပါအောင် ကိုင်ထားလိုက်သည်။

"မင်းစိတ်ချစွာနဲ့ ကျောပေးပြီး ပြန်လို့ရတယ်"





"ရော့…မင်းတို့သေနတ်"

ကရုဏာသည် မိမိလက်ထဲမှသေနတ်ကို လှမ်းပြီးပစ်ပေးကာ အေးအေးဆေးဆေးပင် ကျောခိုင်းပြီးထွက်လာခဲ့သည်။

"ဟား…ဟား…ဟား…သိပ်ပြီးသဘောကျစရာကောင်းတဲ့ သဏ္ဍာန်ပဲဟေ့…"



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးရှမ်း...သတင်းကသေချာတယ်နော်"

"သိပ်ပြီးသေချာတယ်...သူတို့ထဲမှာ ငါ့လူတစ်ယောက်ပါသွားတယ်"

"ဦးပေါသျှမ်း ရွှေဆင်ရုပ်လေးကို တစ်ဖက်နိုင်ငံမှ လူတွေကိုရောင်းချရန် ထွက်သွားသည့်သတင်းကို ကြားလိုက်ရခြင်းဖြစ်သည်။





"မောင်လေး..ဘယ်လိုလုပ်မလဲ"

"ပွဲကတော့ မဖြစ်မနေ ကြမ်းရတော့မယ်ထင်တယ်မမ.. ကျွန်တော်လိုက်သွားပြီး ကြားကနေ ဖြတ်လုမယ်"

"မောင်လေးရယ်.. ဖြစ်ပါ့မလား..သူတို့ဆီမှာ လက်နက်ကိုယ်စီပါတဲ့"

"ဒီလိုမှ မစွန့်စားရင် ပစ္စည်းကိုနောက်တစ်ကြိမ်ပြန်ပြီးတွေ့ဖို့လွယ်တော့ဘူး၊ ကျွန်တော်သွားမယ်"

"မင်းတစ်ယောက်တည်းမသွားနဲ့၊ ငါ့တူ...ကက်နက်ကိုလမ်းပြခေါ်သွား၊ ဖြတ်လမ်းကနေလိုက်မှမီမှာ.."

ကရုဏာနှင့်ကက်နတ်ကားလေးပေါ်သို့တက်စဉ်.. ဦးလေးရှမ်းကတိုလေးနှင့်ကျည်ကတ်တွေကိုထုတ်ပေးသည်။

"ဒါမပါရင် ဘယ်လိုမှမလွယ်ဘူး"

ကရုဏာ...သေနတ်ကို နောက်ကျောဘက်တွင်ထိုးပြီး ကားဆင်းထွက်လာခဲ့တော့သည်။

"ကိုကက်နက်...မင်းလမ်းပြနော်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ရှေ့နားရောက်ရင် ကုန်းဆင်းမြေနီလမ်းကြီးတစ်ခုကိုရောက်မယ်၊ ဒီလမ်းအတိုင်းသာမောင်းသွား‥"

"ဗူး…"

ကက်နက်လမ်းပြသည့်လမ်းအတိုင်းမောင်းလာရင်း စမ်းချောင်းတစ်ခုကိုရောက်ခဲ့ပြန်သည်။

"ရေကနက်လား"

"မနက်ဘူးအစ်ကို‥ ကားဘီးတစ်ဝက်လောက်ပဲရှိတာပါ‥ ဖြတ်ကူးလို့ရတယ်…"

"ဝေါ…"

ကားကို စမ်းချောင်းထဲမောင်းချလိုက်ပြီး တစ်ဖက်ကမ်းဆီသို့ကူးခဲ့တော့သည်။

"ရှေ့လမ်းတွေက တောင်ကုန်းအဆင်းအတက်လမ်းတွေပဲ၊ အစ်ကိုသတိထားပြီးမောင်း‥"

တောင်ဆင်းတောင်တက်တွေနှင့်မောင်းလာရင်း တောင်ကုန်းမြင့်ကြီးတစ်ခုဆီသို့ရောက်ခဲ့သည်။





"ဟိုမှာ ဦးပေါသျှမ်းတို့ကား"

ကုန်းမြင့်ကြီးအောက်ကို ဆင်းရမှာဖြစ်သောကြောင့် ခါးပတ်ပတ်ထားပြီး….

"ဗူး…"

ကုန်းမြင့်ကြီးအတိုင်းဆင်းချလိုက်လေတော့သည်။ အောက်ခြေလမ်းမကိုရောက်သောအခါ ဦးပေါသျှမ်းတို့ကား တောင်ကြားလမ်းတစ်ခုဆီသို့မောင်းဝင်သွားလေသည်။

"ဒီလမ်းကြောင်းအတိုင်းဆိုရင် ကျောက်ဖြူဘက်မှာသူတို့အရောင်းအဝယ်လုပ်ကြတာဖြစ်မယ်၊ အဲဒီနေရာက နယ်စပ်အဝင်အထွက်ကောင်းတယ်လေ‥"

"သိပ်ပြီးဝေးလား"

"ကားနဲ့သွားရင် (၁၅) မိနစ်လောက်ပါပဲ အစ်ကို‥"

"ကားနဲ့လိုက်ပြီးဝင်ရင် ဒီကောင်တွေသိသွားနိုင်တယ်၊ ကားကိုတစ်နေရာမှာထားပြီး လူချည်းပဲဝင်ကြမယ်"

"ကောင်းတယ်အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာ…ကားကို အပြန်အတွက်လှည့်ကွေ့အောင် ထားပြီး တောစပ်ထဲမှ ခပ်သွက်သွက်လေး လျှောက်လာကြတော့သည်။

"ဟိုမှာ…အစ်ကို…"

တစ်ဖက်မှ နိုင်ငံခြားသားနှင့် လက်နက်ကိုင်(၃)ယောက်၊ ဦးပေါ်သျှမ်းတို့ကလည်း(၃)ယောက်၊ ဦးပေါ်သျှမ်းပေးလိုက်တဲ့ရွှေဆင်ရုပ်ထုလေးကို နိုင်ငံခြားသားက သဘောကျပြီး ဈေးစကားပြောနေကြပြီးနောက် အရောင်းအဝယ်တည့်ချိန်တွင် ကရုဏာ ကားနားဆီသို့ ရောက်နေလေပြီ။ သူ့ကို ဦးပေါ်သျှမ်းတို့ သတိမရနိုင်ဘဲငွေပေါ်မှာ သာရမ္မက်ထနေသည်။

"ဝုး…"

"ဟာ…ဆင်ရိုင်း…ဆင်ရိုင်း…"

သစ်တောကြိုးဝိုင်းဆီမှ ကျူးသွင်းထားသော ဆင်တစ်ကောင် ကြိုးတန်းလန်းဖြင့် ပြေးလာသောကြောင့် ဦးပေါ်သျှမ်းတို့ ဘေးဘက်ကို ကပ်ပြီးနေချိန်တွင်….

"ဖြောင်း…အင့်…"





"ဟာ…ဟင်…မင်း…မင်း…"

နိုင်ငံခြားသားလက်ထဲမှ ယွန်းဘူးလေးကို လုယူလိုက်ပြီး…

"ဦးပေါ်သျှမ်း…ခင်ဗျားလက်တွေမလှုပ်နဲ့နော်…ကျုပ်ကျည်ဆံတွေက ဒေါသကြီးတတ်တယ်"

ကရုဏာ…နိုင်ငံခြားသားကို သေနတ်နှင့်တေ့ပြီးတောစပ်နားကို ခေါ်လာပြီးမှ ကားထားခဲ့သောတောထဲသို့ဝင်ပြေးလေသည်။

"ဒိုင်း…ဒိုင်း…ဒိုင်း…"

"လိုက်ကြစမ်း…ခွေးမသားတွေ"

ကရုဏာတို့နောက်ကိုပြေးလိုက်လာသည်ကို ခံပစ်ရင်း ကားဆီသို့ ရောက်အောင်လာခဲ့၏။

"ကက်နက် မြန်မြန်မောင်းတော့"

"ဂလောက်… ဝူး"

ကားစက်နှိုးပြီး မောင်းလာခဲ့တယ်၊နောက်ဘက်တွင် သေနတ်သံ ကြားနေပေမဲ့ ကျည်ဆံမှာ ကရုဏာတို့ဆီသို့ မရောက်နိုင်ပေ။

"ကက်နက် နောက်ကြောင်းရှင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းတယ် အစ်ကို… သူတို့ဆက်ပြီးမလိုက်လာ ကြတော့ဘူး"

ကရုဏာ ရွှေဆင်ရုပ်ကလေးကိုကြည့်၍ကျေနပ်စွာ ပြုံးလိုက်မိတော့သည်။



"ငါတို့ ဒီမှာဆက်ပြီးနေလို့မရတော့ဘူး၊ ပေါ်သျှမ်း သူ့သားနဲ့လာပြီးအန္တရာယ်ပြုတော့မှာသေချာတယ်၊ ဒီကနေထွက်ကြတော့"

"ဟုတ်ကဲ့…"

"ဦးလေးရှမ်း…ခုလို ကူညီပေးတာကို မမေ့ပါဘူး၊ ဦးလေးရှမ်း သူတို့ရန်မှနေဦးမယ်"

"ငါ့အတွက် ဘာမှ မပူနဲ့၊ မင်းတို့သွားတာနဲ့ ငါလည်းလွတ်ရာပြေးတော့မှာ"

"သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…"

ကရုဏာ.. ကားကို ရွာထဲမှမောင်းပြီးထွက်လာ၏။

"မောင်လေး..ဟိုမှာ ဆိုင်ကယ်တွေနဲ့ ကားတွေ၊ ဦးပေါ်သျှမ်းနဲ့ သူ့သားတွေဖြစ်မယ်"

"သေချာတယ် မမ… ရွှေခင်ရုပ်တွေထည့်ထားတဲ့ ကျောပိုးအိတ်ကို ကျွန်တော့်ဘေးမှာထား…"

သူတို့ကားကို လှမ်းပြီးတွေ့သည်နှင့်နောက်မှ ကားနှင့်ဆိုင်ကယ်သမားတွေ အတင်းလိုက်လာကြတော့သည်။

ဆိုင်ကယ်နှစ်စီးမှာ ကားနှင့်အနီးဆုံးနေရာသို့ ရောက်သောအခါ

"ဒိုင်း…ဒိုင်း…"

"မမနဲ့နိုင် ဝပ်နေ…"

"ဒိုင်း…ဒိုင်း…"

နောက်မှပစ်နေသောသေနတ်ကျည်သံများ ကားမှန်ကို ထိမှန်သွားတော့သည်၊ ဆက်ပြီးမောင်းလျှင် သူတို့အတွက် အန္တရာယ်က ကြီးမည်ဖြစ်သောကြောင့်…





"မမ ကားကိုမောင်းတာပေးပါ"

ဒေါ်မျိုးသီရိနိုင် ကားကိုမောင်းဖို့ လူစားလဲလိုက်ပြီး ကရုဏာ နောက်ကိုသွားပြီး ဦးလေးရှမ်းပေးလိုက်သော ပစ္စတိုသေနတ်နှင့် က်မှဆိုင်ကယ်ကိုချိန်ရွယ်ပြီး ပစ်ချလိုက်သည်။

"ဒိုင်း..ဖောင်း…ဝုန်း…"

နောက်မှလိုက်လာသော ဆိုင်ကယ်မှာ ကံဆိုးစွာ ရှေ့ဘီးကိုထိမှန် ဘေးဘက်ရှိ ချောက်ထဲသို့ ထိုးကျသွားတော့သည်။ ဆိုင်ကယ် က်တစ်စီးမှာ အနားသို့မကပ်ဘဲ အဝေးမှ ပစ်ခတ်နေသည်။

"မောင်လေး ရှေ့မှာ တံတားကြီးထင်တယ်"

ဒေါ်မျိုးသီရိနိုင် တံတားကို ကားဖြင့်ဖြတ်ကျော်ပြီး တံတား ဖက်တွင်ရပ်ပြီး နောက်မှကားနှင့်ဆိုင်ကယ်ကို စောင့်နေလိုက်သည်။

"ဂူး…"

ဆိုင်ကယ်မှာ မိုက်ရူးရဲဆန်စွာ ကရုဏာတို့ဆီသို့ မောင်းပြီးလာ ခြင်း…

"ဒိုင်း…အား…ဝုန်း…"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်မောင်းတဲ့သူကို ထိမှန်ပြီး ဆိုင်ကယ်ပါ မှောက်သွားတော့သည်။

"မောင်လေးသွားကြမယ်"

ကရဏာတို့ နောက်ကိုလိုက်ခဲ့သော ဆိုင်ကယ် (၂)စီးကတော့ အဆုံးသတ်သွားပေမယ့် ကားတစ်စီးနှင့် လူ(၁၀)ယောက်ခန့်ကို ဆက်ပြီး ရင်ဆိုင်ရမည်ဖြစ်သည်။

တံတားတစ်ဖက်မှ လမ်းမကြီးဆီသို့ ရောက်ချိန်တွင် ညနေစောင်းပြီး မှောင်စပျိုးချိန်ဖြစ်သည်။

"အစ်ကို ဒီဘက်တွေက အိမ်တွေလည်းမတွေ့ရဘူးနော်၊ ရှင်းလင်းနေတာပဲ၊ တွေ့ရတဲ့အိမ်တွေကလည်း အဝေးကြီးမှာဆိုတော့ ဘယ်လိုလုပ်ပြီး အကူအညီတောင်းမလဲ"

"မမ ကျွန်တော်တို့ လမ်းမကြီးပေါ်ကို ရောက်ဖို့လိုသေးလား"

"လိုသေးတယ်...ဟာ..."

ကားမှာ ဓါတ်ဆီကုန်သွားပြီဖြစ်သဖြင့် ထိုးရပ်သွားသည်။

"တကယ့် အရေးကြီးမှ ဓါတ်ဆီပြတ်ရတယ်လို့"





"မေမေ ဟိုမှာကားမီးရောင်"

"သူတို့ လိုက်လာကြပြီနဲ့တူတယ်"

"မမနဲ့ 'နိုင်'တောထဲကနေဖြတ်ပြီးပြေးမယ် လမ်းမအတိုင်းဆိုရင် ...တို့လက်ကလွတ်မှာ မဟုတ်ဘူး"

ကားကိုထားရစ်ခဲ့ပြီး တောလမ်းအတိုင်းပြေးခဲ့ကြရတော့သည်။ ...ာထဲကိုရောက်တော့ မိုးချုပ်နေလေပြီ၊ အားလုံးလည်းမောပန်းနေကြ...

"ကိုကိုနဲ့မေမေ သမီးဆက်ပြီးမပြေးနိုင်တော့ဘူး၊ ခြေထောက်တွေ...ကျင်နေပြီ"

"ရှေ့နားကျရင် နားကြတာပေါ့ကွာ၊ ဒီနေရာက နားလို့မကောင်း... ချုံတွေအရမ်းကို ထူနေတယ်"

ရှေ့နားရောက်တော့မှ နှစ်ပေါင်းကြာမြင့်စွာ ရှိနေသည့် သစ်ပင်...အောက်တွင် ခြေပစ်လက်ပစ်နားနေလိုက်တော့သည်။

"နိုင်...ဗိုက်ဆာနေပြီလား"

"ဘယ်လိုပြောလိုက်တာလဲ အစ်ကိုရယ်... ဆာတာမှ ဗိုက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်နေတာပဲ၊ ရေလည်းဆာလိုက်တာ"

"သမီးရယ်…ဒီလောက်အန္တရာယ်တွေကြားမှာ သည်းခံပါဦး"

"ကျွန်တော် ရေရှာဦးမယ်"

"ဟင့်အင်း..ရှာမနေနဲ့တော့အစ်ကို…ဒီလောက်အမှောင်ကြီး ထဲမှာ အန္တရာယ်များတယ်"

"ရှပ်…ရှပ်…"

"ဟင်…ဟာ…အဲ…"

သူတို့နားသို့လှမ်းလာသော ခြေသံကို ကြားလိုက်ရသဖြင့် အမှောင်ထုထဲတွင်ကြည့်လိုက်ရာ ရသေ့ကြီးတစ်ပါး ကြွလာသည်ကို တွေ့လိုက်ရသည်။ သူတို့နားသို့ရောက်တော့…

"ဒုက္ခနဲ့ကြုံလာကြသူတွေဖြစ်မယ်"

"တင်ပါ့ဘုရား တပည့်တော်တို့ကို လူဆိုးတွေလိုက်ပြီး သတ်ဖြတ်နေကြလို့ပါ"

"ကဲ…ကဲ… အဘနောက်ကိုလိုက်ခဲ့ကြတော့"

ရသေ့ကြီးခေါ်ဆောင်သွားသော နောက်ကိုလိုက်သွားရင်း ဘ





ကျောင်းလေး တစ်ခုဆီသို့ ရောက်ခဲ့သည်။

"အဘကိုယ်တိုင်က သစ်သီးဝလံပဲ စားသောက်တာဆိုတော့ မင်းတို့ကို ကျွေးစရာ ဒါတွေပဲရှိတယ်… စားကြကွယ်"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

"လူသတ္တဝါတွေကို ကယ်တင်နေတဲ့သူပါ၊ ကျေးဇူးမတင်ပါနဲ့ကွယ်၊ အဘခုလို ကျွေးမွေးတဲ့ပေါ်ကို သိတတ်ရင် ငါတို့ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ပေးပါ။ ကုသိုလ်တွေပြုပြီး အကုသိုလ်တွေကို ရှောင်ရှားကြပါ"

"မှန်ပါ့… ရှောင်ရှားပါ့မယ်ဘုရား"

"စိတ်ချစမ်းအိပ်…အဘကရှေ့သစ်ပင်မှာ တရားထိုင်ရဦးမှာ၊ မင်းတို့ကို အန္တရာယ်ပြုမယ့်သူတွေ ဒီဘက်ကို မလာဝံ့ကြပါဘူးကွယ်"

ကရုဏာတို့ (၃) ယောက်စလုံး စိတ်ပန်း လူပန်းနှင့် တဲလေးပေါ်တွင် လှဲနေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်းခန်း

ရသေ့ကြီးကျောင်းတဲလေးမှာ အရဏ်အလင်းရောက်သည်နှင့် ထွက်ခဲ့ကြတော့သည်၊ ရသေ့ကြီး ညွှန်ကြားပေးသော တောလမ်းအတိုင်း လာခဲ့ကြသည်။

"အစ်ကို ညကသေနတ်သံကြားတယ်နော်"

"ကြားလိုက်တယ် ဟိုဦးပေါသျှမ်းတို့အဖွဲ့ လာပြီလို့ထင်ပြီး အခြေအနေကြည့်တော့ ရသေ့ကြီးပိုင်နက်ထဲကို တစ်ယောက်မှ ဝင်လာတာ မတွေ့ရဘူး··ဘာကြောင့်လဲတော့မသိဘူး"





"ရသေ့ကြီးရဲ့ ဘုန်းတန်ခိုးကြောင့်နေမှာပေါ့"

"ကျွန်တော့်အထင် ကြောက်စရာအရာ တစ်ခုခုရှိနေလို့ မဝင်ရဲတာဖြစ်မယ်"

"မမတို့ကို ရသေ့ကြီးပြောလိုက်တာ မှတ်မိလားမောင်လေး"

"မှတ်မိပါတယ် ကျွန်တော်တို့ အန္တရာယ်တွေကို ကာကွယ်ပေးမယ့် သူ့သားတစ်ယောက်ကို ထည့်ပေးလိုက်မယ်တဲ့"

"ထည့်ပေးမယ်သာပြောတယ် တစ်ယောက်မှကို မတွေ့ဘူးနော်"

"ကိုကိုတို့ မတွေ့နိုင်လို့နေမှာပေါ့"

တောလမ်းကလေးအတိုင်း လျှောက်လာကြရင်း····

"ဟား···ဟား···ဟား···"

"ဟင်···"

ကရုဏာတို့ ရှေ့တွင် ဝိတ်ပြီးစောင့်နေသော ဦးပေါသျှမ်းနှင့် ခွန်ပေါသျှမ်းတို့ အဖွဲ့ကို တွေ့လိုက်ရသည်။

"ညကတည်းက မင်းတို့ကိုဖမ်းချင်နေတာ၊ ရသေ့ကြီးနယ်မြေထဲကို မဝင်ရဲလို့ အပြင်ကနေ စောင့်ပြီးနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလည်း ငါတို့ဆီက ယူသွားတဲ့ ရွှေဆင်ရုပ်ထုလေး"

"ဒီပစ္စည်းဟာ ဘုရားအတွက်ပစ္စည်းလေးတစ်ခုပါ၊ ရှင်တို့အနေနဲ့ ပြန်ပြီးမယူပါနဲ့၊ ရှင်တို့ ငွေလိုချင်ရင် ကျွန်မပေးပါ့မယ်"

"ငါတို့က ငွေကိုတင်မကဘူး လူကိုလည်းယူချင်တာ၊ ဟိုကောင်မလေး အလှတွေက စွဲမက်ဖို့ကောင်းလွန်းလို့ပါ ဟား...ဟား..."

"လူယုတ်မာတွေ မင်းတို့ပစ္စည်းရရင် ကျေနပ်ပါ၊ လူတွေကို ဒုက္ခမပေးပါနဲ့"

"ဟော့ကောင် မင်းနဲ့ငါကလည်း စာရင်းရှင်းစရာရှိတယ်"

"ကောင်လေး ကြာတယ် ခေါ်စရာရှိတာခေါ် ရှင်းစရာရှိတာကို ရှင်း"

"ဖေဖေနဲ့ ကျုပ်က တစ်ယောက်စီ ခွဲတမ်းချရမလို ဖြစ်နေပြီ"

"မင်းက အမေရော သမီးရောဆိုတော့ များတာပေါ့ကွာ၊ ဖေဖေကြီးအတွက်လည်းထားပါဦး"

"ဟိုကောင်တွေ သွားပြီးဆွဲခေါ်စမ်း"

"မေမေ... အစ်ကို..."





"ဂူး...ဂူး..."

"အမေ့...ဟာ...ဟင်..."

"ဆင်ရိုင်း...ရိုင်းကြီး"

တောစပ်ထဲမှ ကြောက်စရာကောင်းသော ဆင်ရိုင်းကြီးတစ်ကောင် ပြေးလာသောကြောင့် ဦးပေါ်သျှမ်းတို့အားလုံး ဘေးဘက်တွေဆီကို ပြေးကုန်တော့သည်။

"မမနဲ့ နိုင်တို့လာကြ"

ကရုဏာတစ်ယောက် ချောက်ထဲကို ဆင်းပြေးတော့သည်။

"ကိုကို့လက်ကို မြဲမြဲဆုပ်ထားနော်"

"ဟုတ်ကဲ့"

အောက်ခြေထိ သတိနှင့်ဆင်းခဲ့ပြီး အောက်ဆီသို့ရောက်တော့ ချောင်းငယ်လေးတစ်ခုကို ထပ်ပြီးတွေ့လိုက်ရပြန်သည်။

"ဒိုင်း...ဒိုင်း..."

ကရုဏာတို့ကို အပေါ်ဆီမှ လှမ်းပြီးပစ်နေသောကြောင့် ဘေးဘဏီသစ်ပင်ကွယ်မှာ ပုန်းနေလိုက်ရသည်။ကရုဏာလက်ထဲက ပစ္စတို



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျည်ကုန်သွားပြီ ဖြစ်သဖြင့် ဘာမှအသုံးမဝင်တော့ပေ။

ဦးပေါ်သျှမ်း၊ ခွန်ပေါ်သျှမ်းနှင့် သူ့လူ (၅)ယောက် ကရုဏာတို့ဆီကို တဖြည်းဖြည်း ကပ်လာပြီး…

"ဒီကောင့် သေနတ်မှာ ကျည်ဆန်မရှိတော့ဘူးဟေ့"

ခွန်ပေါ်သျှမ်း သဘောပေါက်သွားပြီး သူ့လူတွေကို ခေါ်[illegible]ကာ ကရုဏာတို့ဆီကို ပြေးပြီးလာကြတော့သည်။

ဒီတစ်ခါတော့ ပြေးပေါက်မရှိတော့ပေ…

"မမနဲ့ နိုင် လွတ်အောင်ပြေးတော့ ကျွန်တော်ဆီးပြီး ရင်ဆိုင်ထားမယ်"

ကရုဏာ အသက်နဲ့ရင်းပြီး ရင်ဆိုင်ဖို့ပြင်ဆင်ထားကာ…သစ်ပင်ကွယ်မှ ထွက်လိုက်သည်။

"ဒိုင်း…ဒိုင်း…ဒိုင်း…"

"ဟာ…"

သေနတ်သံများစွာ ပေါ်ထွက်လာသဖြင့် သစ်ပင်ကွယ်သို့ ပြန်ပြီးကပ်ကာ ကြည့်လိုက်သောအခါ ဦးပေါ်သျှမ်းနှင့် ခွန်ပေါ်သျှမ်းတို့





အားလုံးကို ငြိမ်းချမ်းရေးတပ်ဖွဲ့တွေက ဝိုင်းရံထားပြီးဖြစ်သည်။

"မင်းတို့ကို ဖမ်းချင်နေတာကြာပြီ ခုမှပဲ တိုက်တိုက်ဆိုင်ဆိုင် လေးဖမ်းရတော့တယ်"

"ငါက ဘာအပြစ်တွေလုပ်လို့ မင်းကဖမ်းရမှာလဲ"

"ဦးပေါ်သျှမ်း ခင်ဗျား ဘာတွေကျူးလွန်ခဲ့သလဲဆိုတာ သိရမှာပေါ့…ဟိုဥဒ္ဒသည်နှစ်ဦးရော ဒဏ်ရာရသေးလား"

"မရပါဘူး"

"အေးဗျာ ကျွန်တော်တို့ တပ်ဖွဲ့တွေတောထဲကို ကင်းလှည့်တုန်းခင်းတို့နဲ့တန်းပြီးတွေ့လိုက်ရတာပဲ…"

"ဆရာတို့နဲ့တွေ့လို့ပေါ့ဗျာ နို့မို့ဆိုရင် မလွယ်လှဘူး"

"ဖမ်းမိထားတဲ့ကောင်တွေကို ခေါ်ခဲ့ကြယော့ သွားကြမယ်၊ စခန်းဆိုရောက်တာနဲ့ သက်ဆိုင်ရာလက်ထဲကိုလွှဲပေးရဦးမှာ…"

"ဟူး…"

ကရုဏာ သက်ပြင်းပူလေးမှုတ်ထုတ်ပြီး…. နောက်မှလိုက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသည် ပြေနိုင်၏ ပခုံးလေးကိုဖက်ပြီး . . .

"မမရေ . . . ကျွန်တော်တို့မိသားစုရဲ့အန္တရာယ်ဆိုးကြီးက ပြီးဆုံးသွားပြီနော် . . ."

"မမရဲ့ အဖြစ်ချင်ဘူးဆန္ဒလေးလည်း ပြည့်သွားခဲ့ပြီ ဆိုပေမယ့် တစ်ခုတော့ ကျန်သေးတယ် ငါ့မောင် . ."

"ဘာများလဲ မမ . . ."

"မောင်လေးနဲ့ ခရမ်းပြာတို့ရဲ့ အနာဂတ်လေးတစ်ခုကို မမ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့လေ . . ."

ကရုဏာ . . . နှလုံးသားတွင် ချစ်ရသူ၏ ပုံရိပ်ကလေးထင်ဟပ်လာလေတော့သည်။

သူနှင့်ခရမ်းပြာတို့ဘဝသည် . . ကြည်ပြာရောင်မျက်ရည်တွေကြားမှ ရရှိလိုက်သော ဒေါ်မျိုးသီရိနိုင်၏ ကရုဏာတရားတွေပင် မဟုတ်ပါလား။

*ဂုဏ်ပရိသတ်များကိုအစဉ်လေးစားလျက်*

*ရွှေဘဝင်*



www.burmeseclassic.com